# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဒီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ ရက်၊ စနေနေ့။ Saturday, 28 October 2017 (၉၀၉၁)


**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**ဗန်ကောက် အောက်တိုဘာ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့သည် ယနေ့ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ မြန်မာသံရုံးသို့ရောက်ရှိပြီး သံအမတ်ကြီး ဦးမျိုးမြင့်သန်း၊ စစ်သံမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ခင်ဇော်၊ မြန်မာသံရုံးဝန်ထမ်းများ၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတအား သံအမတ်ကြီးက သံရုံးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် သံအမတ်ကြီး၊ စစ်သံမှူး၊ မြန်မာသံရုံးဝန်ထမ်းများ၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး သံရုံးအတွင်းလှည့်လည်ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့ဝင်များအား သံအမတ်ကြီးက နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် သံရုံးဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မြန်မာသံရုံးမှ ခေတ္တတည်းခိုသည့် Okura Prestige Hotel သို့ ပြန်လည်ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်နှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် Okura Prestige Hotel မှ မော်တော်ယာဉ်များဖြင့် ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ထိုင်းဘုရင့်လေတပ် Wing-6 သို့ ရောက်ရှိပြီး **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့အား နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။

# ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်ဖြစ်သည့် ကုန်စည်ဒိုင်များဖွံ့ဖြိုးတိုးတက်ရေး အရေးကြီး



မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် ပုံမှန်တွေ့ဆုံပွဲအခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ အမှာစကားပြောကြားစဉ်။

**ရန်ကုန် အောက်တိုဘာ ၂၇**

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် (၁၁)ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လုပ်ငန်းကော်မတီ(၅)ရပ်မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌ၊ ကချင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ တနင်္သာရီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကလေး-တမူးနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း၊ မြန်မာ့စီးပွားရေးဖိုရမ် (မြေယာလုပ်ငန်းအဖွဲ့-မြို့ပြ)၊ မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (ကြက်မွေးမြူရေးကဏ္ဍ)၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ○**




## ကြေးမုံ

# ညီညွတ်ခြင်းအားဖြင့် တည်တံ့ခိုင်မြဲ

လူ့အခွင့်အရေးချိုးဖောက်မှုများ ပြင်းပြင်းထန်ထန်ဖြစ်ပွားနေသည်ဟုဆိုကာ အနောက်အင်အားကြီးနိုင်ငံကြီးတစ်နိုင်ငံက မြန်မာနိုင်ငံအပေါ် ပစ်မှတ်ထားသည့် အရေးယူပိတ်ဆို့မှုများပြုလုပ်ရန် စဉ်းစားနေကြောင်း ယခုသီတင်းပတ်အတွင်းကြားသိလိုက်ရသည်။ ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်ပြီး ဥရောပသမဂ္ဂအပါအဝင် အိုအိုင်စီနိုင်ငံများက မြန်မာနိုင်ငံအပေါ် ဖိအားများရှိနေချိန်တွင် ထိုသို့အရေးယူပိတ်ဆို့ရန် ကြိုးပမ်းလာခြင်းသည် အပြုသဘောမဆောင်သည့် တစ်ဖက်သတ်အမြင်ဖြင့် လုပ်ဆောင်ချက်သာဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ဤကဲ့သို့သော အရေးယူပိတ်ဆို့မှုများကို ရှေးယခင် အစိုးရအဆက်ဆက်ကာလများကလည်း ကြုံတွေ့ခဲ့ပြီးဖြစ်၍ အဆန်းတကြယ်လည်းမဟုတ်၊ အံ့သြတုန်လှုပ်မိမည်လည်း မဟုတ်ချေ။ လူ့အခွင့်အရေးကိုအကြောင်းပြု၍ ၎င်းတို့မူနှင့်မကိုက်လျှင် အကျိုးစီးပွားထိခိုက်စေမည့် ဟိုလုပ်ဒီလုပ် လုပ်နေသည်မှာ ကလေးကလားဆန်လွန်းသည်ဟုပင် ကျွန်ုပ်တို့အနေဖြင့် ထင်ရမလိုပင်ဖြစ်သည်။ အမှန်တကယ်တွင် ဒီမိုကရေစီကို လိုလားပါသည်ဟုဆိုသော်လည်း ဒီမိုကရေစီကိုအကောင်အထည်ဖော်နေသော နိုင်ငံတစ်နိုင်ငံအပေါ် တူတူတန်တန်အားပေးကူညီခြင်းလည်း မရှိသေးချေ။ ၎င်းတို့၏ နိုင်ငံရေးပရိယာယ်၊ စီးပွားရေးပရိယာယ်တို့အပေါ်တွင်မူတည်ကာ လူ့အခွင့်အရေးကို အကြောင်းပြု၍ ၎င်းတို့၏ အကျိုးစီးပွားကိုရှေးရှုပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့်သဘောဖြစ်နေသည်။

ရှင်ကြီးဝမ်းလည်း ဝင်ဖူးပြီး ရှင်ငယ်ဝမ်းလည်း ဝင်ခဲ့ဖူးသည့် မြန်မာနိုင်ငံအနေဖြင့် အရင်းရှင်စနစ်၏ ဆိုးညစ်သည့် လုပ်နည်းလုပ်ဟန်များဖြင့် ဝင်ရောက်စွက်ဖက်မှုများ၊ ဖိအားပေးမှုများအပေါ် တုန်လှုပ်မိမည်မဟုတ်ချေ။ မိတ်ကောင်း၊ ဆွေကောင်းဟူသည် ဒုက္ခအခက်အခဲကြုံတွေ့နေချိန်တွင် စွန့်ပယ်မသွားဘဲ ကူညီဖေးမတတ်သူသာဖြစ်သည်။ ယနေ့လက်ရှိဖြစ်ပေါ်နေသော အခက်အခဲအကျပ်အတည်းများအပေါ် မိတ်ကောင်း၊ ဆွေကောင်းပီသစွာဖြင့် စာနာထောက်ထားသူများရှိသလို ရိုင်းပင်းကူညီကြသူများလည်းရှိသည်။ လက်တွေ့လည်းမပါ၊ စာနာစိတ်လည်းမရှိ၊ ကရုဏာလည်းမထားတတ်သူတို့၏ အကူအညီအထောက်အပံ့တို့ကို မျှော်လင့်စရာလည်း အကြောင်းမရှိချေ။ မိတ်ကောင်း၊ ဆွေကောင်းများနှင့်လက်တွဲကာ ကိုယ့်အင်ကိုယ့်အားဖြင့် အခက်အခဲအကျပ်အတည်းနှင့် စိန်ခေါ်မှုများကို ကျော်လွှားသွားကြရမည်သာဖြစ်သည်။

ထိုသို့သော ဖိအားများရှိနေချိန်တွင် ရခိုင်ပြည်နယ်အရေးကိစ္စကို ဥပဒေနှင့်အညီ တိကျစွာဖြေရှင်းရန်နှင့် ပကတိဖြစ်စဉ်အမှန်များကို စုံစမ်းစစ်ဆေးအကဲဖြတ်လေ့လာထားသည့် ကော်မရှင်များ၏ အကြံပြုချက်များအတိုင်း အလေးထားဆောင်ရွက်ရန် သန္နိဋ္ဌာန်ပြုထားပြီးဖြစ်သည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး၊ ပြန်လည်နေရာချထားရေးနှင့် ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ကော်မတီဖွဲ့စည်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည်။ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ရေးနှင့် ဒုက္ခသည်များအား ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေး၊ ဒေသဖွံ့ဖြိုးရေးနှင့်ပဋိပက္ခများ ရေရှည်ကင်းဝေးစေရေးလုပ်ငန်းများကို စတင်လုပ်ဆောင်နေသည်ကိုလည်း မြင်တွေ့နေရသည်။ ယခုဖြစ်ပေါ်နေသည့်အရေးမှာ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအရေးဖြစ်၍ နှစ်နိုင်ငံခေါင်းဆောင်များပူးပေါင်းကာ နယ်စပ်ဒေသလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးကို ဦးစားပေးဆောင်ရွက်နေပြီး ဒုက္ခသည်များ ပြန်လည်လက်ခံရေးကို နှစ်နိုင်ငံသဘောတူညီချက်နှင့်အညီ သတ်မှတ်ထားသောဥပဒေအတိုင်း အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအပေါ် လူ့အခွင့်အရေးကိုအကြောင်းပြု၍ မည်သို့ပင် ဝင်ရောက်စွက်ဖက်၊ ဖိအားများပေးနေသော်လည်း ရခိုင်ပြည်နယ်အရေးကို ရှိသည့်အင်အားဖြင့် အလေးထားဆောင်ရွက်ပေးနေသည်မှာ ထင်ရှားပါသည်။ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ တည်တံ့ခိုင်မြဲရေးအတွက် ကြုံတွေ့နေရသော အဟန့်အတားများကို ညီညွတ်သောစွမ်းအား၊ စည်းလုံးသောအင်အားတို့ဖြင့် ကျော်လွှားမှသာ အောင်မြင်နိုင်မည်ဖြစ်၍ ယနေ့အချိန်အခါသည် မြန်မာနိုင်ငံသားအားလုံး တညီတညွတ်တည်း စည်းလုံးညီညွတ်ကြဖို့ အချိန်တန်ပြီဟု အသိပေးချင်ပါသည်။ ။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများတွင် မြန်မာ့လယ်ယာ သားငါးထွက်ကုန်များ ဈေးကွက်ရရှိနိုင်ရေး ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယမန်နေ့ မွန်းလွဲပိုင်းက မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး မစ္စတာခရစ္စတိန်ရှမစ်နှင့် အဖွဲ့အား ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်ရန် ကိစ္စရပ်များ၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများတွင် မြန်မာ့လယ်ယာ သားငါး ထွက်ကုန်များအတွက် ဈေးကွက်ရရှိနိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**





## မြေပဲသီးနှံရိတ်သိမ်းချိန် လယ်ယာလုပ်သားရှားပါးပြီး လုပ်သားခဈေးမြင့်တက်

**ညောင်ဦး အောက်တိုဘာ ၂၇**

ညောင်ဦးမြို့နယ်တွင် ယခုအခါ မြေပဲကြီး၊ မြေပဲလေးရိတ်သိမ်းနေချိန်ဖြစ်သော်လည်း လယ်ယာလုပ်သားရှားပါးမှုကြောင့် လုပ်သားများတောင်းဆိုသလောက် နေ့စားခပေးခေါ်ယူနေရသည့် အခြေအနေဆိုက်နေကာ လယ်ယာလုပ်ကိုင်သူများ အခက်ကြုံနေရကြောင်း သိရသည်။

ယင်းအချိန်မှစတင်ကာ တက်လာသည့်လုပ်သားခဈေးနှုန်းမှာ ပြန်မကျတော့ဘဲ တစ်နှစ်ပတ်လုံး တက်လာခြင်းဖြစ်သည်ဟု ကံသာယာကျေးရွာမှ ဦးတင်လှိုင်က ပြောသည်။

“ကျွန်မရဲ့ယာခင်းမှာ လူငှားရင်မလွယ်ဘူး။ လူငှားရင် ယောကျ်ားသားတစ်ယောက်ကို တစ်နေကုန်လုပ်အားခ ငွေကျပ် ၅၀၀၀ ပေးရတယ်။ မိန်းမသားတစ်ယောက် တစ်နေကုန်လုပ်အားခ ငွေကျပ် ၃၅၀၀ ပေးခေါ်နေရတယ်။ ဒါကြောင့် ကျွန်မက ကိုယ့်မိသားစုနဲ့ တစ်ပိုင်တစ်နိုင် ဝိုင်းလုပ်ရတယ်။ မိုးနဲ့လေနဲ့လုပြီး အလုပ်လုပ်ကြရတော့ အလုပ်သမားဈေးကောင်းပေးငှားကြရတယ်။ တောင်သူတော်တော်များများ အခက်အခဲကြုံရပါတယ်”ဟု တောင်သူအမျိုးသမီးတစ်ဦးက ပြောသည်။

**ကျော်ဌေး(ညောင်ဦး)**

## ထိုင်းနိုင်ငံ ဖိနပ်စက်ရုံမှ မြန်မာအလုပ်သမားများ ဆန္ဒထုတ်ဖော်ခဲ့သည့် အရေးကိစ္စအား မြန်မာသံရုံးမှ သွားရောက်ဖြေရှင်းညှိနှိုင်းပေး

**ဗန်ကောက် အောက်တိုဘာ ၂၇**

ထိုင်းနိုင်ငံ ဗန်ကောက်၌ ဖြစ်ပွားခဲ့သောADDA ဖိနပ်စက်ရုံတွင် အလုပ်လုပ်ကိုင်နေကြသည့် မြန်မာအလုပ်သမားများ ဆန္ဒထုတ်ဖော်ခဲ့သည့် အရေးကိစ္စအား မြန်မာသံရုံးမှ သွားရောက်ဖြေရှင်းညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၅ ရက် မွန်းလွဲပိုင်းက ထိုင်းနိုင်ငံ ဗန်ကောက်မြို့နယ် စမဲဒန်နယ်မြေ ဘန်ခွန်ထီယန် (၁၀) လမ်းရှိ ADDA ဖိနပ်စက်ရုံ၌ အလုပ်လုပ်ကိုင်နေသည့် မြန်မာအလုပ်သမားများ ဆန္ဒပြမှုဖြစ်စဉ်တစ်ခုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါဖြစ်စဉ်မှာ ADDA ဖိနပ်စက်ရုံမှ ပန်းရောင်ဘတ်(သက်သေခံအထောက်အထားကတ်ပြား)သက်တမ်းကုန်ဆုံးတော့မည့် မြန်မာအလုပ်သမား ၂၇၁ ဦးအား ကနဦးတွင် မြန်မာနိုင်ငံသို့ပြန်၍MoUစနစ်ဖြင့် ပြန်လည်ဝင်ရောက်အလုပ်လုပ်ကိုင်ရန် သဘောတူညီထားကြောင်း သိရကာ အလုပ်သမားတစ်ဦးလျှင်ဘတ်ငွေ ၁၂၅၀၀ နှုန်းစီ ကောက်ခံထားကြောင်း သိရသည်။

သို့ရာတွင် စက်ရုံဘက်မှ လုပ်ငန်းခွင်၏လိုအပ်ချက်အရ အလုပ်သမားများကို မြန်မာနိုင်ငံသို့လွှတ်၍ MoU စနစ်ဖြင့် ပြန်ခေါ်ရန်အဆင်မပြေမှုများရှိနေသဖြင့် “မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်” CI စာအုပ်ပြုလုပ်ရန် ပြန်လည်ပြင်ဆင်ခဲ့ပြီးနောက် အေဂျင်စီတစ်ခုနှင့်ချိတ်ဆက်၍ CI စာအုပ်ပြုလုပ်ရန် ဘတ်ငွေ ၁၂၅၀၀ ကုန်ကျမည်ဟု ပြောဆိုခဲ့သောကြောင့် အလုပ်သမားများမှ ကုန်ကျငွေမှာ အဆမတန်များပြားနေသဖြင့် စက်ရုံဘက်သို့ ပြန်လည်တင်ပြရာမှအစပြု၍ အလုပ်သမားများနှင့် စက်ရုံမှတာဝန်ရှိသူများ နားလည်မှုလွဲမှားကာ မြန်မာအလုပ်သမားများက ဆန္ဒထုတ်ဖော်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ ဆန္ဒထုတ်ဖော်ရာနေရာသို့ အခင်းဖြစ်ပွားပြီး မကြာမီ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ အလုပ်သမားသံအရာရှိ ဦးမိုးအောင်ခိုင်၊ ထိုင်းနိုင်ငံရှိ အလုပ်သမားဝန်ကြီးဌာန ရုံးချုပ်(ဗန်ကောက်)မှ ညွှန်ကြားရေးမှူး မစ္စတာပါတရာဝစ်အဖွဲ့နှင့် ထိုင်းနိုင်ငံရှိ ဆဝါဒီကန်ရုံးမှ ခရိုင်ညွှန်ကြားရေးမှူးအရာရှိများက သွားရောက်ဖြေရှင်းညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**(ပွင့်သစ္စာ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၂၇**

ရန်ကုန်(ရွှေဈေး) ၉၂၉၀၀၀ - ၉၂၉၀၀၀ မန္တလေး(ရွှေဈေး) ၉၂၉၀၀၀ - ၉၂၉၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၃၀/၇၅၀ ကျပ်၊ | ၇၆၅/၇၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၈၅/၇၉၀ ကျပ်၊ | ၈၈၅/၈၉၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၃၅/၇၅၀ ကျပ်၊ | ၇၉၅/၈၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၅၀/၇၇၀ ကျပ်၊ | ၇၈၅/၇၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၈၀/၆၈၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၀၅/၇၁၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၇၅/၆၉၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၆.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၈၈.၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၅.၆၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၀.၉၈၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၂၂.၁၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၀၆၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၉၆.၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀.၇၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၃.၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၇.၈၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့
themirror.npt@gmail.com
www.facebook.com/themirrordaily

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး) (၂၃)ကြိမ်မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင် ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၇**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး)တို့မှ ၁၃၇၆-၁၃၇၇ ခု ပညာသင်နှစ်တွင် သာသနတက္ကသီလဓမ္မပါရဂူ(Ph.D)ဘွဲ့ တစ်ပါး၊ သာသနတက္ကသီလ မဟာဓမ္မာစရိယ(M.A)ဘွဲ့ ၁၁ ပါးနှင့် သာသနတက္ကသီလဓမ္မာစရိယ(B.A)ဘွဲ့ ၁၁၆ ပါးရရှိတော်မူသော ဆရာတော်၊ သံဃာတော်၁၂၈ ပါးတို့အား ဘွဲ့ဆက်ကပ်မည့်(၂၃)ကြိမ်မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင် အခမ်းအနားကို ၁၃၇၉ ခုနှစ် နတ်တော်လပြည့်နေ့ (၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၃ ရက် တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမကြီး၌ ကျင်းပမည်ဖြစ်ရာ ဘွဲ့ခံယူတော်မူမည့် သံဃာတော်များထံသို့ ပင့်လျှောက်လွှာများကို စာတိုက်မှတစ်ဆင့် ပေးပို့ ဆက်ကပ်ထားပြီးဖြစ်ပါသည်။

ပင့်လျှောက်လွှာ လက်ခံရရှိခြင်းမရှိပါကလည်း ဘွဲ့နှင်းသိမ်ဓမ္မာရုံသို့ ဒီဇင်ဘာ ၁ ရက်အရောက် အချိန်မီ ကြွရောက်တော်မူပါရန် ဘွဲ့ခံသံဃာတော်များအား သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက နှိုးဆော်ပင့်လျှောက်ထားကြောင်းနှင့် မဟာဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြတ်စွာဘုရားတစ်ဆူ အပါအဝင် ပင့်သံဃာတော် ၁၁၆ ပါး၊ ဘွဲ့ခံသံဃာတော် ၁၂၈ ပါး စုစုပေါင်း ၂၄၅ ပါးတို့ကို ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်ဖြစ်၍ ဆွမ်းဆန်စိမ်းလောင်းလှူလိုသော ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် တစ်ဦးချင်း ပုဂ္ဂလိက အလှူရှင်များအနေဖြင့် အတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဆွမ်းဆန်စိမ်းလောင်းလှူရေးကော်မတီ ဖုန်း-၀၁ ၂၃၀၁၉၇၉ ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဖုန်း- ၀၉ ၂၃၀၀၀၇၃၊ ၀၁ ၆၆၁၂၇၅၊ ၀၁ ၆၆၄၃၉၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအား နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) သမဝါယမတန်ဆောင်း (အောက်ထပ်) ကမ္ဘာအေးကုန်းမြေသို့ နိုဝင်ဘာ ၂၇ ရက်နောက်ဆုံးထားပေးပို့လှူဒါန်းနိုင်ပါကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




ပြန်ကြားရေးဝန်ကြီးဌာန

ကလေးစာပေပွဲတော်

ကလေးစာပေပြပွဲနှင့်စာအုပ်ဈေးရောင်းပွဲ

၂၀၁၇-ခုနှစ်၊ အောက်တိုဘာလ (၂၉)ရက်၊ တနင်္ဂနွေနေ့ နံနက် (၇:၃၀)နာရီမှ ညနေ (၅)နာရီအထိ

အ.ထ.က (၁)၊ ပြည်မြို့


**✻ ရွှေဖုံးမှ**

ထိုမှတစ်ဆင့် အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ ညနေ ၄ နာရီ ၄၅ မိနစ်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့ဝင်များအား ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Jukr Boon-Long နှင့် ဇနီးနှင့်တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**




နိုင်ငံတော်သမ္မတဦးထင်ကျော်နှင့်ဇနီးတို့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ မြန်မာနိုင်ငံသံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ကြစဉ်။

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် စစ်ကိုင်းကျောင်းဆင်းများအား တာဝန်ပေးအလုပ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၇**





ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)မှ ယနေ့အထိ ဝိဇ္ဇာဘွဲ့၂၆၃ ဦး၊ သိပ္ပံဘွဲ့ ၅၁၆ ဦး၊ A.G.T.I ဒီပလိုမာ ၃၆၃ ဦး စုစုပေါင်း ၁၁၄၂ ဦး တို့အား ဝန်ကြီးဌာန ၁၅ ခုမှာ ဝန်ထမ်းကောင်းများအဖြစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးတာဝန်များကို အသီးသီးထမ်းဆောင်လျက်ရှိကြပါကြောင်း၊ သင်တန်းဆင်းပြီးသူများထဲမှ မဟာဘွဲ့ ၁၀၇ ဦး၊ မဟာသုတေသနဘွဲ့ ၂၈ ဦး၊ B.E ဘွဲ့ ၈၃ ဦး၊ M.E ဘွဲ့ ၁၅ ဦး၊ Ph.D ဘွဲ့ ၁၅ ဦးကို အောင်မြင်စွာ မွေးထုတ်ပေးနိုင်ခဲ့သလို တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၆၂ မျိုး သင်တန်းဆင်းခဲ့ကြပြီးဖြစ်ကြောင်း ယနေ့နံနက် ၉နာရီက ကျင်းပသော ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်စစ်ကိုင်း၏ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် နည်းပညာဘွဲ့(B.Tech)နှင့် A.G.T.I ဒီပလိုမာ သင်တန်းတို့၏ ဘွဲ့နှင်းသဘင် အခမ်းအနားတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းများအနေဖြင့် ဝန်ကြီးဌာနအသီးသီးတွင် နိုင်ငံတော်၏ တာဝန်အမျိုးမျိုးကို ထမ်းဆောင်နေကြပြီဖြစ်သည့်အတွက် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်၏ ပညာရေး ရည်မှန်းချက်နှင့်အညီ လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းအတွင်းမှ Long Life Learning အနေဖြင့် ယခုထက်ပိုမိုမြင့်မားသည့် မဟာဘွဲ့သင်တန်း၊ ပါရဂူဘွဲ့သင်တန်းများကို နိုင်ငံ့တာဝန်များထမ်းဆောင်ရင်း ဆက်လက်ဆည်းပူး ကြိုးစားစေလိုကြောင်း၊ နယ်စပ်ဒေသက တိုင်းရင်းသားလူမျိုးများ၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို နိုင်ငံတော်အစိုးရ အဆက်ဆက် အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံတော်အကြီးအကဲတို့၏ လမ်းညွှန်မှုကို ခံယူသည့် ဝေးလံခေါင်သီပြီး ဆက်သွယ်သွားလာရန် ခက်ခဲသည့် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်(၃၀) နှစ်ရှည် စီမံကိန်းကို မူဝါဒ (၄)ရပ်၊ ရည်မှန်းချက် (၇)ရပ်၊ လုပ်ငန်းစဉ် (၁၈)ရပ်တို့ဖြင့် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ၏ဘဝ တိုးတက်မြင့်မားစေလိုသည့် ရည်ရွယ်ချက်ဖြင့် မောင်တို့ ပညာသင်ယူခဲ့သည့် ကာလအတွင်း နိုင်ငံတော်က ၁၀၀ ရာခိုင်နှုန်းပြည့်နီးပါးထောက်ပံ့ခဲ့ပါကြောင်း၊ မောင်တို့ကို ဝန်ထမ်းကောင်းတစ်ယောက်ဖြစ်ဖို့အတွက် လိုအပ်သည့် အသိပညာ၊ အတတ်ပညာ အရည်အချင်းများ ပြည့်ဝအောင် ခံယူရမည့် သဘောတရားများကိုလည်း သိရှိအောင် သင်ကြားပို့ချပေးခဲ့ပြီး ဖြစ်ကြောင်း။

သင်တန်းပြီးဆုံး၍ မိမိတို့တာဝန်ကျရာဒေသများတွင် တာဝန်ထမ်းဆောင်ကြသည့်အခါ ဌာနတာဝန်များအပြင် ဒေသဖွံ့ဖြိုးရေးနှင့် ဒေသခံပြည်သူများအကြား မှန်ကန်သော ခံယူချက်၊ ယုံကြည်ချက် ပြန့်ပွားလာအောင် ပြုစုပျိုးထောင်ပေးသွားရမှာဖြစ်ကြောင်း၊ " ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး"ဆိုသည့် ဒို့တာဝန်အရေး(၃)ပါးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အမြဲမှန်ကန်ပြီး မရှိမဖြစ်အရေးကြီးသော လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသဖြင့် တိုင်းရင်းသားလူမျိုးများဆီမှာ မှန်ကန်သောပြည်ထောင်စုစိတ်ဓာတ်၊ အတွေးအခေါ် ခံယူချက်များဖြစ်လာအောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းအလိုက် ထူးချွန်ဆုရ ကျောင်းသားများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ပြီး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း)မှ ကျောင်းဆင်းကျောင်းသားများဖြစ်သော B.Tech ဘွဲ့ရ ကျောင်းသား ၁၃၉ ဦး၊ A.G.T.I ဒီပလိုမာ ၇၃ ဦး စုစုပေါင်း ၂၁၂ ဦးတို့အား ယခင်နှစ်များနည်းတူ ဝန်ကြီးဌာန ၁၀ ဌာနသို့ တာဝန်ပေးအလုပ်ခန့်အပ်လွှာပေးအပ်ပွဲ ဆက်လက်ကျင်းပရာ တက်ရောက်လာသော ဝန်ကြီးဌာနကိုယ်စားလှယ်များက ပေးအပ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ကျောင်းသားကိုယ်စားလှယ် တစ်ဦးစီက လက်ခံရယူခဲ့သည်။ အခမ်းအနားအပြီးတွင် တက်ရောက်လာကြသော ဌာနဆိုင်ရာအကြီးအကဲများ၊ ကျောင်းသားများနှင့် မိဘများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က သင်တန်းဆင်း ကျောင်းသားများအား ညနေစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အမေရိကန်သမ္မတဟောင်း ဂျွန်အက်ဖ်ကနေဒီ လုပ်ကြံခံရမှုဆိုင်ရာ မှတ်တမ်းများ ပြည်သူသို့ ချပြ

**ဝါရှင်တန် အောက်တိုဘာ ၂၇**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ၁၉၆၃ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် သမ္မတဟောင်း ဂျွန်အက်ဖ်ကနေဒီ လုပ်ကြံသတ်ဖြတ်ခံရသည့် ဖြစ်စဉ်နှင့် ဆက်စပ်သော စာရွက်စာတမ်း ၃၀၀၀ နီးပါးကို ပြည်သူလူထုသို့ ချပြရန် ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရသိရသည်။

သမ္မတဟောင်းလုပ်ကြံသတ်ဖြတ်ခံခဲ့ရသည့် ဖြစ်စဉ်သည် အမေရိကန်အစိုးရအနေဖြင့် ပြည်သူများသို့ ချပြရန် ကျန်ရှိနေသေးသည့် နောက်ဆုံးလျှို့ဝှက်စာရွက်စာတမ်းများပင်ဖြစ်သည်။ သို့သော် အချို့သော စာရွက်စာတမ်းများကို အမျိုးသားလုံခြုံရေးအတွက် ချပြမည်မဟုတ်ပေ။

၁၉၆၃ ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင် သမ္မတဟောင်း ကနေဒီအား မရိန်းတပ်ဖွဲ့ဝင်ဟောင်း လီဟာဗေးအိုစ်ဝက်ဒ်က အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ် ဒါးလက်စ်မြို့၌ သေနတ်ဖြင့် လုပ်ကြံပစ်သတ်ခဲ့သည်။ အဆိုပါလုပ်ကြံသတ်ဖြတ်မှုတွင် သေနတ်သမားတစ်ဦးတည်းသာ ပါဝင်ခဲ့သည်ဟု စုံစမ်းစစ်ဆေးရေးကော်မတီက ထွက်ဆိုခဲ့သည်။

၁၉၉၂ ခုနှစ်ဥပဒေအရ သမ္မတအားလုပ်ကြံသတ်ဖြတ်ခြင်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးခြင်းအပါအဝင် စာရွက်စာတမ်းများအားလုံးကို နောင်နှစ်ပေါင်း ၂၅ နှစ်ကြာမှသာ ပြည်သူလူထုသို့ ချပြရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ နိုဝင်ဘာ ၂၆ ရက်သည် ပြည်သူသို့ ချပြရန် ကျရောက်သည့်နေ့ဖြစ်သည်။

သမ္မတဒေါ်နယ်ထရန့်၏ ခွင့်ပြုချက်ဖြင့် အစိုးရ အများပြည်သူဆိုင်ရာမှတ်တမ်းများအား ထိန်းသိမ်းသည့် အမျိုးသားမော်ကွန်းတိုက်က သမ္မတလုပ်ကြံသတ်ဖြတ်ခြင်းဆိုင်ရာမှတ်တမ်း ၂၈၉၁ ရွက်ကို ပြည်သူများသို့ အောက်တိုဘာ ၂၆ ရက်တွင် ချပြခဲ့သည်။ အချို့သော စာရွက်စာတမ်းများသည် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်စေသည့်အတွက် ဆက်လက်လျှို့ဝှက်ထိန်းသိမ်းထားမည်ဖြစ်ကြောင်း သိရသည်။

သမ္မတထရန့်က အဆိုပါစာရွက်စာတမ်းများကို ပြည်သူသို့ ချပြရန် ဆုံးဖြတ်ချက်မချမှတ်မီ ပြည်သူသို့ ချပြရန် သင့်၊မသင့်ကိုမူ အစိုးရအေဂျင်စီများအား ပြန်လည်ဆန်းစစ်စေခဲ့သည်။



သမ္မတဟောင်းလုပ်ကြံသတ်ဖြတ်ခံရသည့် မှတ်တမ်းများတွင် လီဟာဗေးအိုစ်ဝက်ဒ်သည် ရုရှားအပါအဝင် ကျူးဘားတာဝန်ရှိသူများနှင့် ဆက်သွယ်မှုရှိကြောင်း သိခဲ့ရသည်။ သို့သော် လုပ်ကြံသတ်ဖြတ်မှုနှင့်ပတ်သက်ပြီး လီဟာဗေးအိုစ်ဝက်ဒ်အပြင် အခြားတစ်ဦးတစ်ယောက် ပါဝင်ပတ်သက်သည့် သက်သေအထောက်အထား မတွေ့ရှိရကြောင်း ကျွမ်းကျင်ပညာရှင်များက ဆိုသည်။

**အင်န်အိတ်ချ်ကေ။**



# ဖမ်းဆီးထားသည့် တောင်ကိုရီးယား ငါးဖမ်းရေယာဉ်ကို မြောက်ကိုရီးယား ပြန်လွှတ်ပေး

**ပြုံယမ်း အောက်တိုဘာ ၂၇**

မြောက်ကိုရီးယားနိုင်ငံက ၎င်းတို့ ဖမ်းဆီးထားသည့် တောင်ကိုရီးယားငါးဖမ်း မော်တော်အား အောက်တိုဘာ ၂၇ ရက်တွင် ပြန်လွှတ်ပေးခဲ့ကြောင်း ကြေညာချက်ထုတ်ပြန်သည်။ အရှေ့ပင်လယ်အတွင်းရှိ မြောက်ကိုရီးယားနိုင်ငံက ထိန်းချုပ်သည့် ရေပြင်ပိုင်နက်အတွင်း၌ တရားမဝင် ငါးခိုးဖမ်းခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

တောင်ကိုရီးယား ငါးဖမ်းရေယာဉ်သည် မြောက်ကိုရီးယားနိုင်ငံပိုင် ရေပြင်ပိုင်နက်အတွင်းသို့ ချင်းနင်းဝင်ရောက်ခြင်းကြောင့် ဖမ်းဆီးရခြင်းဖြစ်ကြောင်း ကိုရီးယားဗဟိုသတင်းဌာန (ကေစီအင်န်အေ) က အောက်တိုဘာ ၂၁ ရက်နှောင်းပိုင်းတွင် ထုတ်ပြန်ကြေညာသည်။

တောင်ကိုရီးယား ငါးဖမ်းရေယာဉ်မှ အဖွဲ့သားများအား စစ်ဆေးချက်အရ ၎င်းတို့သည် ပြစ်မှုကို ရိုးသားစွာ ကျူးလွန်သူများဖြစ်ပြီး ၎င်းတို့က အကြိမ်ကြိမ်ဝန်ချတောင်းပန်မှုကြောင့် လူသားချင်းစာနာ ထောက်ထားသည့် ရှုထောင့်မှ သုံးသပ်ကာ ၎င်းတို့ကို ပြန်လည်လွှတ်ပေးရန် မြောက်ကိုရီးယားက ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ကေစီအင်န်အေသတင်းတွင် ဖော်ပြသည်။

ဖမ်းဆီးခံ တောင်ကိုရီးယား ငါဖမ်းရေယာဉ်နှင့် ရေယာဉ်လုပ်သားများအား အောက်တိုဘာ ၂၇ ရက် မွန်းလွဲပိုင်းတွင် အရှေ့ပင်လယ်တွင်းရှိ တောင်နှင့်မြောက်နှစ်နိုင်ငံ စစ်ရေးဆိုင်ရာ နယ်စပ်ဒေသအဖြစ် သတ်မှတ်ထားသည့် နေရာတွင် မြောက်ကိုရီးယားတာဝန်ရှိသူများက ပြန်လည် လွှတ်ပေးခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**

# အီဂျစ်နိုင်ငံအနောက်ပိုင်း သဲကန္တာရဒေသတွင် စစ်သွေးကြွ ၁၂ ဦးကို လုံခြုံရေးတပ်ဖွဲ့ ချေမှုန်း

**ကိုင်ရို အောက်တိုဘာ ၂၇**

အီဂျစ်လုံခြုံရေးတပ်ဖွဲ့များက နိုင်ငံအနောက်ဘက်ပိုင်း သဲကန္တာရဒေသတွင် စစ်သွေးကြွ ၁၂ ဦးအား ချေမှုန်းခဲ့ကြောင်း၊ ယင်းနေရာမှာ လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက စစ်သွေးကြွများ၏ ပစ်ခတ်မှုကြောင့် အီဂျစ်ရဲတပ်ဖွဲ့ဝင် ၁၆ ဦး သေဆုံးခဲ့ရသည့် နေရာဖြစ်ကြောင်း အီဂျစ်အစိုးရသတင်းဌာန မီနာက သတင်းထုတ်ပြန်သည်။

ဝါဒီအယ်လ်ဂါဒစ်ပြည်နယ်မှ ဝါဟတ်သဲကန္တာရလမ်းအနီးတွင် အောက်တိုဘာ ၂၇ ရက် နံနက် အစောပိုင်းက အီဂျစ်အစိုးရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စစ်သွေးကြွများအကြား အပြန်အလှန် ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီး အလွန်တရာ အန္တရာယ်ကြီးမားသည့် စစ်သွေးကြွ ၁၂ ဦး သေဆုံးခဲ့ကြောင်း အီဂျစ်ပြည်ထဲရေးဝန်ကြီးဌာန၏ ကြေညာချက်ကို ကိုးကား၍ မီနာ၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြသည်။

အကြမ်းဖက်သမားများနှင့် အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားရာအရပ်သည် မြို့တော်ကိုင်ရိုနှင့် ကီလိုမီတာ ၆၀၀ ခန့်အကွာတွင် ဖြစ်ကြောင်း မီနာသတင်းတွင် ဖော်ပြသည်။

အီဂျစ်နိုင်ငံတွင် အစ္စလာမ္မစ်ဝါဒီ သမ္မတ မိုဟာမက်မော်စီအား အီဂျစ်စစ်ဘက်မှ ၂၀၁၃ ခုနှစ် ဇူလိုင်လအတွင်းက ရာထူးမှ ဖယ်ရှားခဲ့ပြီးနောက်ပိုင်းတွင် လက်နက်ကိုင် စစ်သွေးကြွများ၏ လှုပ်ရှားမှုများ အဆက်မပြတ်ဖြစ်ပေါ်လာပြီး ၎င်းတို့၏ တိုက်ခိုက်မှုများကြောင့် အီဂျစ်ရဲတပ်ဖွဲ့ဝင်များနှင့် စစ်သည်များရာနှင့်ချီသေဆုံးခဲ့ရသည်။ အစ္စလာမ္မစ်ဝါဒီ သမ္မတမော်စီသည် ၎င်း၏ တစ်နှစ်တာ သက်တမ်းရှိသည့် အုပ်ချုပ်မှုအတွင်း ကြီးမားသည့် လူထုဆန့်ကျင် ဆန္ဒပြမှုများနှင့် ကြုံတွေ့ခဲ့ရသည်။

**ဆင်ဟွာ။**



# ခရိုက်တိုငွေကြေး ထုတ်ဝေမည်ဆိုမှု အိန္ဒိယစီးပွားရေးအရာရှိချုပ် ငြင်းဆို

**နယူးဒေလီ အောက်တိုဘာ ၂၇**

အိန္ဒိယနိုင်ငံသည် ဘစ်ကွိုင်(Bitcoin) ကဲ့သို့သော ‘ခရိုက်တိုငွေကြေး’ (Cryptocurrency) ထုတ်ဝေရန် သုံးသပ်လေ့လာလျက်ရှိသည်ဟု ကောလာဟလသတင်းပေါ်ထွက်ခဲ့ခြင်းမှာ ဟုတ်မှန်ခြင်းမရှိကြောင်း အိန္ဒိယစီးပွားရေးအရာရှိချုပ်က ပြောကြားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

Cryptocurrency ကို ဗဟိုဘဏ်က ထုတ်ဝေရန် အဆိုပြုထားကြောင်း၊ Bitcoin နှင့် အလားသဏ္ဌာန်တူညီသော ငွေကြေးမှာ ဥပဒေအရ လက်ခံသော ငွေကြေးတစ်မျိုးဖြစ်ပြီး ‘လက်ရှ်မီး’ (Lakshmi) ဟူ၍ အမည်နာမပေးမည်ဖြစ်ကြောင်း ဘဏ္ဍာရေးအသိုက်အဝန်းအတွင်း သတင်းပေါ်ထွက်ခဲ့ကြောင်း ဘစ္စနက်စတင်းဒတ်သတင်းစာက ရေးသားဖော်ပြသည်။

လက်ရှ်မီးဟူသည် ဥစ္စာခေ ကြွယ်ဝမှုနှင့် ကံကောင်းမှု လက္ခဏာများကို ဆောင်ကြဉ်းပေးသည့် ဟိန္ဒူနတ်ဘုရားမ၏ ဘွဲ့အမည်တော်ဖြစ်သည်။

အိန္ဒိယနိုင်ငံသုံး Cryptocurrency ထုတ်ဝေရေး အဆိုပြုချက်နှင့်ပတ်သက်၍ အစိုးရတာဝန်ရှိသူများပါဝင်သော ကော်မတီတစ်ရပ်က ဆွေးနွေးခဲ့ကြကြောင်း၊ အိန္ဒိယဗဟိုဘဏ်က ယင်းငွေကြေးကို ထုတ်ဝေနိုင်ရန် ငွေကြေးအက်ဥပဒေကဲ့သို့သော ဥပဒေအချို့တွင် ပြင်ဆင်ချက်များ ပြုလုပ်ရန်လိုအပ်မည်ဖြစ်ရာ ကာလတစ်ခုအထိ အချိန်ယူကာ လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း အစိုးရတာဝန်ရှိသူများက ပြောကြားခဲ့ကြသည်။

သို့ရာတွင် ယင်းငွေကြေးကို အစိုးရထုတ်ဝေမည်မဟုတ်ကြောင်း စီးပွားရေးအကြံပေး အရာရှိချုပ် အာဗင်ဆူဘရာမာနီယန်က ပြောကြားသည်ဟု ရိုက်တာသတင်းဌာနက အောက်တိုဘာ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။ ၎င်း၏ ပြောဆိုချက်မှာ အစိုးရတာဝန်ရှိသူများ၏ ယခင်ပြောကြားချက်နှင့် ဆန့်ကျင်နေကြောင်း သတင်းတွင် ဖော်ပြသည်။

ရူပီးငွေ၏ အခြားရွေးချယ်စရာ ငွေကြေးတစ်မျိုးအဖြစ် Cryptocurrency ကို ထုတ်ဝေရန် သုံးသပ်လေ့လာလျက်ရှိသည်ဟု စက်တင်ဘာလလယ်က ကျင်းပသော အိန္ဒိယဘဏ္ဍာရေးနည်းပညာနေ့တွင် ဗဟိုဘဏ်အမှုဆောင် ညွှန်ကြားရေးမှူး ဆူဒါရှန်ဆန်းက ပြောကြားခဲ့သည်။

**ရိုက်တာ။**

# တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းများတွင် တိရစ္ဆာန်များမှ လူသို့ကူးစက်နိုင်သည့် ရောဂါများနှင့် အခြားကူးစက်ရောဂါတို့ကို စစ်ဆေးရှာဖွေခြင်း၊ ကုသမှုအတွက် အကြံပြုခြင်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၇**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆိုတစ်ခုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာ ဦးမင်းသိန်း၏ **တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းများတွင် တိရစ္ဆာန်မှတစ်ဆင့် လူကိုကူးစက်နိုင်သောရောဂါများ စစ်ဆေးပေးနိုင်ခြင်း ရှိ၊ မရှိနှင့် မည်သည့်ရောဂါများ စစ်ဆေးဆောင်ရွက်ပေးနေသည်ကို သိလိုခြင်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က မွေးမြူရေးနှင့် ကုသရေးဌာနသည် ပြည်သူများဘေးအန္တရာယ်ကင်း၍ အာဟာရပြည့်ဝသော စားနပ်ရိက္ခာဖူလုံစေရေးအတွက် တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်း၊ တိရစ္ဆာန်များအား ကုသခြင်းနှင့် ကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မွေးမြူရေးနည်းပညာများဖြန့်ဝေခြင်း၊ မျိုးရိုးဗီဇမြှင့်တင်ခြင်းနှင့် ထိန်းသိမ်းခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရန်အတွက် ကျွဲ၊ နွားများတွင် လည်ချောင်းကွဲ၊ ထောင့်သန်း၊ ပေါင်ပုပ်လက်ပုပ်၊ ခွာနာလျှာနာ၊ ဝက်ဝမ်းကျရောဂါ၊ ဝက်ခွာနာလျှာနာရောဂါ၊ ဆိတ်နှင့်ဆင်ထောင့်သန်းရောဂါ၊ အပူဒဏ်ခံကြက်လည်လိမ်ရောဂါကာကွယ်ဆေးများနှင့် ကျွဲ၊ နွားသားလျှောရောဂါဆေးများကို ထုတ်လုပ်၍ ကာကွယ်ကုသခြင်း၊ စီးပွားဖြစ်တိရစ္ဆာန်များတွင် ကူးစက်ရောဂါကာကွယ်ခြင်းနှင့် အိမ်မွေးတိရစ္ဆာန်များ ရောဂါကာကွယ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင် တိရစ္ဆာန်ရောဂါကာကွယ်ဆေးထုတ်လုပ်သည့် ဓာတ်ခွဲခန်းများ (ရန်ကုန်နှင့်ပြင်ဦးလွင်)၊ တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းများ (ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ တောင်ကြီး၊ ပုသိမ်၊ လားရှိုး၊ မူဆယ်၊ မြစ်ကြီးနား၊ ကျိုင်းတုံ၊ မုံရွာ၊ မကွေး)နှင့် တိရစ္ဆာန်အစာနှင့် ဆေးဝါးသုတေသနဌာနစိတ် (ရန်ကုန်)တို့ကို ဖွင့်လှစ်ထားပြီး တိရစ္ဆာန်ရောဂါများ ရှာဖွေစစ်ဆေးခြင်း၊ တိရစ္ဆာန်အစာနှင့် ဆေးဝါးများကို စစ်ဆေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းများတွင် တိရစ္ဆာန်များမှ လူသို့ကူးစက်နိုင်သည့် ရောဂါများဖြစ်သည့် ခွေးရူးရောဂါ၊ ထောင့်သန်းရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါ၊ သားလျှောရောဂါ၊ တီဘီရောဂါ၊ ကပ်ပါးသန်ကောင်ရောဂါတို့နှင့် အခြားကူးစက်ရောဂါတို့ကို စစ်ဆေးရှာဖွေခြင်း၊ ကုသမှုအတွက် အကြံပြုခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။



ရေဦးမဲဆန္ဒနယ်မှ
ဒေါက်တာ ဦးမင်းသိန်း



ဒုတိယဝန်ကြီး
ဦးလှကျော်



အင်ဂျန်းယန်မဲဆန္ဒနယ်မှ
ဦးလမာနော်အောင်

မွေးမြူရေးထုတ်ကုန်များဖြစ်သည့် အသား၊ ငါး၊ ဥနှင့် နို့ထွက်ပစ္စည်းများမှ လူကိုအစာအဆိပ်သင့်ခြင်းကို ဖြစ်စေနိုင်သည့် အီးကိုလီ၊ ကမ်ဖိုင်လိုဘက်တာ၊ ဆာလ်မိုနဲလား၊ စတက်ဖိုင်လိုကော့ကပ်စ်၊ ကလော့စတြီရီယမ်နှင့် မှိုဆိပ်စစ်ဆေးခြင်း၊ ကြက်ဥ၊ ဘဲဥများကို အတုအစစ်ခွဲခြားရန်စစ်ဆေးပေးလျက်ရှိပါကြောင်း၊ မွေးမြူရေးထွက်ကုန်များဖြစ်သည့် အသား၊ ဥ၊ နို့နှင့် နို့ထွက်ပစ္စည်းများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းများတွင် FAO၊ နယူးဇီလန်အစိုးရ၊ အောက်စဖို့ဒ်တက္ကသိုလ်တို့၏ အထောက်အပံ့ဖြင့် ရောဂါရှာဖွေစစ်ဆေးပေးခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

အင်ဂျန်းယန် မဲဆန္ဒနယ်မှ ဦးလမာနော်အောင်၏ **အခြေခံလူတန်းစားများနှင့် ကျေးလက်နေပြည်သူများ၏ လူမှုဘဝအထောက်အကူပြုနိုင်သည်အထိ ငါးသယံဇာတများပါးနေသော အင်းအိုင်များသို့ ငါးမျိုးစိတ်စိုက်ထည့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က မြန်မာနိုင်ငံအတွင်းရှိ ရေချိုငါးလုပ်ငန်းရေပြင်များတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများကြောင့်လည်းကောင်း၊ လူ့ပယောဂများကြောင့်လည်းကောင်း ငါးသယံဇာတများ တစ်စတစ်စလျော့နည်းလာသည့်အတွက် ပြန်လည်ဖြည့်တင်းနိုင်ရန်နှင့် ရေရှည်ငါးထုတ်လုပ်နိုင်ရန်အတွက် ရေချိုငါးလုပ်ငန်းရေပြင်များဖြစ်သည့် ဂရန်အင်းများနှင့် မြစ်ချောင်း၊ အင်းအိုင်၊ ဆည်၊ ကန်၊ ရေလှောင်တမံများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းများကို ၁၉၉၁-၁၉၉၂ ခုနှစ်မှစ၍ ၂၀၁၁ ခုနှစ် မတ်လအထိ ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ငါးမျိုးစိုက်ထည့်ရာတွင် ငါးသားဖောက်စခန်းများမှ ထုတ်လုပ်သည့် ငါးမြစ်ချင်း၊ ငါးခုံးမ၊ ရွှေဝါငါးကြင်း၊ ခေါင်းကြီးငါးကြင်း၊ မြက်စား ငါးကြင်း၊ ငါးကြင်းဖြူ၊ တီလားဗီးယား၊ ငါးခေါင်းပွစသည့် ငါးမျိုးများကို နှစ်စဉ်လျာထားချက်များ သတ်မှတ်၍ ငါးမျိုးများ စိုက်ထည့်ခဲ့ပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရသည် လက်အောက်အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းဆောင်ရွက်မှုများကို စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ရာတွင် ငါးလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂရန်အင်းနှင့် မြစ်ချောင်း၊ အင်းအိုင်၊ ဆည်၊ ကန်၊ ရေလှောင်တမံများအတွင်း သဘာဝငါးမျိုးထိန်းသိမ်းခြင်း၊ ငါးမျိုးကောင်းမျိုးသန့်များ စိုက်ထည့်ခြင်းများ ဆက်လက်ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၃-၂၀၁၄ ခုနှစ်မှ ၂၀၁၇-၂၀၁၈ ခုနှစ် ဇူလိုင်လအထိ သဘာဝမြစ်ချောင်းများ၊ ရောဝတီမြစ်၊ ဆည်၊ ကန်၊ ရေလှောင်တမံ၊ စပါးခင်းများ၊ ဌာနဆိုင်ရာများနှင့် ဂရန်အင်းများအတွင်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၇၀၄၁ သိန်းကို ငါးမျိုးစိုက်ထည့်မှု ဆောင်ရွက်ခဲ့ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ လောင်းလုံးမဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီ၊ လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်တို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

မြိုင်မဲဆန္ဒနယ်မှ ဦးအောင်ခင်ဝင်းက **ရှေ့အနာဂတ်ကာလတွင် ရိုက်နှိပ်ထုတ်ဝေရန်ရှိလာမည့် ငွေစက္ကူများပေါ်တွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံများဖြင့် ရိုက်နှိပ်ထုတ်ဝေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာတွင် ငွေစက္ကူအသစ်ရိုက်နှိပ်ထုတ်ဝေမည်ဆိုလျှင် လှည့်လည်သုံးစွဲလျက်ရှိသော ငွေပမာဏကိုလဲပေးနိုင်ရန်အတွက် လှည့်လည်သုံးစွဲလျက်ရှိသည့် ငွေပမာဏနီးပါးကို မှာကြားရိုက်နှိပ်သိုလှောင်ထားရမည် ဖြစ်ကြောင်း၊ လက်ရှိ လှည့်လည်သုံးစွဲလျက်ရှိသည့် ငွေစက္ကူများကိုလည်း ဖျက်ဆီးပစ်ရမည်ဖြစ်ကြောင်း၊ ကုန်ကျငွေ ၁၀၀ ဘီလီယံမှ ၃၀၀ ဘီလီယံအထိရှိပါကြောင်း၊ ငွေစက္ကူပုံစံအမျိုးမျိုးရှိနေလျှင် ပြည်သူများက ငွေစက္ကူအပေါ်တွင် ယုံကြည်မှုအားနည်းလာနိုင်ကြောင်းကို မြန်မာနိုင်ငံဗဟိုဘဏ်မှ ဖြေကြားထားပါကြောင်း။

ဗိုလ်ချုပ်ရုပ်ပုံပါ ငွေစက္ကူများကို မကိုင်တွယ်ရသည်မှာ ဆယ်စုနှစ်သုံးခုခန့်ရှိခဲ့ပြီဖြစ်ပါကြောင်း၊ ယခင်ထုတ်ဝေထားသော ဆင်နှင့်ခြင်္သေ့ပုံပါ ငွေစက္ကူများကို ကိုင်တွယ်လိုသူနည်းပါးပြီး ဗိုလ်ချုပ်ပုံပါ ငွေစက္ကူများကိုသာ ကိုင်တွယ်ချင်လာကြမည်ကို အထူးတလည် ပြောစရာလိုမည်မထင်ပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေစက္ကူများရိုက်နှိပ်ထုတ်ဝေမှုကို ရှေ့လာမည့် အနာဂတ်ကာလတွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံများဖြင့် ရိုက်နှိပ်ထုတ်ဝေရန် တိုက်တွန်းပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်က ထောက်ခံဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**ကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးပြီး ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် မတူပီမဲဆန္ဒနယ်မှ ဦးပါထန်းက အစီရင်ခံစာ ဖတ်ကြားတင်သွင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ၁၉၄၈ ခုနှစ် ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေးအက်ဥပဒေမှ ပြဋ္ဌာန်းချက်များသည် ခေတ်ကာလနှင့် လျော်ညီမှုမရှိသည့်အတွက် ကျင့်သုံးရန်အားနည်းခြင်းနှင့် အလုပ်သမားရေးရာဆိုင်ရာဥပဒေများ ပြဋ္ဌာန်းပြီးဖြစ်သည့်အတွက် ရုပ်သိမ်းရန်လွှတ်တော်သို့တင်သွင်း

**နေပြည်တော် အောက်တိုဘာ ၂၇**

**၁၉၄၈ ခုနှစ် ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း**အား လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် လွှတ်တော်သို့ တင်သွင်းသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စီမံခန့်ခွဲခွင့်ရှိသည့် ဥပဒေများအနက် ၁၉၄၈ ခုနှစ် ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေးအက်ဥပဒေမှ ပြဋ္ဌာန်းချက်များသည် ခေတ်ကာလနှင့် လျော်ညီမှုမရှိသည့်အတွက် ကျင့်သုံးရန်အားနည်းခြင်းနှင့် အလုပ်သမားရေးရာဆိုင်ရာ ဥပဒေများပြဋ္ဌာန်းပြီးဖြစ်သည့်အတွက် အဆိုပါဥပဒေကိုရုပ်သိမ်းရန် လွှတ်တော်သို့ တင်သွင်းခြင်းဖြစ်ကြောင်း သိရသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဗိုလ်မှူးချုပ်ခင်မောင်အေးက ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

အစည်းအဝေးတွင် ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစောချစ်ဦး၏ **ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်မြောက်ပိုင်း ဒေသခံတိုင်းရင်းသားများ သွားလာရေးလွယ်ကူစေရန် လှိုင်းဘွဲ့ချောင်း(ကြာအင်း) ချောင်းကူးသံကူကွန်ကရစ်တံတားတစ်စင်းဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ



ဗိုလ်မှူးချုပ်ခင်မောင်အေး

စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွန်းအောင်က လှိုင်းဘွဲ့ချောင်း(ကြာအင်း)ချောင်းကူးသံကူကွန်ကရစ်တံတားပေ ၂၈၀ အတွက် ကုန်ကျမည့်ငွေကျပ်သန်း ၇၇၀ ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေတွင် အဆိုပြုလျာထားပြီးဖြစ်ပါကြောင်းနှင့် ရန်ပုံငွေခွင့်ပြုမှုပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

အလားတူ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀) မှ ဦးလားလ်မင်းထန်၏ **မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်နှင့် ချင်းပြည်နယ် မတူပီခရိုင်တို့ကို အဓိကဆက်သွယ်ထားသော လမ်းပေါ်ရှိ မြစ်သာမြစ်ကူးတံတားပေ ၂၇၀ ကို သံကူကွန်ကရစ်တံတား သို့မဟုတ် ဘေလီတံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ**မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွန်းအောင်က မတူပီမြို့နယ် ဒါရ်ကြုံးကျေးရွာနှင့် ရမ်စီကျေးရွာသို့ ဆက်သွယ်ထားသည့် လူကူးကြိုးတံတားပေ ၂၇၀ ကို ကွန်ကရစ်တံတား (သို့မဟုတ်) ဘေလီတံတား တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများက ကွင်းဆင်းစိစစ်ရာတွင် မြစ်ကြောင်းအနေအထား၊ ရေစီးအား၊ ချဉ်းကပ်လမ်း၊ အကျိုးပြုရာခိုင်နှုန်းများအရ ပေ ၂၇၀ အထက် ဆောင်ရွက်ရမည့်အနေအထားတွေ့ရှိရခြင်း၊ မြစ်ကူးတံတားဖြစ်သဖြင့် ကျွမ်းကျင်ပညာရှင်များ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရန် လိုအပ်ခြင်း၊ လုပ်ငန်းပမာဏကြီးမားခြင်းတို့ကြောင့် ကျွမ်းကျင်ပညာရှင်များနှင့် မြစ်ကူးတံတားအတွေ့အကြုံ ပိုမိုများပြားသည့်ဌာနမှ တာဝန်ယူဆောင်ရွက်သင့်ကြောင်း ဖြေကြားသည်။

ထို့ပြင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၈) မှ ဦးမာန်လောမောင်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွန်းအောင်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော **စာရင်းအင်းဥပဒေကြမ်း**ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို လွှတ်တော်ဥက္ကဋ္ဌက အသိပေးတင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**မိမိဖြိုး(သတင်းစဉ်)**

# နိုင်ငံတကာမြင်ကွင်း

## ရဲရင့်လင်းလက်




**ယခင်အပတ်မှအဆက်**

အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနဲ့ ဩစတြေးလျနိုင်ငံတွေမှာ အကျိုးအမြတ်မရယူတဲ့ အဖွဲ့အစည်းတွေကို အန္တရာယ်အဆင့် သတ်မှတ်ရာမှာ အလယ်အလတ်(ဒါမှမဟုတ်) အဆင့်မြင့် သတ်မှတ်လေ့ရှိပါတယ်။ ဒါကြောင့် ဒီလိုအဖွဲ့အစည်းတွေနဲ့ပတ်သက်ပြီး အန္တရာယ်ဖြစ်နိုင်ခြေ သတ်မှတ်မှုဟာ မြင့်မားပါတယ်။ ဒါပေမယ့် အန္တရာယ်ဖြစ်နိုင်ခြေရှိတယ်လို့ သတ်မှတ်တဲ့ အကျိုးအမြတ်မရယူတဲ့ အဖွဲ့အစည်း အရေအတွက်ကတော့ နည်းပါတယ်။ ကမ္ဘာတစ်လွှား ဖြစ်ရပ်တွေကို လေ့လာကြည့်ရင် အကြမ်းဖက်မှု ပဋိပက္ခတွေဖြစ်ပွားရာ နေရာဒေသတွေအနီးမှာ အစ္စလာမ်ဘာသာရေး အခြေခံကူညီထောက်ပံ့ရေးအဖွဲ့အစည်းတွေ ရှိပါတယ်။ အကြမ်းဖက် အဖွဲ့အစည်းတွေက ဒီအစ္စလာမ်ဘာသာရေး အခြေခံကူညီထောက်ပံ့ရေး အဖွဲ့အစည်းတွေကို သူတို့ရဲ့ အိုးအိမ်နဲ့ ပညာရေးအပါအဝင် တခြား လူမှုရေးအစီအစဉ်တွေကနေ ဘဏ္ဍာငွေကြေးတွေထုတ်ပေးဖို့ ဖိအားပေး အကျပ်ကိုင်လေ့ရှိပါတယ်။

အင်ဒိုနီးရှားနိုင်ငံနဲ့ မလေးရှားနိုင်ငံတွေမှာ အင်တာနက်ကတစ်ဆင့် ဘဏ္ဍာငွေကြေးတွေ စုစည်းရယူတာမျိုးရှိပေမယ့် ကျယ်ကျယ်ပြန့်ပြန့် အတိုင်းအတာမျိုးဖြစ်နေတာတော့ မဟုတ်ပါဘူး။ ဘာလို့လဲဆိုရင် ဒီလို အင်တာနက်ကတစ်ဆင့် ငွေကြေးလှူဒါန်းမှုတွေကို ခြေရာခံစုံစမ်းရတာက အင်မတန်လွယ်ကူလို့ပါ။ ဒီလိုကိစ္စတွေမှာ ပြဿနာက တစ်ခုပဲရှိပါတယ်။ အဲဒါကတော့ ဒီအင်တာနက်အခြေခံ လှူဒါန်းမှုတွေဟာ အကြမ်းဖက်လှုပ်ရှားမှုအတွက် လှူဒါန်းတယ်ဆိုတာကို သက်သေပြဖို့ခက်ခဲတာပါ။ အကြမ်းဖက် အဖွဲ့အစည်းတွေဟာ တစ်နေရာကနေ တစ်နေရာကို ငွေအလွယ်တကူ လွှဲပြောင်းပေးပို့နိုင်အောင် နည်းပညာကို အသုံးချလာပါတယ်။ ဒီထဲမှာ သတ်မှတ်တန်ဖိုးငွေ ပေးချေမှုကတ်လည်း ပါပါတယ်။ သတ်မှတ်တန်ဖိုးငွေ ပေးချေမှု ကတ်ဆိုတာက ကိုယ်လွှဲပြောင်းပေးပို့လိုတဲ့ ငွေပမာဏအတိအကျကို ဒီကတ်ထဲမှာပဲ ထည့်ပေးထားတာပါ။ ငွေလွှဲပေးလိုတဲ့သူက ဘဏ်(ဒါမှမဟုတ်) တခြားဘဏ္ဍာရေး အဖွဲ့အစည်းတွေမှာ ငွေစာရင်းဖွင့်ထားစရာ မလိုပါဘူး။ ကိုယ်လွှဲပေးလိုတဲ့ ငွေတန်ဖိုး ပမာဏအတိအကျရှိတဲ့ ကတ်ကိုဝယ်လိုက်ရုံပါပဲ။ ဒီကတ်တွေကို တစ်နိုင်ငံကနေ တစ်နိုင်ငံဆီ အလွယ်တကူပေးပို့နိုင်သလို အကြမ်းဖက်သမားတွေကလည်း ဒီကတ်ကို အသုံးပြုပြီး ငွေကြေးကိုအလွယ်တကူထုတ်ယူနိုင်ပါတယ်။ ဘဏ္ဍာရေးဆိုင်ရာ ကျွမ်းကျင်သူတွေက ဒီအချက်ကို စိုးရိမ်စရာ အချက်အဖြစ် သတ်မှတ်ပါတယ်။

အစောပိုင်းကတင်ပြခဲ့တဲ့ ၂၀၁၆ ခုနှစ် အန္တရာယ်အလားအလာ စစ်တမ်းမှာ “ပြည်ပ အကြမ်းဖက် အဖွဲ့အစည်းတွေနဲ့သူတို့ကို ထောက်ခံသူတွေက ဘဏ္ဍာငွေကြေးတွေကို တစ်နိုင်ငံကနေ တစ်နိုင်ငံဆီ ခြေရာခံလို့ မလွယ်ကူတဲ့နည်းလမ်းတွေ အသုံးပြုပြီး ငွေလွှဲပို့ပေးတာဟာ အဓိကအန္တရာယ်တစ်ရပ်” လို့သုံးသပ်ထားပါတယ်။ နယ်စပ်ဖြတ်ကျော်ခရီးသွားလာနေသူတွေနဲ့ပတ်သက်ပြီး သက်ဆိုင်ရာ နယ်စပ်အာဏာပိုင်တွေဆီ ထောက်လှမ်းရေး သတင်းအချက်အလက်တွေသာ ကြိုတင်မပေးပို့နိုင်ခဲ့ရင် နယ်စပ်ဖြတ်ကျော်ပေးပို့နေတဲ့ အကြမ်းဖက်ဘဏ္ဍာငွေကြေးရန်ပုံငွေတွေကို သိနိုင်ဖို့ဆိုတာ မလွယ်လှပါဘူး။ ဒီလို လွှဲပြောင်းပေးပို့တဲ့ ငွေပမာဏများနေခဲ့ရင်တောင်မှ သိနိုင်ဖို့က မလွယ်ပါဘူး။ အရှေ့တောင်အာရှဒေသမှာရှိတဲ့ အာဏာပိုင်အဖွဲ့အစည်းတွေရဲ့ အကြမ်းဖက်ဘဏ္ဍာငွေကြေးရန်ပုံငွေ လွှဲပြောင်းပေးပို့မှုအပေါ် စုံစမ်းဖော်ထုတ်နိုင်စွမ်းကို သုံးသပ်ကြည့်ရင် စွမ်းဆောင်နိုင်စွမ်းရှိတယ်လို့ပဲပြောရမှာပါ။ ဒါပေမယ့် စုံစမ်းဖော်ထုတ်လို့ရရှိတဲ့ အကြမ်းဖက်ဘဏ္ဍာငွေကြေးတွေကို တရားရုံးတွေမှာ အခိုင်အမာသက်သေပြဖော်ထုတ်နိုင်စွမ်းမှာတော့ အင်ဒိုနီးရှားနိုင်ငံကလွဲလို့ ကျန်အရှေ့တောင်အာရှနိုင်ငံတွေမှာ အတော်ကြီးကို အခက်အခဲတွေ ရှိနေပါတယ်။

မလေးရှားနိုင်ငံကို ကြည့်ရအောင်ပါ။ မလေးရှားနိုင်ငံက အကြမ်းဖက်ရန်ပုံငွေအဖြစ် သံသယရှိတဲ့ ငွေလွှဲပြောင်းပေးပို့မှု ၂၅ ခုကို တရားရုံးတင် အမှုဖွင့်ခဲ့ပါတယ်။ ဒီအမှု ၂၅ ခုထဲမှာ တစ်ဦးချင်းပုဂ္ဂိုလ်တွေနဲ့ ဘဏ်ငွေစာရင်းတွေ (၂၀၁၅-၂၀၁၆ကာလအတွင်း) ပါဝင်ပါတယ်။ ဘဏ္ဍာငွေကြေးဒဏ်ရိုက်မှု ၄၁ ခုလည်း ပြုလုပ်ခဲ့ပါတယ်။ ဒါပေမယ့် ၂၀၁၃-၂၀၁၅ ခုနှစ်ကာလအတွင်း ဥပဒေအရ အရေးယူတာကို တစ်ကြိမ်ပဲပြုလုပ်နိုင်ခဲ့ပါတယ်။ ထိုင်းနိုင်ငံမှာ သံသယအကြမ်းဖက် ဘဏ္ဍာရန်ပုံငွေအမှု ၂၄ မှုရှိခဲ့ပေမယ့် ဥပဒေကြောင်းအရ တစ်ခုကိုမှ အရေးမယူနိုင်ခဲ့ပါဘူး။ အင်ဒိုနီးရှားနိုင်ငံမှာ သံသယအကြမ်းဖက် ဘဏ္ဍာရေးရန်ပုံငွေအမှု ၁၈၅ မှုရှိခဲ့ပြီး ၃၄ မှုကို ဥပဒေကြောင်းအရ အရေးယူနိုင်ခဲ့ပါတယ်။ ဖိလစ်ပိုင်နိုင်ငံမှာ သံသယအကြမ်းဖက် ဘဏ္ဍာရေးရန်ပုံငွေအမှု ၅၃ မှုရှိပြီး တစ်မှုကိုပဲ ဥပဒေကြောင်းအရ အရေးယူနိုင်ခဲ့ပါတယ်။ အရှေ့တောင်အာရှဒေသရဲ့ ဘဏ္ဍာရေး ဗဟိုအချက်အချာဖြစ်တဲ့ စင်ကာပူနိုင်ငံမှာ သံသယအကြမ်းဖက်ဘဏ္ဍာရေးရန်ပုံငွေအမှု ၂၀၅ မှုရှိပြီး ၂၀၁၆ ခုနှစ်ထဲမှာ ခြောက်မှုကိုပဲ ဥပဒေကြောင်းအရ အရေးယူနိုင်ခဲ့ပါတယ်။

အခြေအနေတစ်ရပ်လုံးကို ခြုံကြည့်လိုက်ရင် အရှေ့တောင်အာရှဒေသဟာ အကြမ်းဖက်အဖွဲ့တွေရဲ့ ပစ်မှတ်ဖြစ်နေတာကတော့ ပေါ်လွင်ပါတယ်။ ဘလွန်းဘာ့ဂ် သတင်းဌာနရဲ့သတင်းပေးပို့မှုအရ အိုင်အက်စ်အစွန်းရောက် အကြမ်းဖက်အဖွဲ့တွေဟာ အကြမ်းဖက်လှုပ်ရှားမှုတွေကို အားပေးထောက်ခံဖို့ အရှေ့တောင်အာရှဒေသဆီ ဘဏ္ဍာငွေကြေးတွေ လွှဲပြောင်းပေးပို့နေကြတာပါ။ အင်ဒိုနီးရှား၊ မလေးရှားနဲ့ စင်ကာပူ အပါအဝင် ဒေသတွင်းနိုင်ငံတွေ ပူးတွဲပြုစုကြတဲ့ အစီရင်ခံစာမှာ “ပြည်သူတွေကို သေကျေ ထိခိုက်ဒဏ်ရာရစေတဲ့ အကြမ်းဖက်တိုက်ခိုက်မှုပြုလုပ်ဖို့ဆိုတာ ငွေကြေးအနည်းငယ်ပဲ ကုန်ကျတာပါ။ ပြည်ပအကြမ်းဖက်အဖွဲ့အစည်းတွေက လွှဲပြောင်းပေးပို့လိုက်တဲ့ ဘဏ္ဍာငွေကြေးတွေဟာ သိပ်မများလှပေမယ့် ဒေသတွင်း လုံခြုံရေးကို ခြိမ်းခြောက်နေပါတယ်” လို့ ဖော်ပြထားပါတယ်။ အင်ဒိုနီးရှားနိုင်ငံဆိုရင် အကြမ်းဖက်လှုပ်ရှားမှုရဲ့ ဘဏ္ဍာငွေအရင်းမြစ်တွေကို ဖယ်ရှားရှင်းလင်းနိုင်ဖို့ သူ့နိုင်ငံအတွင်းမှာရှိတဲ့ အာဏာပိုင်အဖွဲ့အစည်းတွေအကြား ပူးပေါင်းဆောင်ရွက်မှုတွေတိုးမြှင့်နိုင်ဖို့ သိသိသာသာ ကြိုးပမ်းခဲ့တာပါ။ ၂၀၁၇ ခုနှစ် ဧပြီ ၁၂ ရက်မှာ အင်ဒိုနီးရှားနိုင်ငံရဲ့အကြမ်းဖက်မှုချေမှုန်းရေး အေဂျင်စီနဲ့ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအေဂျင်စီတို့ကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာရေးထိုးခဲ့ပါတယ်။ ဒါကြောင့် ဒီအဖွဲ့အစည်းနှစ်ရပ်ကြားမှာ ပူးပေါင်းဆောင်ရွက်မှုကို ထိထိရောက်ရောက်မြှင့်တင်ဆောင်ရွက်နိုင်တော့မှာပါ။ ဒီပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာအရ ဒီအေဂျင်စီနှစ်ရပ်ကြားမှာ သတင်းအချက်အလက်တွေကို အပြန်အလှန်ဖလှယ်နိုင်မှာဖြစ်သလို လေ့ကျင့်သင်ကြားရေး အစီအစဉ်တွေကိုလည်း ပူးတွဲဆောင်ရွက်နိုင်တော့မှာပါ။ သတင်းအချက်အလက် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဒီအေဂျင်စီနှစ်ရပ်က ပူးပေါင်းဆောင်ရွက်သွားမှာပါ။ အင်ဒိုနီးရှားနိုင်ငံရဲ့ ဒီခြေလှမ်းဟာ တခြားအရှေ့တောင်အာရှနိုင်ငံတွေက အတုယူအကောင်အထည်ဖော်သင့်တဲ့ ခြေလှမ်းပါ။ အစွန်းရောက်အကြမ်းဖက်လှုပ်ရှားမှုကို မျက်နှာစာပေါင်းစုံကနေ သုံးသပ်ကိုင်တွယ် ဆောင်ရွက်ရမှာမို့လို့ ဒေသတွင်း နိုင်ငံတွေကြားမှာရော နိုင်ငံအတွင်းမှာရှိတဲ့ အာဏာပိုင်အဖွဲ့အစည်းတွေကြားမှာပါ ပူးပေါင်းဆောင်ရွက်ရမယ့်ကိစ္စဆိုတာက ပေါ်လွင်ထင်ရှားပါတယ်လို့ပဲ ဆိုချင်ပါတယ်။ ။

**အခြေအနေတစ်ရပ်လုံးကို ခြုံကြည့်လိုက်ရင် အရှေ့တောင်အာရှဒေသဟာ အကြမ်းဖက်အဖွဲ့တွေရဲ့ ပစ်မှတ်ဖြစ်နေတာကတော့ ပေါ်လွင်ပါတယ်။ ဘလွန်းဘာ့ဂ် သတင်းဌာနရဲ့သတင်းပေးပို့မှုအရ အိုင်အက်စ်အစွန်းရောက် အကြမ်းဖက်အဖွဲ့တွေဟာ အကြမ်းဖက်လှုပ်ရှားမှုတွေကို အားပေးထောက်ခံဖို့ အရှေ့တောင်အာရှဒေသဆီ ဘဏ္ဍာငွေကြေးတွေ လွှဲပြောင်းပေးပို့နေကြတာပါ။ အင်ဒိုနီးရှား၊ မလေးရှားနဲ့ စင်ကာပူ အပါအဝင် ဒေသတွင်း နိုင်ငံတွေ ပူးတွဲပြုစုကြတဲ့ အစီရင်ခံစာမှာ “ပြည်သူတွေကို သေကျေ ထိခိုက်ဒဏ်ရာရစေတဲ့ အကြမ်းဖက်တိုက်ခိုက်မှု ပြုလုပ်ဖို့ဆိုတာ ငွေကြေးအနည်းငယ်ပဲ ကုန်ကျတာပါ။ ပြည်ပ အကြမ်းဖက်အဖွဲ့အစည်းတွေက လွှဲပြောင်းပေးပို့လိုက်တဲ့ ဘဏ္ဍာငွေကြေးတွေဟာ သိပ်မများလှပေမယ့်.....**



ဦးကျော်ဝင်း(ညိုဝင်း)
တစ်သက်တာစာပေဆု



ဦးသာနိုး(မောင်သာနိုး)
တစ်သက်တာစာပေဆု



ဒေါက်တာခင်မောင်ညွှန့်
အမျိုးသားစာပေဆု



ဦးကျော်ဦး
အမျိုးသားစာပေဆု



ယမင်းမြတ်အေး
အမျိုးသားစာပေဆု



ဦးမောင်နိုင်
အမျိုးသားစာပေဆု

**❍ ကျောဖုံးမှ**

ဘာလို့လဲဆိုတော့ ဒီအလုပ်လုပ်ရင် ဒီရလဒ်တော့ရမှာပဲ။ လူငယ်တွေနဲ့ ပတ်သက်လို့ လူငယ်ပြုပြင်ရေးပါတယ်။ အမျိုးသားစာပေဆုရခဲ့တဲ့ မှောင်လွှန်းသောညများ လူငယ်စာရိတ္တနဲ့ပတ်သက်တဲ့ဝတ္ထု။ အဲဒီအချိန်က လူငယ်တွေ လမ်းသရဲတွေဖြစ်ပြီး ပျက်စီးနေကြတဲ့ဘဝရောက်နေတယ်။ အဲဒါကို ပြုပြင်ရေးသဘောနဲ့ ရေးထားတဲ့ဝတ္ထု။ လူငယ်တွေဟာ လမ်းမှန်လမ်းကောင်းကို မရှာဘဲ လွယ်လွယ်ဖြတ်လမ်းနည်းတွေကို ရှာကြတယ်။ ရှာတော့ လူကောင်းနဲ့မတွေ့ဘဲ ပျက်စီးကြပြီး လမ်းသရဲတွေ ဖြစ်ကြတယ်။ အရေးကြီးတာက လူငယ်တွေ ပညာအခြေခံအသင့်အတင့်ရှိပြီဆိုရင် စာဖတ်ဖို့လိုတယ်။ စာဖတ်တဲ့ အခါမှာလည်း စာကိုရွေးရမယ်။ တွေ့ကရာ အညှီအဟောက်ဖတ်ပြီးတော့ စိတ်ဝင်စားနေရင် ကိုယ့်အတွက် ဘာအကျိုးမှရမှာ မဟုတ်ဘူး။ အဲဒီတော့ ဘဝနဲ့ပတ်သက်တဲ့ ပြုပြင်ရေး၊ ပညာပေးစာအုပ်တွေ ဖတ်ဖို့လိုတယ်။ ဖတ်ပြီး လမ်းကောင်း လမ်းဆိုးရွေးတတ်ရမယ်။ လမ်းမှားပြီးတော့ အမှောင်ထဲရောက်တဲ့ လူငယ်တွေဟာ အများကြီးပျက်စီးကုန်တယ်။ အဲဒါကြောင့် မှောင်လွှန်းသောညများ အမှောင်ထဲရောက်သွားတဲ့ လူငယ်တွေကို သင်ခန်းစာပေးတဲ့အနေနဲ့ အဲဒီဝတ္ထုရေးဖြစ်ခဲ့တာပါ။ လူငယ်တွေစာဖတ်မှ အတွေးအခေါ်တွေရလာတယ်။ စာများများဖတ်မှ ရွေးချယ်တတ်လာတယ်။ ဒါကြောင့် လူငယ်တွေစာဖတ်ရမယ်။ လမ်းကောင်းလမ်းမှန် ရွေးရမယ်။ အဓိကအရေးကြီးဆုံးက အလွယ်လမ်း မလိုက်ဖို့ တိုက်တွန်းချင်ပါတယ်"

**ဆရာကြီး ဦးသာနိုး(မောင်သာနိုး)**

ဒီဆုရတဲ့အတွက် ဝမ်းသာပါတယ်။ ကိုယ့်ကို တစ်သက်တာ စာရေးလုပ်ဆောင်ခဲ့တာတွေကို အသိအမှတ်ပြုတယ်ပေါ့။ ဘယ်သူက အသိအမှတ်ပြုပြု လူတစ်ယောက်ကပြုပြု အစိုးရကပြုပြု ပြုတာပဲလေ။ အသိအမှတ်ပြုတယ်ဆိုတော့ ဝမ်းသာတာပေါ့။ ကိုယ့်ကိုစာရေးဆရာတစ်ယောက်အနေနဲ့ အသိအမှတ်ပြုပြီး ဒီဆုပေးတဲ့အတွက် ကျေးဇူးလည်းတင်ပါတယ်။ အထက်တန်းကျောင်းသားဘဝကတည်းက စာရေးဝါသနာပါလို့ ရေးခဲ့တာပါ။ စာကြီးပေကြီးတော့ မဟုတ်ပါဘူး။ တောက်တိုမည်ရလောက်ရေးတာပါ။ အဲဒီကတည်းက ရေးခဲ့တာပါ။ တက္ကသိုလ်ရောက်မှ စာပေလောကထဲ ဝင်ခဲ့တာပါ။ ဝတ္ထုတိုတွေလည်း ရေးဖူးပါတယ်။ ကဗျာကတော့အဓိကပေါ့။ ဆောင်းပါးကတော့ အခါအားလျော်စွာ ရေးဖြစ်ပါတယ်။ အဲဒီလိုနဲ့ စာပေလောကထဲရောက်လာတာပါ။ ၁၉၅၃-၅၄ ဝန်းကျင်လောက်ကတည်းကပေါ့။ ထူးခြားတဲ့ စာပေတွေကတော့ အများကြီးပါ။ ဆုရတာတော့ မရှိခဲ့ပါဘူး။ နှစ်ပေါင်းများစွာ ဒီလိုပဲရေးခဲ့တာပါပဲ။ ပြည်သူတွေကို ပြောချင်တဲ့စကားကတော့ စာဖတ်ကြပါ။ တိုင်းပြည်နဲ့လူမျိုးကြီးပွားဖို့ဆိုတာ စာဖတ်တဲ့အပေါ် မူတည်တာပဲ။ နိုင်ငံတကာမှာဆိုရင်လည်း စာဖတ်ကြတယ်။ စာဖတ်တဲ့လူ ကြီးပွားတာပါပဲ။ တရုတ်၊ အိန္ဒိယ၊ အမေရိကန်လူမျိုးတွေဟာ သိပ်စာဖတ်ကြတာပဲ။ စာကြည့်တိုက်မှာ ထိုင်ခုံမှာထိုင်စရာမရှိရင်တောင် ကြမ်းပြင်မှာထိုင်ပြီး မိန်းမကြီးတွေ ယောကျ်ားကြီးတွေ စာဖတ်နေကြတာပဲ။ တအားစာဖတ်ကြတယ်။ လူမျိုးကြီးပွားတာ စာဖတ်လို့ဆိုတာကို စာတွေ့မဟုတ်ဘဲ လက်တွေ့တွေ့ခဲ့ရတယ်။ အဲဒီတိုင်းပြည်ကြီးပွားတာပဲ။ အမြဲတမ်းလည်း ကျွန်တော့်အနေနဲ့ စာဖတ်ကြဖို့ တိုက်တွန်းပါတယ်။ ကျွန်တော်တို့တိုင်းပြည်က လူတွေလည်း စာဖတ်ကြပါ။ ဖတ်တဲ့လူတွေလည်းရှိကြပါတယ်။ ဒါပေမယ့် စာဖတ်အားက နည်းသေးတယ်။ သူများတိုင်းပြည်နဲ့ယှဉ်ရင်နည်းသေးတယ်။ စာသမားပေသမားလောက်ပဲ ဖတ်တာတွေ့ရတယ်။ လူတန်းစားပေါင်းစုံ စာဖတ်ဖို့လိုတယ်။ ဈေးသည်၊ ဆိုက်ကားသမား၊ တက္ကစီသမားကအစ အားလုံးစာဖတ်ကြဖို့လိုတယ်။ စာများများဖတ်မှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ကြီးပွားနိုင်မှာပါ။ ဒါကြောင့် လူတိုင်းကြုံရင် ကြုံသလို စာများများဖတ်ကြဖို့ တိုက်တွန်းချင်ပါတယ်။

**အင်္ဂလိပ်ဘာသာ သုတစာပေဆုရှင် စာရေးဆရာ ဒေါက်တာခင်မောင်ညွှန့်**

ဒေါက်တာခင်မောင်ညွှန့်ရေးသားသည့် The Historic Bells of Yangon အင်္ဂလိပ်ဘာသာသုတစာပေဆုဖြင့် အမျိုးသားစာပေဆုကို ရရှိခဲ့သည်။ ယင်းစာအုပ်သည် မြန်မာ့သမိုင်းဝင် ရှေးဟောင်းခေါင်းလောင်းကြီးများ အကြောင်းကို ရေးသားထားသည့် စာအုပ်ဖြစ်သည်။ ဒေါက်တာခင်မောင်ညွှန့်သည် အမျိုးသားစာပေဆုနှင့် အခြားဆုများစွာရရှိထားပြီး အမျိုးသားစာပေတစ်သက်တာဆုရှင်လည်းဖြစ်သည်။ ဆုရရှိခဲ့ခြင်းအပေါ် ဒေါက်တာ ခင်မောင်ညွှန့်က "အခုလိုစာပေဆုရတာ ဝမ်းသာပါတယ်။ အရင်တုန်းကလည်း စာပေဆုတွေရခဲ့တယ်။ ဒါက သုတေသနလုပ်တာ တော်တော်ကြာတယ်။ ခဲရာခဲဆစ်လုပ်ခဲ့ရတာ။

ခေါင်းလောင်းပေါ်ကစာတွေကိုဖတ်ဖို့ ငြမ်းဆင်ထားတဲ့အပေါ်တွေတက်ပြီး မှန်ဘီလူးနဲ့ကို ဖတ်ခဲ့ရတယ်။ သိပ်မထင်တဲ့စာတွေကို ရေတွေဘာတွေဆေးပြီး ဖတ်ခဲ့ရတာ။ တချို့ဆို ထူးထူးဆန်းဆန်းအင်းကွက်တွေပါတယ်။ အင်းကွက်တွေကလည်း သူ့အဓိပ္ပာယ်နဲ့သူရှိနေတော့ ဒီစာအုပ်ထဲမှာမပါဘူး။ ဒါတွေကိုတော့ နားလည်ပေးပါလို့ ပြောချင်တယ်။ အခုလိုဆုရတဲ့အတွက်လည်း ဝမ်းသာတယ်။ ဆရာလည်း စာတွေဆက်ရေးဖို့ ရှိနေပါတယ်"ဟု ပြောသည်။

**သုတပဒေသာ(အသုံးချသိပ္ပံဘာသာရပ်)စာပေဆုရှင် စာရေးဆရာ ဦးကျော်ဦး**

စာရေးဆရာဦးကျော်ဦးသည် သုတပဒေသာ (အသုံးချသိပ္ပံဘာသာရပ်) စာပေဆုဖြင့် အမျိုးသားစာပေဆုကို မိုးရေလှောင်ကန် စာအုပ်ဖြင့် ရရှိခဲ့သည်။ ယင်းစာအုပ်သည် ရေကောင်းရေသန့်ရှားပါးလာသော ကမ္ဘာကြီးတွင် မြေပေါ်ရေ၊ မြေအောက်ရေတို့အပြင် မိုးရေကို စနစ်တကျ သိုလှောင်အသုံးပြုကြလျှင် စရိတ်နည်းနည်း ခက်ခဲသောနည်းပညာမပါဘဲ ရေပြဿနာကို တစ်စိတ်တစ်ပိုင်း ဖြေရှင်းနိုင်ကြောင်း ရေးသားထားသော စာအုပ်ဖြစ်သည်။

ဦးကျော်ဦးသည် သိပ္ပံစာအုပ်ခြောက်အုပ်ရေးသားထုတ်ဝေခဲ့ရာ အမျိုးသားစာပေဆု ငါးကြိမ်ရရှိခဲ့ပြီးဖြစ်သည်။ ဆုရရှိခြင်းအပေါ် ဆရာဦးကျော်ဦးက"ဆရာက စာရေးရတာ ပျင်းတယ်။ စာအုပ်တစ်အုပ်ကို နှစ်နှစ်လောက်ရေးရတာ။ အခုလို ဆုရတော့ ဝမ်းသာအားတက်ရတယ်။ နောက်ထပ်စာအုပ်နှစ်အုပ်ရေးဖို့ စိတ်ကူးထားတာရှိတယ်။ အခုထိ အကောင်အထည်မဖော်နိုင်သေးပေမယ့် အခုလို ဆုရတာက အသစ်ရေးဖို့ တွန်းအားတစ်ခု ပေးလိုက်သလို ခံစားရပါတယ်"။

**လူငယ်စာပေဆုရှင် စာရေးဆရာမ ယမင်းမြတ်အေး**

အိမ်မက်ချိုချို ဘဝခါးခါး စာအုပ်ဖြင့် လူငယ်စာပေဆုကို စာရေးဆရာမ ယမင်းမြတ်အေးက ရရှိခဲ့သည်။ ယင်းစာအုပ်သည် အခြားနိုင်ငံများသို့ တရားမဝင်အလုပ်သွားလုပ်ရသော လူငယ်များအကြောင်းကို ရသမြောက်အောင် ရေးဖွဲ့ထားသော စာအုပ်ဖြစ်သည်။ စာရေးဆရာမ ယမင်းမြတ်အေးသည် အဆိုပါစာအုပ်ဖြင့် ပထမဆုံးအကြိမ် အမျိုးသားစာပေဆုကို ရရှိခဲ့ခြင်းဖြစ်သည်။ ဆုရရှိခဲ့ခြင်းအပေါ် "ဆုရတာက ဘယ်လိုပြောရမလဲ။ အိပ်မက်လိုတော့ ဖြစ်နေတာပေါ့။ ဒီစာအုပ်က ကျွန်မသတင်းသမားတစ်ယောက်ရဲ့ ခံစားချက်နဲ့ ရေးခဲ့တာပါ။ ကိုယ်တိုင်လည်း တရားမဝင်အလုပ်သမားတစ်ဦးရဲ့ ဘဝကိုနားလည်ဖို့ မဲဆောက်ဘက်မှာ ကိုယ်တိုင် တရားမဝင်အလုပ်သွားလုပ်ခဲ့တယ်။ ရလာတဲ့အတွေ့အကြုံနဲ့ တရားမဝင်အလုပ်သွားလုပ်နေရတဲ့ လူငယ်တွေကို အင်တာဗျူးလုပ်ပြီး ဒါကို ဇာတ်အိမ်ဖွဲ့ရေးခဲ့တာပါ။ ကျွန်မပြောချင်တာက လူငယ်တွေက ကျွန်မတို့နိုင်ငံရဲ့ ခွန်အားတွေ ဖြစ်ပေမယ့် ဒီခွန်အားတွေကို ကျွန်မတို့အသုံးမချနိုင်ခဲ့ဘူး။ ပညာရေးစနစ်၊ ခေတ်စနစ်ကပျက်ယွင်းမှုတွေကြောင့် လူငယ်တွေ တရားမဝင်အလုပ်သွားလုပ်နေရတယ်။ အခုလိုဆုရတဲ့အတွက် ပျော်တယ်။ အရင်တုန်းက ဒီစာအုပ်လေးကို လူမသိခဲ့ဘူး။ အခုတော့ လူတွေသိကြမယ်။ လူတွေကို ကျွန်မပေးချင်တဲ့ မက်ဆေ့ချ်ပေးနိုင်ပါပြီ"။

**သုတပဒေသာစာပေဆုရှင် မောင်နိုင်(ဒဿနိက)**

ရှေးမြန်မာသင်္ဘောတော်ကြီးများနှင့် ရေကြောင်းအတတ်ပညာလေ့လာမှုစာအုပ်ဖြင့် သုတပဒေသာ(ဝိဇ္ဇာဘာသာရပ်)စာပေဆုကို မောင်နိုင်(ဒဿနိက)က ရရှိခဲ့သည်။ ယင်းစာအုပ်သည် ရှေးမြန်မာတို့ ဆောက်လုပ်ခဲ့သော သင်္ဘောကြီးများအကြောင်းနှင့် ရေကြောင်းအတတ်ပညာကို သုတေသနပြုရေးသားထားသော စာအုပ်ဖြစ်သည်။ အဆိုပါစာအုပ်ဖြင့် မောင်နိုင်(ဒဿနိက)သည် အမျိုးသားစာပေဆုကို ပထမဆုံးအကြိမ် ရရှိခဲ့ခြင်းဖြစ်သည်။ ဆုရရှိခဲ့ခြင်းအပေါ် မောင်နိုင်(ဒဿနိက)က "စလုပ်ကတည်းက ဒီစာအုပ်က အချက်အလက်ရှာရတာ တော်တော်ခက်တယ်။ ရေးပြီးသွားတဲ့အခါမှာလည်း ပွင့်ပွင့်လင်းလင်းပြောရရင် စာအုပ်က မရောင်းရပါဘူး။ ဖတ်တဲ့သူ တအားနည်းတယ်။ အဲဒီလိုအခက်အခဲကြားက လုပ်ထားပြီး အခုလို နိုင်ငံတော်က ဆုချီးမြှင့်တယ်ဆိုတော့ အလွန်ဝမ်းသာပါတယ်။ နောက် ကိုယ်ယုံကြည်တဲ့ အကြောင်းအရာတစ်ခုကို ခရေစေ့တွင်းကျ ထဲထဲဝင်ဝင်လေ့လာလိုတဲ့ စာရေးချင်တဲ့သူတွေ၊ သုတေသနသမားတွေအတွက်လည်း ဒီလိုကြိုးစားရင် နိုင်ငံတော်က အသိအမှတ်ပြုတယ်ဆိုတာ စံနမူနာပြချင်ပါတယ်။

**တွေ့ဆုံမေးမြန်း-ခင်ဇာလီ၊ အေးမင်းသူ၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)၊ဇာဏီ**

# ရှမ်းယူနိုက်တက်အသင်း ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ချန်ပီယံဆုဖြင့် တောင်ကြီးမြို့၌ အောင်ပွဲခံ



**တောင်ကြီး အောက်တိုဘာ ၂၇**

မြန်မာနိုင်ငံ၏ ပရော်ဖက်ရှင်နယ်လိဂ်ပြိုင်ပွဲများတွင် အဓိကဆုတစ်ခုဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သော ရှမ်းယူနိုက်တက်အသင်းသည် အမှတ်ပေးချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲမကစားမီ ရှမ်းပြည်နယ်မှ ဘောလုံးချစ်ပရိသတ်များ၏ ကြိုဆိုဂုဏ်ပြုမှုကို ခံယူခဲ့ပြီး ယနေ့ညနေပိုင်းတွင် ဟဲဟိုးမြို့မှ တောင်ကြီးမြို့အထိ မော်တော်ယာဉ်များဖြင့် လှည့်လည်အောင်ပွဲခံခဲ့သည်။

အောင်ပွဲရ ရှမ်းယူနိုက်တက်အသင်းကို နည်းပြချုပ် ဦးစိုးမြတ်မင်း ဦးဆောင်၍ ချန်ပီယံဆုရရှိရာတွင် အဓိကကဏ္ဍမှပါဝင်ခဲ့သည့် သီဟစည်သူ၊ ဝင်းမင်းထွဋ်၊ ရန်နိုင်ဦး၊ ပက်ထရစ်၊ ဒွေးကိုကိုချစ် စသည့်ကစားသမားများပါဝင်ခဲ့ပြီး အသင့်စီမံထားသည့် အမိုးဖွင့်ကားဖြင့် ဟဲဟိုးလေဆိပ်မှ တောင်ကြီးမြို့အထိ အောင်ပွဲခံခဲ့သည်။ ရှမ်းပြည်နယ်မှ ဘောလုံးချစ်ပရိသတ်များသည် အောင်ပွဲရ ရှမ်းယူနိုက်တက်အသင်းသားများအား မြို့အလိုက် ကြိုဆိုနှုတ်ဆက်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းကို ဟဲဟိုးလေဆိပ်တွင် ဒေသခံပရိသတ်များ၊ မြို့မိမြို့ဖများက ဂုဏ်ပြုပန်းစည်းများဖြင့် ကြိုဆိုခဲ့ပြီး ရှမ်းအိုးစည်သံ မြည်ဟည်းခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသားများသည် ဂုဏ်ပြုခံကားဖြင့် ဟဲဟိုးလေဆိပ်မှ ဟဲဟိုးမြို့၊ ရွှေညောင်၊ အေးသာယာမြို့တို့ကို ဖြတ်ကာ တောင်ကြီးမြို့အထိ အောင်ပွဲခံခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက် အောင်ပွဲခံခဲ့ပြီး ပြည်နယ်အားကစားကွင်းတွင် ရှမ်းယူနိုက်တက်အမာခံပရိသတ်များနှင့် တွေ့ဆုံကာ ဒိုင်းဆုကြီးကို ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မူမူထံ အပ်နှံခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ရှုံးထွက်ပြိုင်ပွဲတွင် ပထမဆုံးအကြိမ်ဗိုလ်စွဲခဲ့ပြီး အမှတ်ပေးပြိုင်ပွဲတွင်လည်း ထပ်မံဗိုလ်စွဲရန် အခြေအနေကောင်းနေသည်။ ရှမ်းယူနိုက်တက်အသင်းသည် အမှတ်ပေးချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲအဖြစ် အောက်တိုဘာ ၂၉ ရက်တွင် ဟံသာဝတီအသင်းနှင့် အိမ်ကွင်း၌ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဗိုလ်စွဲခဲ့ပါက တစ်ရာသီအတွင်း ဖလားနှစ်လုံးရရှိမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွှန့်**

### ❍ ပုဂ္ဂလိကမှ

တွေ့ဆုံပွဲတွင် ဒုတိယသမ္မတက ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ရာတွင် မူဘောင်တစ်ရပ်ချမှတ်၍ လုပ်ငန်းစီမံချက်ဖော်ဆောင်နိုင်ရန် "မြန်မာနိုင်ငံပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးမူဘောင်နှင့် လုပ်ငန်းစီမံချက် ပဏာမဖော်ပြချက်စာတမ်း"ကို ၂၀၁၆ ခုနှစ် မတ်လတွင် ပြုစုထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ ထိုမူဘောင်ကို အခြေခံ၍ နိုင်ငံတော်မှ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၄ ရက် ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၇၉/၂၀၁၆ ဖြင့် အဖွဲ့ဝင် ၁၉ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန် (၅)ရပ်ချမှတ်ကာ ၎င်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီ(၅)ရပ်ဖွဲ့စည်းခဲ့ပါကြောင်း၊ ကော်မတီအစည်းအဝေးကို နှစ်လလျှင် တစ်ကြိမ်ဖြင့် ငါးကြိမ်ကျင်းပခဲ့ပြီး လုပ်ငန်းကော်မတီ(၅)ရပ်၏ အစည်းအဝေးများကို အနည်းဆုံး တစ်လတစ်ကြိမ်ကျင်းပလျက်ရှိရာ ၄၆ ကြိမ် ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း။

ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန်ရည်ရွယ်၍ လုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန်တွေ့ဆုံဆွေးနွေးပွဲများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၇ ခုနှစ် စက်တင်ဘာလအထိ ၁၀ ကြိမ် တွေ့ဆုံခဲ့ပြီး လုပ်ငန်းရှင်များ၏ တင်ပြချက် စုစုပေါင်း ၁၅၇ ချက်အပေါ်တွင် ဖြေရှင်းပြန်ကြားချက် ၁၅၆ ချက်အား မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှတစ်ဆင့် သက်ဆိုင်ရာစီးပွားရေး လုပ်ငန်းရှင်များထံသို့ ပြန်ကြားခဲ့ပြီးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ စီးပွားရေးတွင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီးသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ကုန်သွယ်မှုကဏ္ဍတွင်လည်း ပုဂ္ဂလိကကဏ္ဍပါဝင်မှုမှာ တိုးတက်လျက်ရှိပြီး ၂၀၁၇ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ ပုဂ္ဂလိကကဏ္ဍအနေဖြင့် ပို့ကုန်မှာ ၆၅ ရာခိုင်နှုန်းနှင့် သွင်းကုန်မှာ ၉၄ ရာခိုင်နှုန်းရှိပြီး စုစုပေါင်း ကုန်သွယ်မှုတွင် ပုဂ္ဂလိကကဏ္ဍအနေဖြင့် ၈၃ ရာခိုင်နှုန်းအထိ ပါဝင်သည်ကို တွေ့ရှိရပါကြောင်း။

လက်ရှိအခြေအနေတွင် ဆန်ဝယ်လိုအား တက်လာမှုကြောင့် အတွေ့အကြုံ နုနယ်သေးသည့် ပို့ကုန်လုပ်ငန်းရှင်တချို့အနေဖြင့် ယခင်က ဖြစ်ပေါ်ခဲ့ဖူးခြင်းမရှိသည့် ရောင်းဝယ်မှုတွင် အားနည်းချက်များ ဖြစ်ပွားခဲ့သည်ကို သိရှိရပါကြောင်း၊ လယ်ယာထွက်ကုန်သီးနှံများနှင့် အရောင်းအဝယ်လုပ်ငန်းများ စနစ်တကျရှိစေရေး၊ တောင်သူများ ပစ္စည်းမှန်၊ ဈေးနှုန်းမှန်၊ အရည်အသွေးမှန်၊ အရောင်းအဝယ်မှန် စသည့် မှန်(၄)မှန် ဖြစ်ပေါ်စေရေးအတွက် မြို့ကြီးများတွင် သီးနှံကုန်စည်ဒိုင်များ ဖွဲ့စည်းထားခဲ့ပြီး ကုန်စည်ဒိုင်များ စနစ်တကျ ဖွံ့ဖြိုးတိုးတက်မှုမှာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်တစ်ရပ်ဖြစ်၍ အလွန်အရေးကြီးပါကြောင်း၊ ပြည်တွင်းကုန်သန်းရောင်းဝယ်မှု မှန်မှန်ကန်ကန်ဖြစ်စေရေးအတွက် ဈေးနှုန်းများသတ်မှတ်ရာတွင် မှန်ကန်မျှတမှုရှိသည့် ဈေးကွက်ပေါက်ဈေးအတိုင်း လုပ်ဆောင်သွားကြရန်လိုအပ်ပြီး အဆိုပါလုပ်ငန်းများအား ကုန်စည်ဒိုင်များက ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်းရောင်းဝယ်မှုလုပ်ငန်းများတွင် ဥပဒေနှင့်အညီ ဆောင်ရွက်ကြရန်လိုအပ်သကဲ့သို့ ပြည်ပသို့တင်ပို့ရောင်းချရာတွင်လည်း နိုင်ငံ၏ ကောင်းသောဂုဏ်သတင်းကို မထိခိုက်စေရန် ကိုယ်စီတာဝန်ယူထိန်းသိမ်းကြရန်လိုအပ်ပါကြောင်း၊ ကုန်စည်ဒိုင်များမှလည်း သီးနှံများ ရောင်းဝယ်ရာတွင် ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းအတိုင်း စနစ်တကျထိန်းကျောင်းပေးရန် လိုအပ်သကဲ့သို့ UMFCCI နှင့် သီးနှံဆိုင်ရာအသင်း အဖွဲ့အစည်းများကလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးကို အထောက်အကူပြုစေမည့် ဥပဒေ(၂)ခု ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ပထမဥပဒေဖြစ်သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့သကဲ့သို့ နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာများကိုလည်း ထုတ်ပြန်နိုင်ခဲ့ပြီး ယခုဆိုလျှင် လက်တွေ့အသုံးချအကောင်အထည်ဖော်နေပြီဖြစ်ပါကြောင်း၊ တိုင်းပြည်၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို အထောက်အကူဖြစ်စေရန် နောက်ထပ် ဥပဒေတစ်ခုဖြစ်သည့် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေကိုလည်း ယခုနှစ်အတွင်းတွင် ပြဋ္ဌာန်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့်သူတိုင်းသည် ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ကုမ္ပဏီဥပဒေများကို စောင့်ကြည့်လေ့လာသုံးသပ်ပြီးမှ ရင်းနှီးမြှုပ်နှံမှုများကို ဆုံးဖြတ်လုပ်ကိုင်ကြမည်ဖြစ်ရာ ယင်းသို့ အရေးကြီးသည့် ဥပဒေနှစ်ခုကို အစိုးရက တာဝန်ယူသည့် သက်တမ်းကာလ နှစ်နှစ်အတွင်းတွင် ပြဋ္ဌာန်းနိုင်ရန် ကြိုးစားဆောင်ရွက်ခဲ့ပါကြောင်း။

ယခုဆိုလျှင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအနေဖြင့် ရင်းနှီးမြှုပ်နှံမှု အတည်ပြုအမိန့်များကို မိမိတိုင်းဒေသကြီးဥပဒေအရ လုပ်ပိုင်ခွင့်ရရှိသည့် ဘောင်အတွင်းမှ စိစစ်ခွင့်ပြုပေးနေပြီဖြစ်ပါကြောင်း၊ ထို့အပြင် တည်ငြိမ်အေးချမ်းမှုမရှိသည့် ဒေသများမှ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပြီး ပုံမှန်ဝင်ငွေရရှိအောင် ဆောင်ရွက်ရန်လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာ အစီအမံများကိုလည်း နိုင်ငံတော်မှ ဦးဆောင်၍ လုပ်ဆောင်နေသည်မှာ အားလုံးအသိပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ဦးဆောင်မှုအောက်တွင် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဦးဆောင်သည့် ညီနောင်အသင်းအဖွဲ့များက အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းလိုပါကြောင်း။

ကော်မတီအနေဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးဂရုပြု လုပ်ဆောင်နေသည့် နောက်ထပ်နယ်ပယ်တစ်ရပ်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ အထူးစိတ်ဝင်စားစောင့်ကြည့်သည့် ကမ္ဘာ့ဘဏ်၏ Ease of Doing Business in Myanmar အညွှန်းကိန်းတိုးတက်ရေး ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် ပိုမိုလွယ်ကူလျင်မြန်စေရေးကို ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၄ ခုနှစ်ကတည်းက စတင်ပါဝင်လုပ်ဆောင်ခဲ့ရာ နိုင်ငံပေါင်း ၁၈၉ နိုင်ငံအနက် မြန်မာနိုင်ငံ၏ ပျမ်းမျှအဆင့်မှာ ၁၈၂ ရှိခဲ့ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဆက်စပ်နေသည့် အစိုးရဌာနများမှ လုပ်ဆောင်ပေးရသည့် ဝန်ဆောင်မှုလုပ်ငန်းများကို အညွှန်းကိန်း ၁၀ ခုနှင့် သတ်မှတ်တိုင်းတာခြင်း ဖြစ်ပါကြောင်း၊ ယခုဆိုလျှင် မြန်မာနိုင်ငံ၏အဆင့်မှာ ၂၀၁၇ ခုနှစ်တွင် နိုင်ငံပေါင်း ၁၉၀ ပါဝင်ရာအဆင့် ၁၇၀ အထိရောက်ရှိလာပါကြောင်း၊ ဥပဒေများ၊ ဌာနများ မည်မျှပင်ရှိစေကာမူ လက်တွေ့လုပ်ကိုင်ရာတွင်ခက်ခဲနေလျှင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရန် မဖြစ်နိုင်သကဲ့သို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း မျှော်မှန်းသလောက် ရရှိနိုင်မည် မဟုတ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် လွယ်ကူမှုအဆင့်တိုးတက်လာစေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးဆောင်ပြီး သက်ဆိုင်ရာဌာနများ ပူးပေါင်းပါဝင်ကာ အထောက်အကူပြု အဖွဲ့တစ်ရပ် ဖွဲ့စည်းတာဝန်ပေးအပ်ထားပါကြောင်း၊ အဆိုပါအဖွဲ့သည် ကမ္ဘာ့ဘဏ်မှပညာရှင်များနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အညွှန်းကိန်းတစ်ခုချင်း တိုးတက်လာရန်အတွက် လုပ်ငန်းအဖွဲ့တစ်ခုစီကို သက်ဆိုင်ရာဌာနများ၏ ညွှန်ကြားရေးမှူးချုပ်များကိုယ်တိုင် ဦးဆောင်ပြီး ထိထိရောက်ရောက် ဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့ကြုံတွေ့ရသည့် လက်တွေ့အခက်အခဲများကို ပွင့်ပွင့်လင်းလင်းတင်ပြပြီး ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ယခုတွေ့ဆုံပွဲတွင်လည်း ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖော်ထုတ်ရယူပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကူညီဖြေရှင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် လုပ်ငန်းရှင်များအား ချေးငွေများထုတ်ချေးပေးသွားမည့်အခြေအနေ၊ လယ်ယာထွက်ကုန်ပစ္စည်းများ ပြည်ပသို့ အရည်အသွေးမီ တင်ပို့နိုင်ရန်အတွက် လယ်ယာထွက်ကုန်ပစ္စည်းများ စနစ်တကျသိုလှောင်နိုင်ရန် သိုလှောင်ရုံများ (Silos) ဆောက်လုပ်သွားမည့်အခြေအနေ၊ သားငါးကဏ္ဍဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သွားမည့်အခြေအနေများ၊ ပြည်ပမှလာရောက်ရင်းနှီးမြှုပ်နှံသူများ၊ ရင်းနှီးမြှုပ်နှံရာတွင် လျင်မြန်လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရန် One Stop Service ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက နိုင်ငံပိုင်စက်ရုံများကို ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေ၊ ပြည်တွင်းတွင် မော်တော်ယာဉ်ထုတ်လုပ်နိုင်ရေးနှင့် နိုင်ငံပိုင်စက်ရုံများမှ အရည်အသွေးမီ ပစ္စည်းများ ထုတ်လုပ်နေမှုအခြေအနေများကိုလည်းကောင်း၊ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း ပဲအစား စီးပွားရေးတွက်ခြေကိုက်မည့် အခြားသီးနှံများ စိုက်ပျိုးနိုင်မှုအခြေအနေ၊ ပြည်သူများ သားငါးစားသုံးမှု ဖူလုံသက်သာစေရန်အတွက် ကြက်မွေးမြူရေးအခြေအနေနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်ကြောပိတ်ဆို့မှု အခြေအနေများကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းဆောင်ရွက်နိုင်ရန် ကားတင်သွင်းမှု မူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်ငန်းများ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေသစ် ရေးဆွဲနေမှုအခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကချင်ပြည်နယ် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ တနင်္သာရီတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကလေး-တမူးနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း၊ မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(ကြက်မွေးမြူရေးကဏ္ဍ)၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းနှင့် မြန်မာ့စီးပွားရေးဖိုရမ် (မြေယာလုပ်ငန်းအဖွဲ့မြို့ပြ)တို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသည်။

ယင်းနောက် ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကားပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**(သတင်းစဉ်)**

■

# ဂျာမနီနိုင်ငံ ဂိုတင်ဂန်တက္ကသိုလ်မှ ပါမောက္ခ ကြီးကြပ်သူ ဆရာများနှင့် မဟာသိပ္ပံသင်တန်းသားများ ပဲခူးတိုင်းဒေသကြီး ခပေါင်းသစ်တောကြိုးဝိုင်းအတွင်းသို့ ကွင်းဆင်းလေ့လာ

**နေပြည်တော် အောက်တိုဘာ ၂၇**

ဂျာမနီနိုင်ငံ ဂိုတင်ဂန်တက္ကသိုလ်မှ ပါမောက္ခ Dr. Ralph Mitloehner နှင့် ကြီးကြပ်သူ ဆရာနှစ်ဦး ခေါင်းဆောင်၍ နိုင်ငံပေါင်း ၁၅ နိုင်ငံမှ မဟာသိပ္ပံသင်တန်းသား ၂၈ ဦး စုစုပေါင်း ၃၁ ဦးတို့သည် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်ရှိ သစ်တောဦးစီးဌာန သစ်တောသုတေသနဌာန လက်ပံခုံ သုတေသနစခန်းတွင် စခန်းချနေထိုင်၍ တောင်ငူမြို့နယ် ခပေါင်းကြိုးဝိုင်းတွင် သုတေသနလုပ်ငန်းများကို ကွင်းဆင်း ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံတွင် အောက်တိုဘာ ၂၄ ရက်မှ နိုဝင်ဘာ ၂၀ ရက်အထိ စုစုပေါင်း ၂၈ ရက်ကြာ နေထိုင်ဆောင်ရွက်မည်ဖြစ်သည်။





အဆိုပါအဖွဲ့မှ ကျောင်းသားများသည် အဖွဲ့များခွဲ၍ သစ်တောသယံဇာတစာရင်းကောက်ယူခြင်း (Forest Inventory)၊ သစ်တောစိုက်ပျိုးပြုစု ထိန်းသိမ်းခြင်း (Silviculture)၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း (Agroforestry)၊ မြေဆီလွှာသိပ္ပံ (Soil Science)၊ ဇီဝရာသီဥတု (Bioclimatology)၊ သစ်တောမျိုးရိုးဗီဇ (Forest Genetics)၊ သစ်တောသတ္တဗေဒနှင့် ကာကွယ်ခြင်း (Forest Zoology and Protection)၊ အပင်မျိုးစုံမျိုးကွဲ (Plant Diversity)၊ သဘာဝကာကွယ်ထိန်းသိမ်းခြင်း (Nature Conservation)၊ သစ်ဇီဝဗေဒ (Wood Biology)၊ သစ်တောစီးပွားရေး (Forest Economy)၊ သစ်တောမူဝါဒ (Forest Policy)၊ သစ်တောလုပ်ငန်းများ (Forest Operations) နယ်ပယ် ၁၃ မျိုးနှင့် ဆက်နွှယ်သော သုတေသနများကို ကွင်းဆင်းလေ့လာ စာရင်းကောက်ယူ၍ ရရှိလာသည့် သုတေသနရလဒ်များကို သစ်တောဦးစီးဌာန ဦးစီးရုံးချုပ်တွင် ပြန်လည်တင်ပြဆွေးနွေး ဖလှယ်သွားမည်ဖြစ်ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ အပူပိုင်းသစ်တောပညာ (Tropical International Forestry) ဆိုင်ရာ မဟာသိပ္ပံသင်တန်းအစီအစဉ်သည် ဂျာမနီနိုင်ငံ Georg-August University Gottingen တွင် ၂၀၀၂-၂၀၀၃ ခုနှစ်မှ စတင်ခဲ့ပြီး အင်္ဂလိပ်ဘာသာသင်ရိုးဖြင့် နှစ်နှစ်တာ သင်ကြားသည့် အစီအစဉ်ဖြစ်သည်။ အဓိကဦးစားပေးသည့် ဘာသာရပ်များမှာ ကမ္ဘာတစ်ဝန်းရှိ သစ်တောဂေဟစနစ်များ ထိန်းသိမ်းခြင်းနှင့် ထာဝစဉ်ညီ သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်ခြင်း၊ ဂျာမန်သစ်တောပညာရပ်ကျွမ်းကျင်မှုများကို နိုင်ငံတကာသစ်တောပညာရပ်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများတွင် အသုံးချခြင်းတို့ဖြစ်သည်။

ထိုအစီအစဉ်တွင် တက်ရောက်လျက်ရှိသော သင်တန်းသားများအနေဖြင့် သုတေသနစီမံကိန်း (Student Project) များ ကွင်းဆင်း ဆောင်ရွက်ရန်မှာ မဖြစ်မနေဆောင်ရွက်ရမည့် သင်ရိုးတစ်ခုဖြစ်သည့်အတွက် မြန်မာနိုင်ငံသို့ လာရောက်၍ ကွင်းဆင်း ကောက်ယူခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■

ကြေးမုံ



# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ သတ္တမအကြိမ် မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၇**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ သတ္တမအကြိမ် မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အနော်ရထာခန်းမ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဦးစွာ ဇေယျာသီရိမြို့နယ် ရေဆင်းကန်ဦးပရိယတ္တိစာသင်တိုက်ပဓာနနာယက ဆရာတော် သာသနဓဇ ဓမ္မာစရိယ မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝိလာသထံမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှူးပြုသော ပရိသတ်အပေါင်းတို့က ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ရေဆင်းကန်ဦးပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ကြီးထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က ပျဉ်းမနားဈေးကုန်းကျောင်းတိုက်ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီးတို့က ဆရာတော်များထံ ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ အသီးသီးဆက်ကပ် လှူဒါန်းကြသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မှ အရာရှိကြီးများက သံဃာတော်အရှင်သူမြတ်တို့ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက်ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက ကထိန်အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ အခမ်းအနားအပြီးတွင် သံဃာတော်အရှင်သူမြတ်တို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဧည့်ပရိသတ်များက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။



ယနေ့ကျင်းပသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ သတ္တမအကြိမ် မိသားစုမဟာဘုံကထိန်တွင် တန်ဖိုးငွေကျပ် သိန်း ၁၀၀၀ ကျော် လှူဒါန်းခဲ့ကြသည်။

**(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပသည့် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးဒေါ်ကြူကြူလှတို့က တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ်အဖြစ် ကျွန်းပင်များအား အသီးသီးစိုက်ပျိုးပေးကြသည်။



ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးရှိ ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများက စိုက်ပျိုးပင်များအား သတ်မှတ်နေရာအသီးသီးတွင် စိုက်ပျိုးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ စိုက်ပျိုးပင်များ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၁၇ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင် ၇၅၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေများတွင်လည်း တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများကို ယနေ့နံနက်ပိုင်းတွင် တစ်ချိန်တည်းတစ်ပြိုင်တည်းကျင်းပရာ တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့စိုက်ပျိုးသည့် စိုက်ပျိုးပင်စုစုပေါင်းမှာ ၄၇၈၇၉၂ ပင်ဖြစ်ပြီး ယခုအကြိမ်အပါအဝင် စက်မှုကုန်ကြမ်းသီးနှံပင်၊ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင်များ စုစုပေါင်း ၁၃၇၁၂၇၃ ပင်အား စိုက်ပျိုးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**❖ လွှတ်တော်အဆောက်အအုံမှ**

ပါဝင်သောအဖွဲ့သည် ယနေ့ နံနက် ၉ နာရီ မိနစ် ၅၀ ခန့်တွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၂၇)အနီး၌ ဒရုန်းတစ်စင်းအား လွှတ်တင်နေကြောင်း ဆက်သွယ်အကြောင်းကြားချက်အရ ရဲမှူးဆန်းအောင် ဦးဆောင်သောအဖွဲ့က သွားရောက်စစ်ဆေးရာ ၎င်းတို့လေးဦးနှင့်အတူ MAVIC အမျိုးအစား ဒရုန်းခဲရောင်နှင့် Remote Control အား တွေ့ရှိရသည်။

ကနဦးစစ်ဆေးချက်များအရ မြန်မာနိုင်ငံ၏ရှုခင်းများ၊ လှပသော အဆောက်အအုံများ၊ ဘုရားစေတီနှင့် လွှတ်တော်အဆောက်အအုံများကို ရိုက်ကူးခြင်းဖြစ်ကြောင်း၊ လွှတ်တော်အဆောက်အအုံအား ရိုက်ကူးရန် ဒရုန်းကို လွှတ်တင်စဉ် လှည့်ကင်းအဖွဲ့၏ စစ်ဆေးခံရခြင်းဖြစ်ကြောင်း သိရသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံရုံးနှင့် မလေးရှားသံရုံးများသို့ အကြောင်းကြားထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မန္တလေးကျုံးအရှေ့ဘက်တွင် စာအုပ်ဈေးရောင်းပွဲတော်နှင့် ငြိမ်းချမ်းရေးလှုပ်ရှားမှု ရက်သတ္တပတ်ပွဲတော် ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီက ကြီးမှူး၍ မန္တလေးမြို့ ကျုံးအရှေ့ဘက်ခြမ်းတွင် စာအုပ်ဈေးရောင်းပွဲတော်အပါအဝင် ငြိမ်းချမ်းရေးလှုပ်ရှားမှု ရက်သတ္တပတ်ပွဲတော်အား နိုဝင်ဘာ ၆ ရက်မှ ၁၂ ရက်အထိ အစီအစဉ် ငါးရပ်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မငြိမ်းချမ်းသည့်ဒေသများတွင် နေထိုင်ကြသည့် ပြည်သူများ၏ဘဝအခက်အခဲများကို ငြိမ်းချမ်းသည့်ဒေသများတွင် နေထိုင်ကြသူများက စာနာနားလည်မှုများဖြင့် ကူညီထောက်ပံ့နိုင်ရေးနှင့် ငြိမ်းချမ်းရေးသည် နိုင်ငံတစ်ခုအတွက် အရေးကြီးဆုံးဖြစ်ကြောင်း သိရှိစေရန်ရည်ရွယ်ချက်ဖြင့် ငြိမ်းချမ်းရေးပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီနာယက ဒေါက်တာဒေါ်ယုယုမေက ပြောသည်။

"စာအုပ်အရောင်းပြပွဲမှာ စာအုပ်စတုဒိသာဆိုပြီး ငြိမ်းချမ်းရေးပွဲလာသူတွေကို တစ်ဦးကိုတစ်အုပ်နှုန်း စာအုပ်အလကားဝေငှမယ်။ အဲဒီမှာ မီးထွန်းပွဲလည်း တစ်ပါတည်းလုပ်မှာဖြစ်လို့ အပြာရောင်ချိုးငှက်လေးတွေ သေချာမှာထားပြီး အပြာရောင်ချိုးငှက်မီးပုံးအလုံး ၃၀၀ ထဲမှာ အပြာရောင်မီးလုံးလေးတွေနဲ့ ငြိမ်းချမ်းရေးသင်္ကေတအဖြစ်မီးထွန်းမယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အစီအစဉ် ငါးရပ်တွင် နိုဝင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ ငြိမ်းချမ်းရေးမီးထွန်းပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲကို ကျုံးအရှေ့ဘက်(၆၆)လမ်းပေါ်တွင် ပြုလုပ်မည်ဖြစ်ပြီး ရန်ကုန်မှ စာအုပ်အရောင်းဆိုင် ၁၅ ဆိုင်နှင့် မန္တလေးမှ စာအုပ်ဆိုင်များပါဝင်မည်ဖြစ်ကြောင်း၊ အမျိုးသမီးအခွင့်အရေးနှင့် ငြိမ်းချမ်းရေးစကားဝိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၁၁ ရက်နေ့တွင် MRCCI တွင် လည်းကောင်း၊ ငြိမ်းချမ်းရေးဂီတပဒေသာကပွဲကို နိုဝင်ဘာ ၁၂ ရက် ညနေ ၅ နာရီတွင် မနောရမ္မံဥယျာဉ်တွင် လည်းကောင်း ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ငြိမ်းချမ်းရေးစကားဝိုင်းဆွေးနွေးပွဲတွင် ကိုလေး(အင်းဝဂုဏ်ရည်)၊မသီတာ(စမ်းချောင်း)၊ ဦးသိန်းသန်းဦး၊ ဦးမင်းကိုနိုင်၊ အမျိုးသမီးလူ့အခွင့်အရေးမှ ဒေါ်ခင်မမမျိုးတို့က ဟောပြောမည်ဖြစ်ပြီး ငြိမ်းချမ်းရေးပဒေသာကပွဲတွင် တေးသံရှင် မွန်းအောင်ကပါဝင်မည်ဖြစ်သည့်အပြင် ကံတက်ကုန်း၊ သုခရိပ်မြုံမှ ကလေးများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက အကပဒေသာနှင့် ငြိမ်းချမ်းရေးပြဇာတ်တို့ဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရထားခဲပေါက်မှုဖြစ်စဉ် မဖြစ်ပွားစေရေး အသိပညာပေးဟောပြော

**ပဲခူး အောက်တိုဘာ ၂၇**

ရထားရဲတပ်ဖွဲ့ အမှတ်(၁၁)တပ်ခွဲ တပ်စု(၃)ဖြူးမှ တပ်စုမှူး ရဲအုပ်စိုးနိုင်ဝင်း ဦးစီးအဖွဲ့သည် အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ညောင်ကားယားကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ရထားခဲပေါက်မှုဖြစ်စဉ် မဖြစ်ပွားစေရေး၊ ရထားနှင့်ယာဉ်တိုက်မိသည့် ဖြစ်စဉ်များ၊ ရထားကြိတ်ခံရသည့်ဖြစ်စဉ်များကြောင့် ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှုများလျော့နည်းကျဆင်းရေးအတွက် အသိပညာပေးဟောပြောပွဲပြုလုပ်ခြင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ ချပြရှင်းလင်းခြင်းများဆောင်ရွက်ရာ ဖြူးဘူတာရုံပိုင်ကြီး ဦးမြင့်ရွှေ၊ ဖြူးမြို့ ညောင်ကားယားကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်နှင့် ဒေသခံပြည်သူ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းခွဲများ ကွင်းဆင်းလေ့လာကြည့်ရှု

**ရန်ကုန် အောက်တိုဘာ ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်းအတွက် လုပ်ငန်းလုပ်ဆောင်မည့် ကျွဲလူးအိုင်ကျေးရွာသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးကျော်သူနှင့် နည်းပညာအကြံပေးအဖွဲ့မှ ဦးသန့်ဇော်ဝင်းတို့သည် အောက်တိုဘာ ၂၆ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖ၊ ကျေးရွာကော်မတီဝင်များနှင့်အတူ လုပ်ငန်းအကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို အကြံပြုဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

# ရခိုင်ပြည်နယ်သတင်း

## ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာကူညီမှုလုပ်ငန်းများ ဆောင်ရွက်မည့်ကိစ္စများ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အား Asian Development Bank (ADB) မှ Director General of Southeast Asia Department, Mr. Ramesh Subramaniam က ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ADB၏ မူဝါဒ၊ စီမံကိန်းလုပ်ငန်းများ အကြောင်း ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးစီမံကိန်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ ဆောင်ရွက်နေသော မြို့ပြသယ်ယူပို့ဆောင်ရေး၊ ပညာရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ၊ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ အရေးကိစ္စနှင့်ပတ်သက်၍ ပဋိပက္ခအလွန် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးကဏ္ဍများတွင် အတွေ့အကြုံရှိသော အာဆီယံနိုင်ငံအချို့၏ အကူအညီ အကြံဉာဏ်များဖလှယ်ရယူနိုင်ရေး၊ လူထုအခြေပြု သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းများတွင် ဝန်ကြီးဌာနနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ မုန်တိုင်းဒဏ်ခံအဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့်အတူ ရွာချင်းဆက်လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်တိုးတက်လာစေရေးကိစ္စများ၊ UEHRD စီမံကိန်းအတွက် လိုအပ်သောနည်းပညာနှင့် အကြံဉာဏ်အကူအညီပေးရေးကိစ္စများ ဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာကော်မတီများထူထောင်ပြီး ကြိုးပမ်းဆောင်ရွက်နေမှုများ၊ ပြည်သူအားလုံး၏ညီညွတ်မှုအင်အားဖြင့် တည်ထောင်ထားသော UEHRD ပြည်ထောင်စုစီမံကိန်း၏ အကောင်အထည်ဖော်ဆောင်ရွက်မည့်ကိစ္စများ၊ စေတနာ့ဝန်ထမ်းလူငယ်ထု၏အကူအညီဖြင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်း စာနာကူညီမှုလုပ်ငန်းများ ဆောင်ရွက်မည့်ကိစ္စများ၊ မတူကွဲပြားသော လူ့အဖွဲ့အစည်းအတွင်း ဟန်ချက်ညီစွာ အတူတကွယှဉ်တွဲနေထိုင်နိုင်ရေးရှေးရှုလျက် မတူကွဲပြားမှုစီမံခန့်ခွဲရေးဖိုရမ် (Diversity Management Forum) ကျင်းပမည့်ကိစ္စရပ်များ၊ ADBအနေဖြင့် မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးနိုင်မည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။



ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ဆောင်ရွက်ရန် UMG ကုမ္ပဏီလီမိတက်(ရုံးခွဲမိသားစုများ)က လျှုဒါန်းငွေကျပ် ၂၅ သိန်းကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ UEHRD ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■

## မောင်တောမြို့နယ်အတွင်း နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NVC) ထုတ်ပေးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၇**

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်များအနက် ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်သည့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းနှင့် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NVC) ထုတ်ပေးရေးလုပ်ငန်းများကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးဆောင်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဝန်ထမ်းများက မောင်တောမြို့နယ် ရွှေဇားကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းဝင်းအတွင်း၌ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။ ယနေ့တွင် ဒုတိယပြည်နယ်ဦးစီးမှူး ဦးစန်းဝေက ဒေသခံရွာသူ ရွာသားများအား နိုင်ငံသားစိစစ်ရေးလုပ်ငန်းနှင့် NV Card ကိုင်ဆောင်ခြင်းအတွက် ရရှိခံစားရမည့် အကျိုးကျေးဇူးများအကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းလုပ်ငန်းစဉ်သည် ယခင်ကတည်းက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းဆောင်ရွက်မှု နှောင့်နှေးကြန့်ကြာလျက်ရှိပြီး ဩဂုတ် ၂၅ ရက်တွင် ဖြစ်ပွားခဲ့သည့် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားပြီးနောက်ပိုင်း အောက်တိုဘာ ၁၂ ရက်မှစ၍ ရခိုင်ပြည်နယ်(မြောက်ပိုင်း)မောင်တောမြို့နယ် ရွှေဇားကျေးရွာအုပ်စု၌ စတင်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ National ID စနစ်အတွက် Biometric နည်းဖြင့် စိစစ်မှတ်တမ်းတင်ဆောင်ရွက်၍ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NVC) ထုတ်ပေးပြီးသူမှာ အမျိုးသား ၉၁ ဦး၊ အမျိုးသမီး ၂၉ ဦး စုစုပေါင်း ၁၂၀ ရှိပြီး National ID စနစ်အတွက် Biometric နည်းဖြင့် သီးသန့်မှတ်တမ်းတင်ပြီးသူ အမျိုးသား ၁၅ ဦး အမျိုးသမီးရှစ်ဦး စုစုပေါင်း ၂၃ ဦး ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ ဒေသခံရွာသူ ရွာသားများအား NVC ထုတ်ပေးခြင်းနှင့် National ID စနစ်အတွက် Biometric နည်းဖြင့် မှတ်တမ်းတင်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ကွင်းဆင်း ဆောင်ရွက်သွားမည်ဖြစ်သည်။ ရခိုင်ပြည်နယ်အတွင်းရှိ နိုင်ငံသားအဖြစ် အသိအမှတ်ပြုသင့်သူများကို အသိအမှတ်ပြု၍ နိုင်ငံသားအခွင့်အရေး ရရှိစေရေးအတွက် နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ် (National Verification Process) ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းစီမံချက်ရေးဆွဲ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ငါး၊ ပုစွန်အများအပြားထွက်ရှိရာ မောင်တောဒေသ၌ ငါး၊ ပုစွန်လုပ်ငန်းဖွံ့ဖြိုးရန် အရင်းအနှီး၊ ရေလုပ်သားနှင့် လုံခြုံရေးကောင်းမွန်ရန် အထူးလိုအပ်လျက်ရှိ

**မောင်တော အောက်တိုဘာ ၂၇**

ရခိုင်ပြည်နယ် မောင်တောဒေသသည် ငါး၊ ပုစွန်အများအပြားထွက်ရှိရာ ဒေသဖြစ်သော်လည်း ငါး၊ ပုစွန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် အလုပ်လုပ်ကိုင်နိုင်မည့် ငွေကြေးအရင်းအနှီးနှင့် ရေလုပ်သားများ လိုအပ်လျက်ရှိသည့်အပြင် လုံခြုံရေးပိုင်းလည်း အထူးကောင်းမွန်ရန်လိုအပ်ကြောင်း မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းတင်က ပြောကြားသည်။

"ဒီဒေသမှာ ရေလုပ်ငန်းတွေ၊ ပုစွန်ကန်၊ ငါးကန်တွေ လာလုပ်ဖို့ စိတ်ဝင်စားနေတဲ့လူတွေရှိတယ်။ ဒီလိုလုံခြုံရေးပြဿနာတွေရှိနေလို့ သူတို့ရဲ့ငွေအရင်းအနှီးတွေကို မထုတ်ချင်ကြဘူး။ ငါးကန်တွေ အများကြီးတူးမယ်၊ ပုစွန်ကန်တွေ စနစ်တကျ တူးမယ်ဆိုရင် ဈေးကွက်က ရှိပြီးသားပါ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ အာရပ်နိုင်ငံတွေကို ရောင်းလို့ရပါတယ်။ တခြားလူတွေမပြောနဲ့ စစ်တွေကလူတွေတောင် ဒီကိုလာလုပ်ဖို့ အခက်အခဲရှိတယ်။ ဖုန်းနဲ့ဆက်မေးတာတွေတော့ ရှိတယ်။ ဒါပေမယ့် တကယ်တမ်းလာလုပ်တဲ့သူမရှိသေးဘူး" ဟု ဦးထွန်းတင်က ဆိုသည်။



မောင်တောဒေသတွင် ငါးကန်၊ ပုစွန်ကန် ၁၅၃၅၉ ဒသမ ၄၇ ဧကကျော်ရှိသည်။ လက်ရှိတွင် တစ်ဧကလျှင် ပိဿာ ၃၀ အထွက်နှုန်းရှိပြီး အစာကျွေးနိုင်ပါက အနည်းဆုံး တစ်တန်ခန့် ထွက်နိုင်ကြောင်းနှင့် တိုက်ဂါးပုစွန်မှာ တစ်ပိဿာ ကျပ် တစ်သောင်းဈေးဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

အလယ်သံကျော်ကျေးရွာတွင် ရေငန်ပုစွန်သားဖောက်စခန်းရှိပြီး သားပေါက်များကို ပုဂ္ဂလိကသို့ ရောင်းချခြင်းများရှိခဲ့ပြီး တစ်နှစ်လျှင် လေးကြိမ်ထိ သားဖောက်ရရှိနိုင်သော်လည်း လုပ်သားအင်အား၊ လုံခြုံရေးအခြေအနေနှင့် အရင်းအနှီးကြောင့် ပစ်ထားရသည်မှာ နှစ်နှစ်၊ သုံးနှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

"ထိုင်းမှာ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေကြတာ မြန်မာနိုင်ငံသားအများဆုံးပဲ။ အဲဒီထဲမှာ ရခိုင်သားတော်တော်များတယ်။ တစ်လကို ကျပ် လေး၊ ငါးသိန်းရတာ။ ဒါပေမယ့် ကိုယ့်နိုင်ငံလာရင် အလုပ်မရှိဘူးလေ။ မောင်တောမှာ တစ်လနှစ်သိန်းလောက်ရမယ့် အလုပ်မရှိဘူး။ သူတို့ပြန်လာလုပ်ဖို့ဆို အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးရမယ်။ မောင်တော လိုနေရာမျိုးမှာ စက်ရုံ၊ အလုပ်ရုံတွေ အများကြီးဆောက်ပေးရမယ်။ လမ်းတွေဖောက်ပေးရမယ်။ လျှပ်စစ်မီး ၂၄ နာရီရအောင် လုပ်ပေးရမယ်။ လုံခြုံရေးတာဝန်ယူပေးရမယ်။ အဲဒါဆိုရင် ရခိုင်ကနေ ပြည်ပရောက်နေတဲ့သူတွေ အကုန်လုံးနီးပါးပြန်ဝင်ပြီးတော့မှ အလုပ်အကိုင်ပေးထားလို့ရတယ်။ အခုက အလုပ်အကိုင်ဘာမှမရှိတော့ ရခိုင်သားတွေ မလေးတို့၊ ထိုင်းတို့ရောက်နေတယ်။ တစ်ခုခု ပြဿနာဖြစ်လာရင် လူကြီးတွေပဲကျန်တယ်။ သန်သန်မာမာလူငယ်တွေ မရှိတော့ဘူး။ ဝန်ထမ်းဖြစ်ရင်ဖြစ်၊ မဖြစ်ရင် ထိုင်းနဲ့ မလေးရှားကိုပဲ သွားကြတယ်"ဟု ဦးထွန်းတင်က ပြောသည်။

ပင်လယ်ပြင် ငါးဖမ်းလုပ်ငန်းတွင် ကမ်းနီး၊ ကမ်းဝေးရှိပြီး ကမ်းခြေမှ ၁၀ မိုင်အတွင်းကို ကမ်းနီး ငါးဖမ်းလုပ်ငန်းအဖြစ် သတ်မှတ်ထားသည်။ မောင်တောဒေသတွင် ကမ်းနီးငါးဖမ်းခြင်း လုပ်ငန်းသာရှိပြီး လက်လှော်လှေ၊ စက်လှေမြင်းကောင်ရေ ၂၅ ကောင်အောက်ကို မြို့နယ်မှ ခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ကမ်းဝေးငါးဖမ်းလုပ်ငန်းမှာမူ စစ်တွေ၊ ကျောက်ဖြူ သံတွဲမြို့တို့တွင်ရှိကြောင်း သိရသည်။

**(နိုင်လင်းကြည်၊ သန့်ဇင်ဝင်း)**

■

ကြေးမုံ



# UEHRD သို့ အများပြည်သူ လှူဒါန်းနိုင်ရန် ဘဏ်စာရင်းအသစ်များ အသိပေးကြေညာခြင်း

၁။ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)ကော်မတီသို့ အများပြည်သူများ၏ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ငွေစာရင်းအမှတ် EDU- 600002(US $ account: Myanmar Economic Bank, Bank Branch: Nay Pyi Taw, Account Number: EDU-600002)နှင့် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ငွေစာရင်းအမှတ် CF-003434(Myanmar Kyat Account: Myanmar Economic Bank, Bank Branch: Nay Pyi Taw, Account Number CF-003434)တို့ ဖွင့်လှစ်ထားရှိကြောင်း အောက်တိုဘာ ၂၁ ရက်နေ့ထုတ် သတင်းစာများတွင် ဖော်ပြအသိပေးခဲ့ပါသည်။

၂။ ယခုအခါ ပြည်သူများ အလွယ်တကူ လက်လှမ်းမီ လှူဒါန်းနိုင်စေရန်အတွက် UEHRD သို့ ဘဏ်စာရင်းအသစ်များ ဖွင့်လှစ်ထားရှိပြီးဖြစ်ရာ ပူးတွဲပါ ဘဏ်စာရင်းအသစ်များသို့ ပြောင်းလဲထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| စဉ် | ဖွင့်လှစ်သည့်ဘဏ်အမည် | စာရင်းရှင် စာရင်းအမှတ် (Myanmar Kyat Account) | နိုင်ငံခြားငွေစာရင်းအမှတ် (US $ Account) |
|---|---|---|---|
| ၁ | ကမ္ဘောဇဘဏ် | 034 103 034 017 85901 | 206 109 206 015 42701 |
| ၂ | CB ဘဏ် | 009 310 040 000 0183 | 009 310 120 000 1007 |
| ၃ | AYA ဘဏ် | 000 110 501 002 2168 | 000 110 503 000 0135 |
| ၄ | မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်) | CF - 003638 | EDU - 400001 |

**ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုအကူအညီ**
**အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းကော်မတီ**

## နေရပ်စွန့်ခွာဒေသခံတိုင်းရင်းသားများအား Yangon Lion Club ပရဟိတအဖွဲ့မှ အဝတ်အထည်များထောက်ပံ့

**စစ်တွေ အောက်တိုဘာ ၂၇**

'ဝ' မင်းကုမ္ပဏီနာယကဦးမြင့်ဝေ ဦးဆောင်သည့် 'ဝ' မင်းကုမ္ပဏီ ဒါရိုက်တာ ဦးသိန်းဌေး စီစဉ်မှုဖြင့် Yangon Lion Club ပရဟိတအဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများအား ပြည်နယ်အစိုးရအဖွဲ့ရုံးဝန်ကြီးချုပ်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားများအား ကူညီထောက်ပံ့ပေးနိုင်ရန်အတွက် အဝတ်အထည်မျိုးစုံ ၂၅ ပုံး တန်ဖိုးငွေကျပ် ၁၂၃၈၆၅၀၀ အား ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အလှူငွေနှင့် ပစ္စည်းများ လက်ခံဖြန့်ဖြူးရေးကော်မတီသို့ လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

■



## ကျောက်ဖြူမြို့နယ်တွင် မိုးစပါးစံကွက် ရိတ်သိမ်း

**နေပြည်တော် အောက်တိုဘာ ၂၇**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ရေမျက်ကျေးရွာအုပ်စု တန်ဆောင်းကျေးရွာ ဦးကျော်လှချေ၏ လယ်မြေတွင် မိုးစပါးစံကွက်ရိတ်သိမ်းခြင်းကို အောက်တိုဘာ ၂၅ ရက်က စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ ကွင်းဝန်ထမ်းများနှင့် မြို့နယ်မြေစာရင်းဝန်ထမ်းများ ဦးဆောင်ကာ ဆောင်ရွက်ခဲ့ကြသည်။

ကျောက်ဖြူမြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ ခုနှစ် မိုးရာသီတွင် မိုးစပါး ၄၅၉၇၉ ဧက စိုက်ပျိုးထားရှိသည်။ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ လိုက်နာကျင့်သုံးစိုက်ပျိုးထားသော စံပြကွက် ဧက ၃၀ အောင်မြင်ဖြစ်ထွန်းမှုကို ပညာပေးပြသလျက်ရှိပြီး ပြည်မြန်မာစိန်စပါးမျိုး တစ်ဧကကို စံကွက်ရိတ်သိမ်းရာ တစ်ဧကအစို ၇၇ ဒသမ ၇၃ တင်းထွက်ရှိခဲ့သည်။ ယခင်နှစ်က ဆင်းသွယ်လတ် စပါးမျိုးစိုက်ပျိုးပြီး ယခုနှစ်စိုက်ပျိုးသော ပြည်မြန်မာစိန်စပါးမျိုးသည် ဆားငန်ဒဏ်ကို ခံနိုင်ရည်ရှိပြီး အထွက်နှုန်းကောင်းသဖြင့် တောင်သူများ ကြိုက်နှစ်သက်မှုရှိကြောင်း သိရသည်။

ထို့အတူ အောက်တိုဘာ ၂၅ ရက် နံနက် ၈ နာရီက မြောက်ဦးခရိုင် မင်းပြားမြို့နယ် နတ်ရှင်ချောင်းကျေးရွာတွင် စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးပိုးမွှား ရောဂါကာကွယ်နှိမ်နင်းရေးနည်းပညာဆွေးနွေးပွဲ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မင်းပြားမြို့နယ်တွင် ၂၀၁၇-၂၀၁၈ ခုနှစ် မိုးစပါး ၉၁၃၅၂ ဧက စိုက်ပျိုးထားရှိသည့် စပါးစိုက်ခင်းများတွင် ပိုးမွှားရောဂါကျရောက်ခြင်းမှ ကာကွယ်ရန်အတွက် မြောက်ဦးခရိုင်၊ စိုက်ပျိုးရေးဦးစီးအရာရှိ ဒေါ်ဝင်းဝင်းနိုင်၊ မင်းပြားမြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းငါးဦးတို့က ပိုးမွှားကင်းထောက်နည်းပညာများ၊ ဘက်စုံပိုးမွှားရောဂါကာကွယ်မှုနည်းစနစ်များ၊ ပိုး/ ရောဂါသတ်ဆေးများ၊ ပိုးသတ်ဆေး စနစ်တကျ ကိုင်တွယ်သုံးစွဲနည်းများအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲသို့ နတ်ရှင်ချောင်းကျေးရွာနှင့် အနီးအနားကျေးရွာမှ တောင်သူ ၂၅ ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာကြသူ တောင်သူများက မိမိတို့စိုက်ခင်းများတွင် ကျရောက်လျက်ရှိသည့် ပိုးမွှားရောဂါအကြောင်း အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မောင်တောမြို့နယ်အတွင်းရှိ မိုးစပါးစိုက်ခင်းများအား အောက်တိုဘာ ၂၈ ရက်တွင် စတင်ရိတ်သိမ်းပေးမည်

**မောင်တော အောက်တိုဘာ ၂၇**

ရခိုင်ပြည်နယ် မောင်တောဒေသ၌ ယခုနှစ်တွင် မိုးစပါးစိုက်ပျိုးဧက ၇၁၀၀၀ ကျော်ရှိပြီး အဆိုပါစပါးခင်းများကို ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့က အောက်တိုဘာ ၂၈ ရက်တွင် စတင်ရိတ်သိမ်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မောင်တောမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းဝေက "မောင်တောဒေသမှာ မိုးစပါးစိုက်ဧက ၇၁၀၀၀ ကျော်ရှိခဲ့ပေမယ့် ဧက ၄၅၀၀၀ လောက်ရိတ်မယ်ဆိုပြီး စက်မှုလယ်ယာနဲ့ ညှိနှိုင်းဆောင်ရွက်နေပါတယ်။ လက်ရှိမှာ လုပ်သားအင်အား ရှားပါးနေတဲ့အတွက် စက်မှုလယ်ယာက ရိတ်သိမ်းခြွေလှေ့စက်တွေနဲ့ အောက်တိုဘာ ၂၈ ရက်ကစပြီး ရိတ်မယ်လို့ အစီအစဉ်ဆွဲနေကြပါတယ်။ အခုရိတ်သိမ်းမှုကိုတော့ စက်မှုလယ်ယာနဲ့ပူးပေါင်းပြီး ဆောင်ရွက်သွားမှာပါ။ စိုက်ပျိုးရေးပိုင်းအနေနဲ့ကတော့ အခြောက်ခံမယ်။ အစိုဓာတ်ကို ၁၃ ရာခိုင်နှုန်းလောက်အထိ ကျအောင် အခြောက်ခံတဲ့အဆင့်ကနေ သိုလှောင်တဲ့အဆင့်အထိ တာဝန်ယူသွားမှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

ရိတ်သိမ်းခြွေလှေ့ပြီး စပါးများထားရှိမှုကို စုရပ်အနေဖြင့် တစ်မြို့နယ်လုံးတွင် ခုနစ်နေရာသတ်မှတ်ထားပြီး ရိတ်သိမ်းခြွေလှေ့ပြီးစပါးများကို ပြည်နယ်အစိုးရ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"လောလောဆယ်တော့ ရိတ်မယ်၊ အခြောက်ခံမယ်၊ သိုလှောင်ထားမယ်ဆိုတာလောက်ပဲ တာဝန်ပေးထားပါတယ်။ မောင်တောမြို့နယ်အနေနဲ့ကတော့ မျိုးစေ့ထုတ်စိုက်ခင်းတွေ နောက်နှစ်အတွက် ရည်ရွယ်ပြီးတော့ ဧက ၃၀ ကို မြို့သူကြီးမှာ ဆောင်ရွက်ထားတာရှိပါတယ်။ ဧက ၃၀ က ထွက်လာတဲ့စပါးတွေကို မျိုးအဖြစ် စုဆောင်းပြီး နောက်နှစ်ရာသီမှာ မောင်တောမြို့နယ်မှာ စိုက်ပျိုးနိုင်ဖို့အတွက် စီစဉ်နေပါတယ်"ဟု ဦးသိန်းဝေက ဆိုသည်။

"မနက်ဖြန်က စပြီး နယုန်တောင်၊ မြို့သူကြီး၊ အလယ်သံကျော် စတဲ့ သုံး၊ လေးနေရာခွဲပြီးတော့ ရိတ်သိမ်းခြွေလှေ့လုပ်ငန်း စတင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တစ်ရက်မှာ Combine harvester ကြီးတစ်စီးနဲ့ဆိုရင် လယ်ကွက်အကျဉ်း၊ အကျယ်နဲ့ မြေအပျော့ အမာပေါ်မူတည်ပြီး ငါးဧကနဲ့ ဆယ်ဧက ကြားထဲမှာ ပြီးနိုင်ပါတယ်။ စပါးဧက ၇၁၀၀၀ လုံးကိုတော့ ရိတ်သိမ်းပေးနိုင်မှာမဟုတ်ပါဘူး။ ရိတ်ပေးတဲ့အခါမှာ ဒီစက်တွေကို ရခိုင်ပြည်နယ် စက်မှုလယ်ယာဦးစီးဌာနတစ်ခုတည်းက တာဝန်ယူပြီး မောင်းဖို့ လူအင်အား အခက်အခဲရှိတဲ့အတွက် နေပြည်တော် စက်မှုလယ်ယာဦးစီးဌာန ရုံးချုပ်ရဲ့အစီအစဉ်နဲ့ မကွေး၊ မန္တလေး၊ ပဲခူး၊ နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီးတွေက ကျွမ်းကျင်တဲ့စက်မှုဝန်ထမ်းတွေကိုပါ အကူလွှတ်ပြီး မောင်တောမှာ ရိတ်သိမ်းခြွေလှေ့ပေးမှာဖြစ်ပါတယ်"ဟု ရခိုင်ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်မောင်ကြီးက ပြောသည်။



မောင်တောမြို့နယ်ရှိ မိုးစပါးစိုက်ခင်းများကို အချိန်မီ ရိတ်သိမ်းခြွေလှေ့နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပြီး တချို့ကျေးရွာများတွင် ယမန်နှစ်က ပေးထားသည့် လက်တွန်းစပါးရိတ်သိမ်းစက်များဖြင့် ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။

"မောင်တောမှာက နှစ်ပိုင်းပါ။ ပထမအပိုင်းကတော့ နေရပ်စွန့်ခွာသွားတဲ့ သူတွေ၊ နေရပ်မစွန့်ခွာဘဲ မိမိအရပ်မှာပဲ နေတဲ့သူတွေရှိပါတယ်။ နေရပ်မစွန့်ခွာတဲ့သူတွေကတော့ တချို့လည်း တစ်ပိုင်တစ်နိုင်ရိတ်သိမ်းကြတာတွေလည်း ရှိပါတယ်။ ခြွေလှေ့စက်တွေနဲ့ခြွေဖို့ တချို့ရွာတွေမှာ လုပ်နေပါတယ်။ နောက်တစ်ပိုင်းကတော့ နေရပ်စွန့်ခွာပြီးတော့ ပြန်မလာတဲ့လူတွေရဲ့ စပါးတွေကိုတော့ အလေအလွင့်ဖြစ်သွားမှာစိုးတဲ့အတွက် ပြည်နယ်အစိုးရရဲ့လမ်းညွှန်မှုနဲ့ အခုလို Combine harvester ကြီးတွေ ပို့ပြီးတော့ စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်" ဟု ဦးတင်မောင်ကြီးက ဆိုသည်။

မောင်တောဒေသတွင် စိုက်ပျိုးထားသည့် မိုးစပါးစိုက်ခင်းများကို ရိတ်သိမ်းရန် မြင်းကောင်ရေ 70 DC 70G ရှိသည့် Combine harvester ၁၄ စီး မောင်တောသို့ ရောက်ရှိနေပြီဖြစ်ပြီး နောက်ထပ် ၁၈ စီးထပ်မံရောက်ရှိလာမည်ဖြစ်သောကြောင့် စုစုပေါင်း ၃၂ စီးဖြင့် ရိတ်သိမ်းခြွေလှေ့မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(နိုင်လင်းကြည်၊ သန့်ဇင်ဝင်း)**

# စားသုံးရန်မသင့်သော အစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့စားသုံးနိုင်ရန် စဉ်ဆက်မပြတ် စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကိုဈေးများမှ ဝယ်ယူစစ်ဆေးရာ အောက်ဖော်ပြပါ အမှတ်တံဆိပ်များဖြင့် ထုတ်လုပ်သောအစားအသောက်များ၌ ခွင့်မပြုဆိုးဆေးများ၊ မှိုအဆိပ်ပါဝင်ခြင်းတို့ကြောင့် စားသုံးရန်မသင့်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချသူများသည် အစားအသောက်တွင်သုံးစွဲရန် ခွင့်မပြုသောဆိုးဆေးများကိုလုံးဝအသုံးမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသားအစားအသောက် ဥပဒေပုဒ်မ ၂၈(က)အရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

### အမှတ်တံဆိပ်နှင့်အစားအသောက်အမျိုးအစားများ

| စဉ် | အစားအသောက်အမျိုးအစား | အမှတ်တံဆိပ် | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | ပုစွန်ငါးပိ | ရွှေပုဇွန် | RhodamineB(ခွင့်မပြုဆိုးဆေး) |
| ၂။ | အရောင်တင်မှုန့် | ရွှေဟသ်ာ | Sudan III, Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၃။ | မြိတ်ငါးပိထောင်း | မြသီရိ | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၄။ | ရှူးရှဲလက်ဖက်ချဉ်စပ်နှပ် | အေးကမ္ဘာ | Auramine O (ခွင့်မပြုဆိုးဆေး) |
| ၅။ | လက်ဖက်ချဉ်စပ်နှပ် | မသက်သက် | Auramine O (ခွင့်မပြုဆိုးဆေး) |
| ၆။ | လက်ဖက်ချဉ်စပ် | ရွှေတောင်တန်း | Auramine O (ခွင့်မပြုဆိုးဆေး) |
| ၇။ | လက်ဖက်အညွန့် | ရွှေဖောင်းကွဲ | Auramine O (ခွင့်မပြုဆိုးဆေး) |
| ၈။ | ငရုတ်သီးအစိမ်းမှုန့် | ဟသ်ာမင်း | မှိုအဆိပ်(Aflatoxin B1) သတ်မှတ်ပမာဏထက် ကျော်လွန်နေပါသည်။ |

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**



ပုစွန်ငါးပိ



အရောင်တင်မှုန့်




မြိတ်ငါးပိထောင်း



ရှူးရှဲလက်ဖက်ချဉ်စပ်နှပ်



လက်ဖက်ချဉ်စပ်နှပ်



လက်ဖက်ချဉ်စပ်



လက်ဖက်အညွန့်





ငရုတ်သီးအစိမ်းမှုန့်



# တောင်ကြီးတွင် သေနတ်အတုဖြင့် ရွှေဆိုင်လုယက်သူအား ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၇**

ရှမ်းပြည်နယ် တောင်ကြီးမြို့ ရွှေဆိုင်တစ်ဆိုင်၌ သေနတ်အတုဖြင့် ခြိမ်းခြောက်၍ ရွှေများလုယက်ရန် ကြံစည်သူအား ရှမ်းပြည်နယ် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးရဲမြင့်နှင့် တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က စုံစမ်းဖော်ထုတ်ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၆ ရက် နံနက် ၁၁ နာရီခန့်တွင် တောင်ကြီးမြို့ ကန်ရှေ့ရပ်ကွက်ရှိ လုံဝမ် ရွှေဆိုင်၌ ပိုင်ရှင် ဦးရွှေစိန်နှင့် ဇနီးဖြစ်သူ ဒေါ်သီတာဦးတို့ ရှိနေစဉ် ဆိုင်ကယ်ဦးထုပ်ဆောင်းပြီး အနက်ရောင်နှာခေါင်းစည်း တပ်ဆင်ထားသည့် အမည်မသိအမျိုးသားတစ်ဦးသည် ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး ရွှေထည်ပစ္စည်းများအား ပြသခိုင်းသဖြင့် သိန်း ၁၉၀ ခန့်တန်ဖိုးရှိ ရွှေထည်ပစ္စည်းများအား ပြသခဲ့ကြောင်း၊ အဆိုပါ ပစ္စည်းများအား ဝယ်ယူမည်ဖြစ်ကြောင်းနှင့် ငွေများအား လာရောက်ပို့ခိုင်းထားကြောင်းပြောဆိုပြီး ဆိုင်ပြင်သို့သုံးလေးကြိမ်ခန့် အဝင်၊ အထွက်ပြုလုပ်နေကြောင်း၊ အဆိုပါအမျိုးသားက ဖုန်းဆက်သွယ်ပြောဆိုရန် ငှားရမ်းသဖြင့် ခေတ္တပေးအပ် အသုံးပြုစေခဲ့ကြောင်း၊ ခဏအကြာ ၎င်းက ဆိုင်ကယ် တူးဘောက်အတွင်းမှ ကြွပ်ကြွပ်အိတ်တစ်လုံးအား ယူဆောင်ကာ ဆိုင်အတွင်းသို့ပြန်ဝင်လာကြောင်း။

ဆိုင်ရှင် ဒေါ်သီတာဦးက ရွှေထည်ပစ္စည်းများအား ဆက်လက်ပြသနေစဉ် ၎င်းကိုင်ဆောင်ထားသည့် အိတ်အတွင်းမှ 645 Performance Center စာတန်းပါ ကလေးဆော့သည့် သေနတ်အားထုတ်၍ ဒေါ်သီတာဦးကိုချိန်ရွယ်ကာ ရွှေထည်ပစ္စည်းများအား ပေးရန်ပြောဆိုကြောင်း၊ ထိုစဉ် ဦးရွှေစိန်က အဆိုပါအမျိုးသားအား ဝင်ရောက်လုံးထွေးစဉ် သေနတ်နှင့် ဆိုင်ကယ်သော့နှစ်ချောင်းမှာ လွတ်ကျသွားခဲ့ကြောင်း၊ နှာခေါင်းစည်းမှာလည်း ကျွတ်သွားသဖြင့် ဆိုင်အပြင်သို့ ထွက်ပြေးသွားခဲ့ကြောင်း၊ ရွှေဆိုင်မှ ရွှေထည်ပစ္စည်းများ ပါသွားခြင်းမရှိကြောင်းနှင့် ရဲစခန်းသို့အကြောင်းကြားခဲ့သဖြင့် ခရိုင်ရဲတပ်ဖွဲ့မှူးဦးစီးသည့် တပ်ဖွဲ့ဝင်များက ဆိုင်ကယ်အရောင်းစင်တာများအား လိုက်လံစုံစမ်းခဲ့ရာ တောင်ကြီးမြို့ လွယ်ကောင်းကျေးရွာနေ ခွန်ရန်းထိုက ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဆိုင်ကယ်အား ဝယ်ယူခဲ့ကြောင်းသိရှိရ၍ ရဲတပ်ဖွဲ့ဝင်များသည်အဖွဲ့များခွဲကာ လိုက်လံစုံစမ်းရှာဖွေခဲ့ရာ မွန်းလွဲ ၂ နာရီအချိန်တွင် City Square အောက်ဆုံးထပ် ဆောက်လုပ်ရေးပစ္စည်းများထားသည့် မလွယ်ပေါက်အတွင်းမှ ခွန်ရန်းထိုအား ဖမ်းဆီးရမိခဲ့သောကြောင့် တောင်ကြီးမြို့မ ရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လားရှိုး၌ မီးလောင်မှုဖြစ်ပွား

**လားရှိုး အောက်တိုဘာ ၂၇**

လားရှိုးမြို့ ရပ်ကွက်(၄) နယ်မြေ(၁၅) ရတနာပုံလမ်းတွင် ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးဘချိုနေအိမ်တွင် လျှပ်စစ်မိန်းဘုတ်ခုံ အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးလောင်ရာသို့ လားရှိုးမြို့မီးသတ်စခန်းမှ သန္နေတပ်ဖွဲ့ဝင် ၂၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀၊ သန္နေမီးငြိမ်းသတ်ယာဉ်လေးစီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီး၊ အရန်မီးငြိမ်းသတ် ယာဉ်ငါးစီးတို့ဖြင့် မီးလောင်ရာနေရာသို့ သွားရောက်ငြိမ်းသတ်ခဲ့ကြောင်း သိရသည်။



မီးလောင်မှုကြောင့် သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းနေအိမ်မှာ မီးလောင်ဆုံးရှုံးခဲ့ပြီး မီးပေါ့ဆမှုကြောင့် ဦးဘချိုအား လားရှိုးမြို့ အမှတ်(၁) နယ်မြေ ရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၂၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၃၇ စီး၊ သွင်းကုန် ၅၆၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၅ စီး၊ သွင်းကုန် ၁၇၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉ ဒသမ ၁၄၉ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၄၀ ခန့်) စုစုပေါင်းတားဆီးမှု ၁၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉ ဒသမ ၁၄၉ သန်းခန့်)အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၂၆ ရက်တွင် ရန်ကုန်သို့သွားရောက်မည့် Hiace ယာဉ်အား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် LED TV 28" 60 U၊ NEC 15" Laptop (Used) 34 U၊ HP 15" Laptop (Used) 19U၊ HP 14" Laptop (Used) 1U၊ Toshiba 15" Laptop (Used) 9 U နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၄ ဒသမ ၇ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# စပါးနှင့် ပွဲစဉ်တွင် ဖီးလ်ဂျုံးစ်နှင့် ဘိုင်လီတို့ ပြန်လည်ပါဝင်လာရန် ရှိနေ


စပါးအသင်းကို ရင်ဆိုင်ရမည့် ပရီမီယာလိဂ်ပွဲစဉ်တွင် မန်ယူအသင်း၌ ဖီးလ်ဂျုံးစ်နှင့် ဘိုင်လီတို့ ပါဝင်လာရန် ရှိနေသလို ပေါ့ဘာမှာလည်း နိုဝင်ဘာ ၅ ရက် ချယ်လ်ဆီးနှင့် ပွဲစဉ်တွင် ပြန်လည်ပါဝင်လာဖွယ် ရှိနေပြီဖြစ်သည်။ ဘိုင်လီမှာ ပေါင်ခြံဒဏ်ရာကြောင့် ရက်သတ္တသုံးပတ်ကြာမျှ အနားယူခဲ့ရသော်လည်း ကြာသပတေးနေ့က ကာရင်တန် လေ့ကျင့်ရေးကွင်းတွင် ဝင်ရောက်ကစားနိုင်ခဲ့သည်။ မန်ယူသည် ပရီမီယာလိဂ်တွင် နှစ်ပတ်ဆက်တိုက် ရလဒ်ဆိုးရှုံးခဲ့သော်လည်း စပါးကို အနိုင်ယူနိုင်မည်ဟု ယုံကြည်ချက်အပြည့်ရှိနေကြောင်း The Sun သတင်းဌာနက ဖော်ပြသည်။

ဘိုင်လီမှာ နိုင်ငံတကာ ခြေစစ်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရင်း ဒဏ်ရာရရှိသွားခဲ့ခြင်းကြောင့် မန်ယူ၏ ပွဲစဉ်လေးပွဲကို လွဲချော်ခဲ့သော်လည်း စပါးနှင့် ပွဲစဉ်တွင် ပြန်လည်ပါဝင်နိုင်ရန် ရှိနေခြင်းဖြစ်သည်။ ဘိုင်လီအပြင် ဖီးလ်ဂျုံးစ်မှာလည်း ကြံ့ခိုင်မှုပြည့်ဝနေပြီဖြစ်ရာ မန်ယူအသင်း ခံစစ်အင်အား ပြန်လည်တောင့်တင်းမည့် အနေအထားပင်ဖြစ်သည်။

ဆွမ်ဆီးကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိသည့် ကာလီဘာရီဖလားပွဲစဉ်တွင် မော်ရင်ဟိုက "စနေနေ့ပွဲကျရင် ဂျုံးစ် ပြန်ပါဝင်နိုင်မယ်လို့ ထင်ပါတယ်။ သူက အရန်ခုံမှာ ထိုင်နေရစဉ်မှာ သူက ကျွန်တော်သူ့ကို လိုရင်ဝင်ကစားပေးဖို့ အသင့်ပဲလို့ ကျွန်တော့်ကို ပြောကြားခဲ့ပါတယ်။ ကျွန်တော်ကတော့ စနေနေ့မှာ ကစားရင် ပိုကောင်းမယ်လို့ ထင်ပါတယ်"ဟု ပြောကြားခဲ့သည်။

ထို့ပြင် တံကောက်ကြောဒဏ်ရာရရှိနေသည့် ကွင်းလယ်လူ ပေါလ်ပေါ့ဘာမှာလည်း နိုဝင်ဘာ ၅ ရက် ချယ်လ်ဆီးနှင့် ပွဲတွင် ပြန်လည်ပါဝင်နိုင်ရန် ရှိနေကြောင်း သိရသည်။ ပေါ့ဘာသည် ဘေဆယ်လ်နှင့် ချန်ပီယံလိဂ်ပွဲစဉ်တွင် တံကောက်ကြောဒဏ်ရာရရှိခဲ့ပြီးနောက် အမေရိကန်ပြည်ထောင်စု မိုင်ယာမီတွင် ခြောက်ပတ်ကြာ လေ့ကျင့်မှုများ ပြုလုပ်ပြီးနောက် မန်ယူကွင်းသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

## အိုဇေးလ်လက်သစ် ဘာကေအော်ဇ်စကန် ကို ခေါ်ယူရန် အာဆင်နယ် ကြိုးပမ်း



"ကျွန်တော်နဲ့ ကျွန်တော့်အေးဂျင့်တို့ အာဆင်နယ်အသင်း တာဝန်ရှိသူတွေနဲ့ ဆွေးနွေးမှုတွေပြုလုပ်ခဲ့ပါတယ်"ဟု ဘာကေအော်ဇ်စကန်ဆိုသူ တူရကီ-ဂျာမနီနွယ်ဖွား လူငယ်ကစားသမားလေးက ပြောကြားခဲ့သည်။ အော်ဇ်စကန်မှာ အိုဇေးလ်လက်သစ်အဖြစ် နာမည်ကြီးသူဖြစ်ပြီး သူ့ကို အာဆင်နယ်မှ ကိုယ်စားလှယ်များ စောင့်ကြည့်နေသည်မှာ အနည်းဆုံး နှစ်ရာသီရှိပြီဖြစ်ကြောင်းလည်း ဆိုသည်။

အောဇ်စကန်မှာ အိုဇေးလ်နှင့် ဆင်တူသည့် အချက်အလက်များစွာရှိသူဖြစ်ပြီး အိုဇေးလ်ကဲ့သို့ပင် တူရကီလူမျိုးမိဘများမှ ဂျာမနီနိုင်ငံတွင် မွေးဖွားလာသူဖြစ်သည်။ သို့သော် အော်ဇ်စကန်က ဂျာမနီယူ-၁၅ အသင်းအတွက် ၁၅ ပွဲ ဝင်ရောက်ကစားပြီးကာမှ တူရကီလက်ရွေးစင်ကစားသမားဘဝကို ရွေးချယ်ကာ မိခင်နိုင်ငံကို သစ္စာရှိကြောင်း ပြသခဲ့သည်။ အော်ဇ်စကန်သည် ပြီးခဲ့သည့် ဘောလုံးရာသီက စတုဂတ်အသင်းကို ဘွန်ဒက်စ်လီဂါသို့ ပြန်လည်တက်လှမ်းနိုင်အောင် ကူညီပေးနိုင်ခဲ့ပြီး အာဆင်နယ်သို့ သွားသင့်၊ မသွားသင့် ဆိုသည်ကို စဉ်းစားနေဆဲပင်ဖြစ်ကြောင်း ဆိုခဲ့သည်။

## မန်ယူနှင့်ပွဲတွင် ဟယ်ရီကိန်းပါဝင်ရန် မသေချာ

စပါးတိုက်စစ်မှူး ဟယ်ရီကိန်းမှာ တံကောက်ကြောဒဏ်ရာပြဿနာကြောင့် မန်ယူနှင့် ကစားမည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ပါဝင်နိုင်ရန် မသေချာသည့် အနေအထားပင်ဖြစ်သည်။ စပါးသည် ကိန်းဒဏ်ရာရရှိခဲ့ပြီးနောက် ကစားခဲ့သည့် ကာလီဘာရီဖလားပွဲစဉ်တွင်လည်း အရေးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီးဖြစ်သလို ယနေ့တွင်လည်း မန်ယူအသင်းကို ရင်ဆိုင်ရန် ရှိနေခြင်းဖြစ်သည်။

ဝက်စ်ဟမ်းနှင့် ပွဲစဉ်တွင် လော်ရန်တေးက တိုက်စစ်ကို ဦးဆောင်ကစားခဲ့ပြီး ဦးဆောင်ဂိုး နှစ်ဂိုးရရှိခဲ့ပြီးကာမှ သုံးဂိုးပြန်ပေးခဲ့ရကာ သုံးဂိုး-နှစ်ဂိုးဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ အိုးထရက်ဖို့ဒ်တွင် ကစားမည့်ပွဲစဉ်တွင်လည်း စပါးတိုက်စစ်ကို လော်ရန်တေးသာ ဆက်လက် ဦးဆောင်နိုင်ဖွယ်ရှိနေသည်။

စပါးနည်းပြ ပိုချက်တီနိုက"ကျွန်တော်တို့တွေ စောင့်ကြည့်ရအောင်ပါ။ အသင်းရဲ့အခြေအနေကို ခန့်မှန်းကြည့်ဖို့ လိုအပ်ပါတယ်။ မတူညီတဲ့ ရာသီတွေမှာ ကျွန်တော်တို့အနေနဲ့ အချို့ပွဲစဉ်တွေအတွက် အလှည့်ကျ လူထုတ်ပုံ လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ နောက်ရက်တွေမှာ ဘာတွေဆက်ဖြစ်မလဲဆိုတာ စောင့်ကြည့်ရအောင်ပါ"ဟု ဆိုခဲ့ခြင်းဖြစ်သည်။

ကိန်းမှာ မန်ယူနှင့် ပွဲစဉ်တွင် ပါဝင်နိုင်ရန်မသေချာသလို ရီးယဲလ်ကို ရင်ဆိုင်မည့် ချန်ပီယံလိဂ်ပွဲစဉ်ကိုလည်း ပါဝင်နိုင်ခြင်း ရှိ၊ မရှိဆိုသည်ကို ယခုထိ အတည်မပြုနိုင်သေးပေ။ ကိန်းမှာ နောက်ဆုံးကစားခဲ့သည့် ၁၃ ပွဲတွင် ၁၇ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ်အတွင်း သူ၏ သွင်းဂိုးမှာ ၄၅ ဂိုးအထိ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ယင်းသို့သော မှတ်တမ်းကောင်းကြောင့် ကမ္ဘာ့ထိပ်တန်းကလပ် ရီးယဲလ်မက်ဒရစ်အသင်းက ကိန်းကို ခေါ်ယူရန် ချိတ်ဆက်နေသည်ဟူသော သတင်းများတောက်လျှောက် ထွက်လာခဲ့သည်။





## ဆန်းချက်ဇ်အတွက် ပေါင်သန်း ၃၀ အာဆင်နယ်အလိုရှိ

အာဆင်နယ်အသင်းသည် တိုက်စစ်မှူး အလက်ဆစ် ဆန်းချက်ဇ်အတွက် ပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀ အလိုရှိနေသည်ဟု သတင်းများ ထွက်နေသော်လည်း နည်းပြ ဝင်းဂါးက ဆန်းချက်ဇ်အတွက် ဈေးနှုန်း သတ်မှတ်မှုကို ဖြေကြားရန် ငြင်းဆိုခဲ့သည်။

သို့သော် မန်စီးတီး သတင်းရင်းမြစ်တစ်ခုက "အာဆင်နယ်က ခုတော့ ဆန်းချက်ဇ်နဲ့ပတ်သက်ပြီး စိတ်အနှောင့်အယှက် မဖြစ်တော့ပါဘူး။ ကျွန်တော်တို့ဘက်က လာမယ့် ဇန်နဝါရီဈေးကွက်ကျရင် ပေါင်သန်း ၂၀ နဲ့ ကမ်းလှမ်းမယ်။ သူတို့ကတော့ ပေါင်သန်း ၃၀ အထက် ရချင်တယ်ဆိုတဲ့ စာတွေပေးပို့နေတုန်းပဲ။ ပတ် (ဂွါဒီယိုလာ)ကတော့ သူ(ဆန်းချက်ဇ်)ဟာ ပရီမီယာလိဂ်နဲ့ ချန်ပီယံလိဂ်တွေမှာ မတူညီတဲ့ အဆင့်တစ်ရပ် ပြသနိုင်တဲ့သူဆိုတာ ယုံကြည်ထားပါတယ်။ ဆန်းချက်ဇ်ကလည်း ခုထိ မန်စီးတီးကို လာချင်တုန်းပဲလို့ ကျွန်တော်တို့ နားလည်ထားပါတယ်"ဟု သတင်းပေးခဲ့သည်။

ဆန်းချက်ဇ်မှာ ပြီးခဲ့သည့် နွေဈေးကွက် အပြောင်းအရွှေ့နောက်ဆုံးရက်တွင် မန်စီးတီးသို့ ပြောင်းရွှေ့ရန် အနီးစပ်ဆုံး အခြေအနေတစ်ရပ် ရောက်ခဲ့သေးသော်လည်း အာဆင်နယ်၏ ကစားသမားသစ် ခေါ်ယူရန် ကြိုးပမ်းမှု မအောင်မမြင် ဖြစ်ခဲ့ပြီးနောက် မန်စီးတီးသို့ ပြောင်းရွှေ့ရေးမှာ ဖြစ်မြောက်မှုမရှိခဲ့ခြင်း ဖြစ်သည်။

သို့သော် ဇန်နဝါရီဈေးကွက် ဖွင့်လှစ်ချိန်အရောက်တွင် ဆန်းချက်ဇ်ကို ပေါင်သန်း ၂၀ အသုံးပြုရုံမျှဖြင့် ခေါ်ယူနိုင်မည်ဖြစ်ပြီး ငါးလတာ စောင့်ဆိုင်းရမှုက မူလပေါက်ဈေး ပေါင်သန်း ၆၀ ထက် များစွာသက်သာစေမည် ဖြစ်သဖြင့် မည်သို့ပင် တွက်ဆသည်ဖြစ်စေ မန်စီးတီးအတွက် အကျိုးသက်ရောက်မှုသာဖြစ်စေသည်ဟု မန်စီးတီး နည်းပြ ဂွါဒီယိုလာက ယုံကြည်ထားသည်။ သို့သော် အာဆင်နယ်နည်းပြ ဝင်းဂါးက ဆန်းချက်ဇ်ကို ပရီမီယာလိဂ် အသင်းတစ်ခုသို့ ရောင်းချရန် တွန့်ဆုတ်နေပြီး ဖြစ်နိုင်ပါက အခြားလိဂ်ရှိ အသင်းတစ်ခုသို့သာ ထုတ်ရောင်းရန် ဆန္ဒရှိနေသည်။

ဆန်းချက်ဇ်သည် ၂၀၁၄ ခုနှစ်တွင် ဘာစီလိုနာမှ အာဆင်နယ်သို့ ပေါင် ၃၁ ဒသမ ၇ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး အဲဗာတန်ကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည့် ပွဲစဉ်တွင်လည်း ဂိုးသွင်းနိုင်ခဲ့သည်။

**မေလဲ့သင်း - စုစည်းသည်**

# စားသုံးသူကာကွယ်ရေးဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန်ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကိုပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

(၈) စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များဖွဲ့စည်း ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ပေးခြင်း၊

(၉) ကော်မရှင်၏ ရုံးလုပ်ငန်းတာဝန်များကို တာဝန်ယူဆောင်ရွက်ခြင်းနှင့် ကော်မရှင်က အခါအားလျော်စွာပေးအပ်သော တာဝန်များကို ဆောင်ရွက်ခြင်း။

(ခ) ဦးစီးဌာနသည် အောက်ပါတို့ကို ဆောင်ရွက်ရန် ဦးစီးမှူးရုံးသို့ တာဝန်လွှဲအပ်ပေးရမည်-

(၁) စစ်ဆေးရေးအရာရှိက တင်ပြလာသည့် စားသုံးသူကာကွယ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စီမံဆောင်ရွက်ခြင်း သို့မဟုတ် လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(၂) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ ဘေးအန္တရာယ်ရှိကြောင်း ပြန်ကြားလာသည့် ကုန်စည်နှင့်စပ်လျဉ်း၍ဥပဒေအရ အရေးယူဆောင်ရွက်ရန်၊

(၃) စားသုံးသူတွင် နစ်နာဆုံးရှုံးမှုဖြစ်ပွားခြင်းနှင့်စပ်လျဉ်း၍ စေ့စပ်ညှိနှိုင်းဖြေရှင်းပေးရန်နှင့် ယင်းစေ့စပ်ညှိနှိုင်းဖြေရှင်းပေးမှုကို ဦးစီးဌာနနှင့် ကော်မတီသို့ တင်ပြရန်၊

(၄) ပုဒ်မ ၂၂၊ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၈ ပါ ပြဋ္ဌာန်းချက်များကို စီးပွားရေးလုပ်ငန်းရှင်မှ လိုက်နာရန် ပျက်ကွက်ကြောင်း တွေ့ရှိပါက ပုဒ်မ ၅၃ တွင် ဖော်ပြထားသည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပိုသော အမိန့်များကိုဖြစ်စေချမှတ်ပြီး ဦးစီးဌာနနှင့် ကော်မတီသို့ တင်ပြရန်၊

(၅) ပုဒ်မ ၂၂၊ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၈ ပါပြဋ္ဌာန်းချက်များမှတစ်ပါး ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို စီးပွားရေးလုပ်ငန်းရှင်မှ လိုက်နာရန် ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရန်အလို့ငှာ ကော်မတီသို့ တင်ပြရန်၊

(၆) ကော်မတီက ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို မလိုက်နာပါက ပုဒ်မ ၇၃ ပါ ပြဋ္ဌာန်းချက်နှင့်အညီအရေးယူဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာတရားရုံးသို့ တရားလိုအဖြစ် တိုင်ကြားရန်၊

(၇) ဦးစီးဌာနက အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ဆောင်ရွက်ရန်။

## အခန်း(၆)
## စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များ

၁၄။ ဦးစီးဌာနသည် တိုင်ကြားလာမှုအပေါ် စုံစမ်းစစ်ဆေးရန် သို့မဟုတ် ဘေးအန္တရာယ်ရှိသည်ဟု ထင်မြင်ယူဆရသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို စောင့်ကြည့်စစ်ဆေးနိုင်ရန်နှင့် ဈေးကွက်အတွင်းမှပပျောက်စေရန်အလို့ငှာ ကုန်စည်နှင့်ဝန်ဆောင်မှု စစ်ဆေးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် စစ်ဆေးရေးအရာရှိများအား တာဝန်ပေးအပ်ရမည်။

၁၅။ စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ပြည်တွင်း၌ထုတ်လုပ်သော ကုန်စည်များ၊ ပြည်ပမှ တင်သွင်းသော ကုန်စည်များနှင့်စပ်လျဉ်း၍ ဈေးကွက်မရောက်မီ သို့မဟုတ် ဈေးကွက်ရောက်ပြီး ကုန်စည်ကို ဘေးအန္တရာယ်ရှိ၊ မရှိစောင့်ကြည့် စစ်ဆေးခြင်း၊

(ခ) ကုန်အညွှန်းအမှတ်အသားတွင် ဖော်ပြရမည့်အချက်များ ပါဝင်မှု ရှိ၊ မရှိ စောင့်ကြည့်စစ်ဆေးခြင်း၊

(ဂ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးရန် သို့မဟုတ် အသုံးပြုရန် သင့်၊ မသင့်နှင့် ဘေးအန္တရာယ်ရှိ၊ မရှိ စောင့်ကြည့်စစ်ဆေးခြင်း၊

(ဃ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ တိုင်ကြားလာမှုအပေါ် စုံစမ်းစစ်ဆေးခြင်းနှင့် ယင်းစုံစမ်းစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ တွေ့ရှိချက်များကို သက်ဆိုင်ရာဦးစီးမှူးရုံးသို့ တင်ပြခြင်း၊

(င) ဘေးအန္တရာယ်ရှိသည်ဟု ထင်မြင်ယူဆရသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများတွေ့ရှိသည်ဟု သတင်းရရှိပါက မှန်ကန်မှု ရှိ၊ မရှိ စောင့်ကြည့်စစ်ဆေးခြင်း၊

(စ) သက်ဆိုင်ရာဦးစီးမှူးရုံးနှင့် ကော်မတီကချမှတ်သော အရေးယူမှုများနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ စောင့်ကြည့် စစ်ဆေးခြင်း၊

(ဆ) ဤဥပဒေပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်မှုမရှိစေရန် စောင့်ကြည့်စစ်ဆေးခြင်း၊

(ဇ) ကုန်စည်နှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ရှိသည်ဟု ထင်မြင်ယူဆပါက သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှု ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးနိုင်ရန်နှင့် သက်ဆိုင်ရာ အစိုးရဌာန၏ဓာတ်ခွဲခန်းနှင့် နိုင်ငံတကာအသိအမှတ်ပြု ဓာတ်ခွဲခန်းများသို့ ပေးပို့ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဦးစီးမှူးရုံးသို့ တင်ပြခြင်း၊

(ဈ) ဘေးအန္တရာယ်ရှိသည်ဟု ထင်မြင်ယူဆရသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ စစ်ဆေးစဉ်ကာလအတွင်းဆက်လက်ဖြန့်ဖြူးရောင်းချခြင်းမရှိစေရန် သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်း မပြုစေရန်အတွက် သက်ဆိုင်ရာ ဦးစီးမှူးရုံးသို့ တင်ပြခြင်း၊

(ည) ဦးစီးဌာနက အခါအားလျော်စွာပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၆။ စစ်ဆေးရေးအရာရှိသည် မိမိ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏အကူအညီကို ရယူဆောင်ရွက်နိုင်သည်။

## အခန်း(၇)
## စားသုံးသူရေးရာကော်မတီဖွဲ့စည်းခြင်း

၁၇။ (က) ကော်မရှင်သည် စားသုံးသူကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်နှင့် စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့အကြား အငြင်းပွားမှုဆိုင်ရာ ကိစ္စရပ်ကို ဖြေရှင်းပေးရန်နှင့် အတည်ပြုဆုံးဖြတ်ပေးနိုင်ရန် အောက်ပါစားသုံးသူရေးရာ ကော်မတီများကို သတ်မှတ်ချက်များနှင့်အညီ သင့်လျော်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စားသုံးသူရေးရာ ကော်မတီ၊

(၂) ပြည်ထောင်စုနယ်မြေ စားသုံးသူရေးရာကော်မတီ၊

(၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ဒေသစားသုံးသူ ရေးရာကော်မတီ။

(ခ) ပုဒ်မခွဲ (က) ပါစားသုံးသူရေးရာကော်မတီများဖွဲ့စည်းရာတွင် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအပါအဝင် အဖွဲ့ဝင်ဦးရေ ငါးဦးမှ ကိုးဦးအထိ 'မ' ဂဏန်းဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၁၈။ ကော်မရှင်သည် စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် စားသုံးသူ အငြင်းပွားမှုနှင့်စပ်လျဉ်း၍ ညှိနှိုင်းဖြေရှင်းပေးနိုင်ရန် လိုအပ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းများ၏လက်အောက်တွင် ခရိုင်စားသုံးသူရေးရာ ကော်မတီများ ဖွဲ့စည်းတာဝန်ပေးနိုင်သည်။

## အခန်း(၈)
## စားသုံးသူရေးရာကော်မတီ၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ

၁၉။ ကော်မတီ၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) စားသုံးသူကာကွယ်ရေးဆိုင်ရာ ကိစ္စများဆောင်ရွက်နိုင်ရန်နှင့် စားသုံးသူ အငြင်းပွားမှုနှင့်စပ်လျဉ်း၍ ဖြေရှင်းနိုင်ရန် လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၏ အကြံဉာဏ်များ ရယူခြင်း၊

(ဂ) စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်း၍ ကြီးမားသော နစ်နာဆုံးရှုံးမှု ဖြစ်စေနိုင်သည့် သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို မှန်ကန်မှု ရှိ၊ မရှိ စုံစမ်းနိုင်ရန် အလို့ငှာ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဃ) ပုဒ်မခွဲ (ဂ) အရ ဖွဲ့စည်းထားသော စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တင်ပြချက်များကို အတည်ပြုဆုံးဖြတ်ပေးခြင်း၊

(င) ပုဒ်မ ၂၂၊ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၈ ပါပြဋ္ဌာန်းချက်များမှ တစ်ပါး ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို စီးပွားရေးလုပ်ငန်းရှင်မှ လိုက်နာရန်ပျက်ကွက်ကြောင်း တွေ့ရှိပါက ပုဒ်မ ၅၄ တွင် ဖော်ပြထားသည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပိုသော အမိန့်များကိုဖြစ်စေ ချမှတ်ခြင်း၊

(စ) ပုဒ်မ ၅၃ အရ သက်ဆိုင်ရာဦးစီးမှူးရုံးက ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာအမိန့်အပေါ် အယူခံမှုကို အဆုံးအဖြတ်ပေးခြင်း၊

(ဆ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကော်မရှင်သို့တင်ပြခြင်း၊

(ဇ) ကော်မရှင်က အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၉)
## စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်များ

၂၀။ စားသုံးသူ၏အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဈေးကွက်အတွင်းရှိ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူစိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ခွင့်ရှိခြင်း၊

(ခ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့်ရှိခြင်း၊

(ဂ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရွေးချယ်ဝယ်ယူအသုံးပြုရာတွင် လိုအပ်သော သတင်းအချက်အလက်များ ပြည့်စုံမှန်ကန်စွာသိရှိခွင့်နှင့် ပြေစာ သို့မဟုတ် အထောက်အထားရယူခွင့်ရှိခြင်း၊

(ဃ) စားသုံးသူ နစ်နာဆုံးရှုံးမှုနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များတွင် ရှင်းလင်းတင်ပြခွင့်နှင့် တိုင်ကြားခွင့် ရရှိနိုင်စေခြင်း၊

(င) စားသုံးသူများအတွက် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အခြေခံလိုအပ်ချက်များပေါ်တွင် စိတ်ကျေနပ်မှု ရရှိစေခြင်း၊

(စ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဝယ်ယူအသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော နစ်နာဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ ကုစားခွင့် ရရှိခြင်း၊

(ဆ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် အသိပညာ ဗဟုသုတများ၊ အခွင့်အရေးများနှင့် လိုအပ်သောအချက်အလက်များကို သိရှိလေ့လာနိုင်ခွင့်ရှိခြင်း၊

(ဇ) ပစ္စုပ္ပန်တွင်သာမက အနာဂတ်မျိုးဆက်များအတွက်ပါ ကောင်းမွန်သာယာသော လူနေမှုအဆင့်အတန်းနှင့် ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ခွင့်ရရှိစေခြင်း။

၂၁။ စားသုံးသူ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်နှင့် လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊

(ခ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရွေးချယ်ဝယ်ယူရာတွင် သဘောတူညီထားသည့် တန်ဖိုးနှင့်အညီပေးချေခြင်း၊

(ဂ) စီးပွားရေးလုပ်ငန်းရှင်အပေါ် ထိခိုက်နစ်နာစေရန် ရည်ရွယ်၍ မဟုတ်မမှန် စွပ်စွဲပြောဆိုမှု ပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ခြင်း၊

(ဃ) အငြင်းပွားမှုကိုညှိနှိုင်းဖြေရှင်းနေစဉ် လူထုဆက်သွယ်ရေးနည်းလမ်းများဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းများဖြင့်ဖြစ်စေ သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်အပေါ် ထိခိုက်နစ်နာစေရန် ပြောဆိုခြင်း၊ ရေးသားခြင်းနှင့် ပြုမူခြင်းတို့ကို ရှောင်ကြဉ်ခြင်း။

## အခန်း (၁၀)
## စီးပွားရေးလုပ်ငန်းရှင်၏တာဝန်များ

၂၂။ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၏ အာမခံချက်၊ သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ ရိုးရှင်းမှန်ကန်သော သတင်းအချက်အလက်များပေးခြင်း၊

(ခ) စားသုံးသူကို ခွဲခြားမှုမရှိဘဲ ဖြောင့်မတ်မှန်ကန်စွာ ဆက်ဆံခြင်း၊

(ဂ) စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရာတွင် စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာဖြင့် ဆောင်ရွက်ခြင်း၊

(ဃ) ကုန်သွယ်မှုပြုရန်နှင့်ထုတ်လုပ်မှုပြုရန်အလို့ငှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများက သတ်မှတ်ထားသည့် အရည်အသွေးစံသတ်မှတ်ချက်များအပေါ် အခြေခံ၍ အာမခံချက်ပေးခြင်း၊

(င) အရည်အသွေးစမ်းသပ်ရန် လိုအပ်သောကုန်စည်နှင့်စပ်လျဉ်း၍ ဝယ်ယူခြင်းမပြုမီစားသုံးသူများကို စမ်းသပ်နိုင်သည့် အခွင့်အရေးပေးခြင်း၊

(စ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူမှ ထပ်မံပေးချေရမည့် အဖိုးစားနားကို ဝယ်ယူအသုံးမပြုမီ သိရှိစေရန် အတိအလင်းဖော်ပြပေးခြင်း၊

(ဆ) စားသုံးသူ နစ်နာဆုံးရှုံးမှုဖြစ်ပွားစေမည့် တိုက်ရိုက်ရောင်းချခြင်း သို့မဟုတ် သွယ်ဝိုက်ရောင်းချခြင်းကို ရှောင်ကြဉ်ခြင်း၊

(ဇ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ကတိပြုထားသော အာမခံချက်နှင့် ကိုက်ညီမှုမရှိပါက ကတိပြုထားသည့်အတိုင်း တာဝန်ယူဆောင်ရွက်ပေးခြင်း၊

(ဈ) အငြင်းပွားမှုကို ညှိနှိုင်းဖြေရှင်းနေစဉ် လူထုဆက်သွယ်ရေးနည်းလမ်းများဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းများဖြင့်ဖြစ်စေ စားသုံးသူအပေါ် ထိခိုက်နစ်နာစေရန် ပြောဆိုခြင်း၊ ရေးသားခြင်းနှင့် ပြုမူခြင်းတို့ကို ရှောင်ကြဉ်ခြင်း၊

(ည) ထုတ်လုပ်သည့်ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတွင် ဘေးအန္တရာယ်ရှိကြောင်း မိမိကိုယ်တိုင်သော်လည်းကောင်း၊ အခြားနည်းလမ်းတစ်ခုခုအရ သော်လည်းကောင်း သိရှိလျှင် အဆိုပါအကြောင်းအရာအား ဦးစီးဌာနနှင့် စားသုံးသူများ အမြန်ဆုံးသိရှိစေရန် လူထုဆက်သွယ်ရေးနည်းလမ်းများဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းများဖြင့်ဖြစ်စေ အသိပေးခြင်း၊

(ဋ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အငြင်းပွားမှုကိစ္စရပ်များ ဖြစ်ပေါ်ခဲ့ပါက သက်ဆိုင်ရာကော်မတီ၏ ဖြေရှင်းဆောင်ရွက်ပေးမှုနှင့် ဆုံးဖြတ်ချက်ကို အလေးထားခြင်းနှင့်လိုက်နာ ဆောင်ရွက်ပေးခြင်း။

## အခန်း(၁၁)
## ကုန်စည်နှင့်စပ်လျဉ်း၍ အာမခံချက်ပေးခြင်း

၂၃။ စီးပွားရေးလုပ်ငန်းရှင်သည် ရောင်းချသည့်ကုန်စည်တွင် သာမန်အားဖြင့် မမြင်နိုင်သော သဘာဝပြောင်းလဲနိုင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူကို အသိပေးရမည်။

၂၄။ စီးပွားရေးလုပ်ငန်းရှင်သည် ကုန်စည်နှင့်စပ်လျဉ်း၍ ဖော်ပြရမည့် အာမခံချက်များတွင် အောက်ပါအချက်အလက်များ ပါဝင်စေရမည်-

(က) စားသုံးသူက လက်ခံသုံးစွဲနိုင်သော အရည်အသွေးရှိခြင်း၊

(ခ) ကုန်စည်၏အရည်အသွေးနှင့် အလေးချိန်မှန်ကန်မှုရှိခြင်း၊

(ဂ) ဘေးအန္တရာယ်ကင်းရှင်းစေခြင်း၊

(ဃ) သုံးစွဲသူ၏ လိုအပ်ချက်အတွက် သင့်လျော်မှုရှိခြင်း၊

(င) နမူနာပစ္စည်းတွင် ဖော်ပြထားသည့်အတိုင်း တူညီစွာပါရှိခြင်း၊

(စ) အာမခံချက်ပေးထားသည့်ကာလ သို့မဟုတ် အသုံးပြုနိုင်မည့် ကာလအတွင်း အပိုပစ္စည်းရရှိနိုင်ခြင်း၊ ပြန်လည်ပြုပြင်နိုင်ခြင်း သို့မဟုတ် လဲလှယ်နိုင်ခြင်း၊

(ဆ) ကုန်အညွှန်းအမှတ်အသားပါ အချက်အလက်၊ ကြော်ငြာ၊ ကမ်းလှမ်းချက် သို့မဟုတ် အရောင်းမြှင့်တင်ခြင်းတွင် ပါဝင်သော ဖော်ပြချက်နှင့် ကိုက်ညီမှုရှိခြင်း။

**ဆက်လက်ဖော်ပြပါမည်။**

## ကျောင်းသား/ သူများအား နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေး

**နေပြည်တော် အောက်တိုဘာ ၂၇**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းအခမ်းအနားကို အောက်တိုဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီက ဇမ္ဗူသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုနယ်မြေလူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးထိန်ဝင်းက ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးရခြင်းနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပဥ္စမတန်းမှ ဒသမတန်းအထိ ကျောင်းသား ကျောင်းသူ ၇၂ ဦးတို့အား ဇမ္ဗူသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော်၊ ညွှန်ကြားရေးမှူး ဦးထိန်ဝင်းနှင့်တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်များကို လက်ဝယ်အရောက်ပေးအပ်ကြရာ အခြေခံပညာအထက်တန်းကျောင်းခွဲ အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဝင်းခိုင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ဇမ္ဗူသီရိမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော်၊ ပြည်ထောင်စုနယ်မြေ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးထိန်ဝင်း၊ ဒက္ခိဏခရိုင်ဦးစီးမှူး ဦးသိန်းမင်း၊ မြို့နယ်ဦးစီးမှူး ဦးဝင်းညွန့်နှင့်ဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူး ဦးဝင်းဇော်၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

**(ရွှေကုက္ကို)**

# ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ညွှန်းပို့ ချိတ်ဆက်ကွန်ရက်တည်ထောင်ရန် လုပ်ငန်းစဉ်များရှင်းလင်း

**ကျောက်ပန်းတောင်း အောက်တိုဘာ ၂၇**
ရတနာ့မေတ္တာအဖွဲ့နှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော်သော ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဝန်ဆောင်မှုညွှန်းပို့ချိတ်ဆက် ကွန်ရက် တည်ထောင်ရန် လုပ်ငန်းစဉ်များ မိတ်ဆက်ရှင်းလင်းပွဲကို အောက်တိုဘာ ၂၆ ရက် မွန်းလွဲ၁ နာရီက မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

လူမှုဝန်ထမ်းဦးစီးဌာနမှ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဖြစ်ရပ်စီမံခန့်ခွဲမှုကြီးကြပ်ရေးမှူး ဒေါ်ဝေမာလှိုင်က လူမှုဝန်ထမ်းဦးစီးဌာန၏လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများ၊ သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းစဉ်များနှင့် ကလေးသူငယ်ဆိုင်ရာ ဖြစ်ရပ်မှန်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်ဆိုင်ရာများကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရတနာ့မေတ္တာအဖွဲ့ဖြစ်ရပ် ကြီးကြပ်ရေးမှူး ဒေါ်သဥ္ဇာအောင်က ညွှန်းပို့ချိတ်ဆက်သည့် ကွန်ရက်စနစ်အကြောင်းကို ပိုမိုရှင်းလင်းစွာ သိရှိနိုင်စေရန်နှင့်ညွှန်းပို့ချိတ်ဆက်သည့် ကွန်ရက်စနစ်တွင် ပါဝင်မည့်အဖွဲ့အစည်းများအား သတ်မှတ်ဖော်ထုတ်နိုင်ရန်၊ အဆိုပါ အဖွဲ့အစည်းများမှလည်း ညွှန်းပို့ချိတ်ဆက်သည့် စနစ်အတွက်တူညီသည့် ဘုံရည်မှန်းချက်များချမှတ်နိုင်ရန် ယခုလိုတွေ့ဆုံမိတ်ဆက်ရခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားပြီး ညွှန်းပို့ချိတ်ဆက်ခြင်းကွန်ရက် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် လူမှုဝန်ထမ်းဦးစီးဌာနမှ ဖြစ်ရပ်မန်နေဂျာ (ကျောက်ပန်းတောင်းမြို့နယ် တာဝန်ခံ) ဒေါ်မီမီကျော်က ၂၀၁၆ ခုနှစ် ဩဂုတ်မှ ၂၀၁၇ ခုနှစ် အောက်တိုဘာအထိ ကျောက်ပန်းတောင်းမြို့နယ်အတွင်း ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့သော ကလေးသူငယ်ကာကွယ်ရေးဆိုင်ရာ ဖြစ်ရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ ကလေးသူငယ်ကာကွယ်ရေးဆိုင်ရာ ဝန်ဆောင်မှု ညွှန်းပို့ချိတ်ဆက်မှုကွန်ရက် တည်ထောင်ရန် ညှိနှိုင်းအစည်းအဝေးသို့ မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ (TCRC) ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းကိုကို၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းမြင့်၊ TCRC အဖွဲ့ဝင်ဌာနဆိုင်ရာများ၊ ညောင်ဦးခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဖြစ်ရပ်စီမံခန့်ခွဲမှုကြီးကြပ်ရေးမှူး ဒေါ်ဝေမာလှိုင်နှင့် အဖွဲ့ဝင်များ၊ရတနာ့မေတ္တာအဖွဲ့မှ ဖြစ်ရပ်ကြီးကြပ်ရေးမှူး ဒေါ်သဥ္ဇာအောင်နှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ကိုယ်စားလှယ်များ စုစုပေါင်းအင်အား ၃၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၇**
နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းဆွေးနွေးပွဲကို အောက်တိုဘာ ၂၆ ရက် နံနက် ၉ နာရီက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အသက်ငါးနှစ်အောက် ကလေးသူငယ်များတွင် ကူးစက်ရောဂါများကြောင့် ဖြစ်ပွား၊ သေဆုံးမှုများ မရှိစေရန် ကာကွယ်ဆေး ၁၀ မျိုးကို ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်တွင် အသုံးပြုလျက်ရှိကြောင်း၊ ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစတင်ပြီး ၁၁ ခုမြောက် ကာကွယ်ဆေးအနေဖြင့် ထည့်သွင်းသွားမှာဖြစ်ကြောင်း၊ လောလောဆယ် ကျောင်းအခြေပြုကာကွယ်ဆေးထိုးလုပ်ငန်း အစီအစဉ်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အတွင်းနှင့် ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုးလုပ်ငန်း အစီအစဉ်ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ၁၁ ရက်မှ ၂၀ ရက်အတွင်း အစီအစဉ်နှစ်ခုခွဲ၍ ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးလုပ်ငန်းများဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောလူမှုရေးအဖွဲ့အစည်းများလည်း ပူးပေါင်းပါဝင်လာမှာဖြစ်ခြင်းကြောင့် ကလေးတစ်ဦးမှ မကျန်ရလေအောင် အာလုံးပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက ရောဂါလက္ခဏာများအနေဖြင့် ရုတ်တရက် အပြင်းဖျားခြင်း၊ ချမ်းတုန်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ ပျို့အန်ခြင်းနှင့် အော့အန်ခြင်းများခံစားရနိုင်ကြောင်း၊ ရောဂါအခြေအနေပိုဆိုးလာသည့်အခါ ဦးနှောက်ရောင်ရမ်းခြင်းဖြစ်ပွားကာ စိတ်ရှုပ်ထွေးခြင်း၊ တက်ခြင်း၊ အကြောဆွဲခြင်းများ ဖြစ်ပွားလာပြီး သတိလစ်မေ့မြောခြင်း၊ အကြောသေခြင်းနှင့် အသက်ဆုံးရှုံးခြင်းများပါ ဖြစ်ပွားနိုင်ကြောင်း၊ ရောဂါကူးစက်ခံရသူ ၂၅၀ တွင် တစ်ဦးခန့်သာ ပြင်းထန်သည့်ရောဂါဖြစ်ပွားလေ့ရှိပြီး ပုံမှန်အားဖြင့် ကလေးများတွင်သာ အဖြစ်များပြီး အသက်အရွယ်မရွေးလည်း ဖြစ်ပွားနိုင်ကြောင်းပြောကြားသည်။

ထို့နောက် နေပြည်တော်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအေးအေးမာက နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင် ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များအား အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးကို ကာကွယ်ဆေးထိုးဖူးသည်ဖြစ်စေ၊ မထိုးဖူးသည်ဖြစ်စေ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ ဖြစ်ဖူးသည်ဖြစ်စေ၊ မဖြစ်ဖူးသည်ဖြစ်စေ အသက်ကိုးလမှ ၁၅ နှစ်အတွင်း တစ်နိုင်ငံလုံးရှိ ကလေးသူငယ်များအားလုံးကို ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သန့်မောင်)**




## မန္တလေးမြို့တော်ဥယျာဉ်တွင် Water Park ဖွင့်လှစ်၍ ဂီတဖျော်ဖြေပွဲကျင်းပမည်

**ချမ်းအေးသာစံ အောက်တိုဘာ ၂၇**
မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၂၆)လမ်း ကမ်းနားလမ်းရှိ မြို့တော်ဥယျာဉ်တွင် နိုင်ငံတကာအဆင့်မီတည်ဆောက်ထားသော Water Park အား အောက်တိုဘာ၂၈ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ညနေ ၃ နာရီမှ ၆ နာရီအထိ အခမဲ့ဂီတဖျော်ဖြေပွဲကျင်းပသွားမည်ဖြစ်ကာ တေးသံရှင် ရွှေထူး၊ ပိုပိုနှင့် မန္တလေးမြို့မှ တေးသံရှင်များက ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

Water Park တွင်လာရောက် ရေကစားသူများအနေဖြင့် သတ်မှတ်ရေကူးဝတ်စုံများဝတ်ဆင်ဆော့ကစားရမည်ဖြစ်ပြီး ဖွင့်ပွဲအထိမ်းအမှတ်အဖြစ်၂၀၁၇ ခုနှစ် ဒီဇင်ဘာအထိ လာရောက်ရေကစားသူများကို လူကြီးတစ်ဦး ကျပ် ၄၀၀၀၊ ကလေးတစ်ဦး ကျပ် ၃၀၀၀ သာ ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ပြည့်သူ(မန္တလေး)**

## အသက်(၁၈) နှစ်အောက်ပြေးခုန်ပစ်ပြိုင်ပွဲ တနင်္သာရီတိုင်းဒေသကြီးမှ စုပေါင်းတံခွန်စိုက်ဒိုင်းဆွတ်ခူး



**နေပြည်တော် အောက်တိုဘာ ၂၇**
၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် (၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကို အောက်တိုဘာ ၂၆ ရက် နံနက် ၇ နာရီက နောက်ဆုံးနေ့ပွဲစဉ်များအဖြစ် ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် သုံးဆင့်ခုန် (ကျား/မ) ပြိုင်ပွဲ၊ မီတာ ၁၀၀ (ကျား/မ) ပြိုင်ပွဲ၊ မီတာ ၈၀၀ (ကျား/မ)ပြိုင်ပွဲ၊ မီတာ ၄၀၀ × ၄ လက် ဆင့်ကမ်း (ကျား/မ) ပြိုင်ပွဲ၊ တန်းမြင့်ခုန် (ကျား/မ) ပြိုင်ပွဲနှင့် လေ့ကျင့်ရေးကွင်းအမှတ် (၁)တွင် လုံတန်ပစ် (ကျား/မ)ပြိုင်ပွဲများကို ပွဲစဉ်အလိုက် ယှဉ်ပြိုင်ကစားကြသည်။

အမျိုးသမီး တံခွန်စိုက်ဆုဖလားရရှိသော တနင်္သာရီတိုင်းဒေသကြီးအသင်းအား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဌေးအောင်ကလည်းကောင်း၊ အမျိုးသားတံခွန်စိုက် ဆုဖလားရရှိသော မကွေးတိုင်းဒေသကြီးအသင်းအား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းကလည်းကောင်း၊ စုပေါင်း တံခွန်စိုက် ဆုဖလားရရှိသော တနင်္သာရီတိုင်းဒေသကြီးအသင်းအား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးကလည်းကောင်း ဆုများချီးမြှင့်ခဲ့ကြသည်။

အမျိုးသားမီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ မင်းမင်းဇော်သည် ၂၀၀၅ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီးမှ မောင်ချက် တင်ထားသော စံချိန်ဟောင်း နှစ်မိနစ်အား တစ်မိနစ် ၅၉ ဒသမ ၆၀ စက္ကန့်ဖြင့်လည်းကောင်း၊ အမျိုးသားမီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းမှ ခန့်ပိုင်ထွန်းသည် ၂၀၁၄ ခုနှစ်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ မျိုးထက်အောင် တင်ထားသော စံချိန်ဟောင်း ၅၇ ဒသမ ၉၀ စက္ကန့်အား ၅၁ ဒသမ ၈၀ စက္ကန့်ဖြင့်လည်းကောင်း အသီးသီးစံချိန်သစ် တင်ခဲ့ကြောင်း သိရသည်။

**မောင်မောင်ဇော်**

## ကျား၊ မအခြေပြု အကြမ်းဖက်မှုအကြောင်းသိကောင်းစရာသင်တန်းဖွင့်

**ချမ်းအေးသာစံ အောက်တိုဘာ ၂၇**
မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာ ကော်မတီနှင့် Care (Myanmar) အဖွဲ့တို့ပူးပေါင်း၍ အခြေခံ ကျား၊ မရေးရာ(ဂျန်ဒါ)နှင့် ကျား၊ မ အခြေပြုအကြမ်းဖက်မှုအကြောင်း သိကောင်းစရာ သင်တန်းကို အောက်တိုဘာ ၂၆ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မန္တလေးဘူတာကြီး အပေါ်ထပ်ရှိ Hotel Marvel ခန်းမ၌ ဖွင့်လှစ်ပို့ချရာ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီ နာယက ဒေါက်တာယုယုမေ တက်ရောက်အားပေးပြီး အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ကျား၊ မရေးရာ (ဂျန်ဒါ) နည်းပညာအကြံပေးအရာရှိ ဒေါ်နန်းမေဖူးမွန်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားကာ တက်ရောက်လာသူများက မိတ်ဆက်စကားပြောကြားကြသည်။

အဆိုပါသင်တန်းသို့ မန္တလေးခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာကော်မတီအဖွဲ့ဝင်များ၊ အမျိုးသမီးရဲအရာရှိများ၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့မှ ဆရာဝန်ကြီးနှင့် သူနာပြုဆရာမများ၊ လူမှုရေး အသင်းအဖွဲ့များမှ အမျိုးသမီးအဖွဲ့ခေါင်းဆောင်များ တက်ရောက်ကြသည်။ သင်တန်းတွင် ကျား၊ မရေးရာ သဘောတရားများ၊ Sex & Gender အဓိပ္ပာယ်သတ်မှတ်ချက်များ၊ကျား၊ မအခြေပြု အကြမ်းဖက်မှုများနှင့် ပတ်သက်သည့် အခြေခံသဘောတရားများ၊ အကြမ်းဖက်ခံရမှုများကို ကူညီဖြေရှင်းပေးခြင်းနှင့် လွှဲပြောင်းညွှန်းပို့မှု နည်းလမ်းများကို ဆွေးနွေးပို့ချကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# မြန်မာ့သိုင်းအခြေခံဗန်တိုနည်းစနစ်(၆၃)မောင်းသရုပ်ပြပွဲကျင်းပ

**မုံရွာ အောက်တိုဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီးမြန်မာသိုင်းဆပ်ကော်မတီ၊ မြို့နယ်ပညာရေးဦးစီးဌာန၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းပြီး မုံရွာမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းတွင် မြန်မာ့သိုင်း အခြေခံဗန်တိုနည်းစနစ် (၆၃) မောင်းသရုပ်ပြသခြင်းကို အောက်တိုဘာ ၂၆ ရက် ညနေ ၃ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

"မြန်မာ့ရိုးရာသိုင်းပညာရပ်တွေကို အခြေခံပညာကျောင်းတွေမှာရှိတဲ့ ကျောင်းသား ကျောင်းသူတွေကို ကာယအချိန်တွေမှာ လေ့ကျင့်သင်ကြားပေးနေတာပါ။ တိမ်မြုပ်နေတဲ့ မြန်မာ့ရိုးရာသိုင်းပညာရပ်တွေကို ပြန်လည်ဖော်ထုတ်ပြီး မျိုးဆက်သစ်လူငယ်လေးတွေကို လက်ဆင့်ကမ်းအမွေပေးတာပါ။ အခုလိုသင်ကြားပြသပေးခြင်းဖြင့် ကျောင်းသား ကျောင်းသူတွေ မိမိကိုယ်ကိုယ် ယုံကြည်မှုပိုရှိလာမယ်။ အစုအဖွဲ့တွေနဲ့ ပူးပေါင်းလုပ်ဆောင်တတ်တဲ့ အလေ့အကျင့်ကောင်းတွေရလာမယ်။ မြန်မာ့ရိုးရာသိုင်းပညာရပ်တွေက ဟိုတုန်းကတော့ ကိုယ်လုံပညာရပ်အနေနဲ့ပဲအသုံးပြုခဲ့ကြတာပါ။ အခုကြတော့ နည်းစနစ်တွေကို စနစ်တကျသင်ကြားပေးပြီး အားကစားနည်းတစ်ခုအသွင်နဲ့ ပြန့်ပွားနိုင်အောင်လို့ လုပ်ဆောင်ပေးတဲ့အနေနဲ့ အခုလိုသရုပ်ပြပွဲတွေကို လုပ်ဆောင်ပေးတာပါ"ဟု စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့သိုင်းဆပ်ကော်မတီ ဒု-ဥက္ကဋ္ဌ ဦးတေဇာအေးက ပြောသည်။



အခြေခံပညာကျောင်းများတွင် မြန်မာ့သိုင်း အခြေခံဗန်တိုနည်းစနစ် (၆၃)မောင်း သရုပ်ပြသခြင်းကို မုံရွာမြို့နယ်အတွင်း လယ်ဇင်စံပြကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း၊ ပုရစ်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၊ အောင်မင်္ဂလာရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းခွဲ(အလက-၄)တို့တွင် ယခုနှစ်အတွင်း ကျင်းပခဲ့ပြီး ယင်းနေ့တွင် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# မိတ္ထီလာတွင် မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင် စာစီစာကုံးပြိုင်ပွဲကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၂၇**

မိတ္ထီလာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမ၌ ကျောင်းသား ကျောင်းသူများ စာစီစာကုံးအရေးအသားတိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ချက်ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင် ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲကို အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ယင်းမြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင် စာစီစာကုံးပြိုင်ပွဲတွင် အထက-၁၊ အထက-၂ နှင့် Fame ကိုယ်ပိုင်အလယ်တန်းကျောင်းတို့မှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၉ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲဝင်ကျောင်းသူ ကျောင်းသားများ၏ စာစီစာကုံးများကို မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌဦးထွန်းမြတ်နှင့် အသင်းဝင်စာရေးဆရာများက အကဲဖြတ်စစ်ဆေးရွေးချယ်ပေးပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူအား ခရိုင်ဦးစီးအရာရှိ ဒေါ်ငုချိုချိုကျော်၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းရီ၊ ဦးထွန်းမြတ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

မိတ္ထီလာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအား လူထုအခြေပြုဗဟိုဌာန (Community Centre )အဖြစ်အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် စာစီစာကုံးပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကာတွန်းဆေးရောင်ခြယ်ပြိုင်ပွဲများ ကျင်းပခြင်း၊ လူမှုရေးအသင်းအဖွဲ့များအား ဖိတ်ခေါ်၍ ဒေသအကျိုးပြုလုပ်ငန်းများဆောင်ရွက်ရန် ဆွေးနွေးညှိနှိုင်းအစည်းအဝေးများ ကျင်းပခွင့်ပြုခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး စာအုပ်စာပေချစ်မြတ်နိုးသူများအဖွဲ့ ( Book Club ) နှင့် အမျိုးသမီးများအရေးဝိုင်းဝန်းကူညီဆောင်ရွက်ပေးသည့်အဖွဲ့ ( Women Club) များကိုလည်း လာမည့်ရက်ပိုင်းကာလအတွင်း ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းသိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# မိုးညှင်းမြို့နယ်အတွင်း စိုက်ကွင်းမြေဓာတုဗေဒ တိကျမှန်ကန်ရေး ခေတ်မီမြေတိုင်းစက်ကိရိယာများဖြင့် ကွင်းဆင်းတိုင်းတာမှုများ စတင်ဆောင်ရွက်

**မိုးညှင်း အောက်တိုဘာ ၂၇**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်း စိုက်ကွင်းမြေဧရိယာများ မြေကြီး မြေပုံမှန်ကန်ရေး ပြန်တိုင်းပြင်တိုင်း လုပ်ငန်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အောက်တိုဘာ စတုတ္ထပတ်မှ စတင်၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနကနေပြီး မြေကြီးမြေပုံမှန်ကန်ရေး ပြန်တိုင်းပြင်တိုင်းလုပ်ငန်းများကို ခေတ်မီမြေတိုင်းကိရိယာများဖြစ်တဲ့ TK အမျိုးအစားစက် ၂၄ လုံး၊ Total Station အမျိုးအစား စက် ၁၂ လုံးတို့ကို အသုံးပြုပြီး တိုင်းတာသွားမှာပါ။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက်တော့ မိုးညှင်းမြို့နယ်ကို အပြီးပြတ်တိုင်းတာခြင်းလုပ်ငန်းကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ဆောင်ရွက်သွားဖို့ရှိပါတယ်။ အခုလို ဆောင်ရွက်ရခြင်းဟာလည်း ကွင်းမြေပုံ မရှိသေးတဲ့ဒေသနဲ့ အချို့ကွင်းမြေပုံရှိသော်လည်း အမှားအယွင်းများတဲ့ကွင်းတွေမှာ စိုက်ပျိုးလုပ်ကိုင်လျက်ရှိတဲ့ ကုမ္ပဏီတွေနဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းတွေနဲ့ တောင်သူများရဲ့လုပ်ကွက်တွေ ဧရိယာမှန်ကန်စေရေး၊ မြေခွန်စည်းကြပ်ရာမှာလည်း မှန်ကန်စွာဆောင်ရွက်နိုင်ရေးစတဲ့ ရည်ရွယ်ချက်တွေနဲ့ ဆောင်ရွက်တာဖြစ်ပါတယ်" ဟု ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးဦးသိန်းလွင်က ပြောကြားသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မြစ်ကြီးနား၊ မိုးညှင်းမြို့နှင့် ဝိုင်းမော်မြို့တို့တွင် ၁၃ ကွင်းစီ၊ ဗန်းမော်မြို့နယ်တွင် ကွင်း ၂၀၊ မြစ်ကြီးနားမြို့နယ်တွင် ၁၇ ကွင်း၊ ပူတာအိုမြို့နယ်တွင် ကိုးကွင်းနှင့် ဖားကန့်မြို့နယ်တွင်လေးကွင်း စုစုပေါင်း ၈၉ ကွင်းအား တိုင်းတာနိုင်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မြစ်ကြီးနားမြို့နယ်အတွင်း ကျေးရွာအုပ်စု ၁၉ အုပ်စု၌ ကွင်းပေါင်း ၁၆၀၊ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဗန်းမော်မြို့နယ်၌ ကျေးရွာအုပ်စု ၄၃ အုပ်စု၌ ကွင်းပေါင်း ၁၃၅ ကွင်းအား တိုင်းတာနိုင်ခဲ့ပြီး ယခုအခါ မိုးညှင်းမြို့နယ်အတွင်းတွင် ဌာနတွင်းဝန်ထမ်း ၇၅ ဦးဖြင့် ကျေးရွာအုပ်စု ၁၇ အုပ်စုတွင် ကွင်းပေါင်း ၁၇၇ ကွင်းအား ကွင်းဆင်းတိုင်းတာမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြည်နယ်ဦးစီးဌာနမှူးထံမှ သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

# ယခင်သစ်တောစိုက်ပျိုးမြေ ၃၈ ဒသမ ၄၄ ဧကပေါ်တွင် စိုက်ပျိုးလုပ်ကိုင်ခဲ့သည့် တောင်သူများထံသို့ နစ်နာမှု ထောက်ပံ့ကြေးငွေနှင့် သီးနှံလျော်ကြေးငွေများပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ် နေပြည်တော်စည်ပင်သာယာရေးကော်မတီပိုင်အဖြစ် လွှဲပြောင်းအသုံးပြုခွင့်ရရှိခဲ့သော ရွှေကြာပင်လမ်း အကျဉ်းဦးစီးဌာန(က)အဆင့် အကျဉ်းထောင်မြေနေရာနှင့် ဇေယျာအောင်မြေလမ်းအတွင်းရှိ ယခင်သစ်တောစိုက်ပျိုးမြေ ၃၈ ဒသမ ၄၄ ဧကပေါ်တွင် စိုက်ပျိုးလုပ်ကိုင်ခဲ့ကြသည့် တောင်သူ ၁၄ ဦးထံသို့ နစ်နာမှုထောက်ပံ့ကြေးငွေနှင့် သီးနှံလျော်ကြေးငွေများ ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက နေပြည်တော်စည်ပင်သာယာရေးကော်မတီခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင် တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ဌာနမှူး ဦးစိုးနိုင်က နစ်နာမှုထောက်ပံ့ကြေးငွေများ ထုတ်ပေးမှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။ ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ ဇမ္ဗူသီရိမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော်နှင့် ကော်မတီဝင် ဦးမင်းသူနှင့် တာဝန်ရှိသူများက တောင်သူများထံ နစ်နာမှု ထောက်ပံ့ကြေးငွေများနှင့် သီးနှံလျော်ကြေးငွေများကို အသီးသီးပေးအပ်ကြသည်။

ယနေ့အခမ်းအနားတွင် ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ် နေပြည်တော် စည်ပင်သာယာရေးကော်မတီပိုင်အဖြစ် လွှဲပြောင်းအသုံးပြုခွင့်ရရှိခဲ့သော ရွှေကြာပင်လမ်း၊ အကျဉ်းဦးစီးဌာန(က)အဆင့် အကျဉ်းထောင်မြေနေရာနှင့် ဇေယျာအောင်မြေလမ်း အတွင်းရှိ ယခင်သစ်တောစိုက်ပျိုးမြေ ၃၈ ဒသမ ၄၄ ဧကပေါ်တွင် စိုက်ပျိုးလုပ်ကိုင်ခဲ့သည့် တောင်သူ ၁၄ ဦးထံသို့ နစ်နာမှုထောက်ပံ့ကြေးငွေနှင့် သီးနှံလျော်ကြေးငွေ ၃၉ ဒသမ ၃၀၅ ကျပ်သန်းအား ပေးအပ်ခဲ့ကြသည်။

လက်ရှိအစိုးရသစ်လက်ထက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ်မှ နေပြည်တော် စည်ပင်သာယာရေးကော်မတီပိုင်မြေအဖြစ် အသုံးပြုခွင့်ရရှိပြီးဖြစ်သော ယခင်သစ်တောစိုက်ပျိုးမြေ ၂၀၂ ဒသမ ၆၀ ဧက ပေါ်တွင် စိုက်ပျိုးလုပ်ကိုင်ခဲ့ကြသည့် တောင်သူများအတွက် နစ်နာမှုထောက်ပံ့ကြေးငွေကျပ် ၂၁၂ ဒသမ ၁၁၄ သန်း၊ ဒက္ခိဏသီရိမြို့နယ်မှ ယခင်သစ်တော စိုက်ပျိုးမြေ ၆၉၉ ဒသမ ၆၇ ဧကပေါ်တွင် စိုက်ပျိုးလုပ်ကိုင်ခဲ့ကြသည့် တောင်သူများအတွက် နစ်နာမှုထောက်ပံ့ကြေးငွေကျပ် ၇၃၃ ဒသမ ၀၃၅ သန်း စုစုပေါင်း မြေ ၉၀၂ ဒသမ ၂၇ ဧကပေါ်တွင် စိုက်ပျိုးလုပ်ကိုင်ခဲ့ကြသည့် တောင်သူ ၃၈၂ ဦးတို့အား နစ်နာမှုထောက်ပံ့ကြေးငွေကျပ် ၉၄၅ ဒသမ ၁၄၅ သန်းကို နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေမှ ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်းသိရသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များဖြစ်ကြသော ဦးအေးမြင့်၊ ဦးမင်းသူ၊ ဦးမျိုးတင့်၊ ဒေါ်စံပယ်ထွေးနှင့် ဦးမင်းသိမ်း၊ ဒက္ခိဏခရိုင်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ ထောက်ပံ့ကြေးရရှိသည့် တောင်သူများ တက်ရောက်ကြသည်။

**(ရွှေကုက္ကို)**



# အားကစား၁၀မျိုးကိုသင်ကြားပို့ချပေးမည့် အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ)ကို အောက်တိုဘာ ၂၈ ရက်တွင် ဖွင့်လှစ်မည်

**မုံရွာ အောက်တိုဘာ ၂၇**

ပြေးခုန်ပစ်၊ ဘောလုံး၊ ဘတ်စကက်ဘော၊ လက်ဝှေ့၊ ဂျူဒို၊ ကရာတေးဒို၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒို၊ အလေးမနှင့်ဘော်လီဘော အားကစားနည်း ၁၀ နည်းကို သင်ကြားပို့ချပေးမည့် အားကစားနှင့် ကာယပညာသိပ္ပံ (မုံရွာ)ကို အောက်တိုဘာ ၂၈ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

"အားကစားကို စိတ်ဝင်စားပြီး မြန်မာ့လက်ရွေးစင်အားကစားသမားဖြစ်လိုတဲ့ ဆန္ဒရှိတဲ့အသက် (၁၃) နှစ်က အသက် (၁၅)နှစ်အတွင်း အဋ္ဌမတန်း ကျောင်းသား ကျောင်းသူတွေကို အဓိကထားလက်ခံပါတယ်။ နှစ်စဉ်မတ်လ ပထမနဲ့ဒုတိယပတ်ကစပြီး ပြည်နယ်/ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အားကစားနဲ့ ကာယပညာဦးစီးဌာနတွေမှာ လျှောက်လွှာခေါ်ယူပါတယ်။ ပဏာမရွေးတာကိုတော့ မတ်လမှာစလုပ်ပြီး အပြီးသတ်ရွေးချယ်မှုကိုမေလဒုတိယပတ်မှာဆောင်ရွက်တာဖြစ်ပါတယ်။ လက်ရှိမှာ ကျောင်းသား ၇၀၊ ကျောင်းသူ ၅၇ ဦးကို သင်ကြားပေးမှာ ဖြစ်ပါတယ်" ဟု အားကစားနှင့် ကာယပညာသိပ္ပံ (မုံရွာ) တာဝန်ရှိသူက ပြောသည်။

အားကစားနှင့် ကာယပညာသိပ္ပံ (မုံရွာ)တွင်အားကစားလေ့ကျင့်ရေးရုံငါးရုံ၊ ဘောလုံးကွင်း သုံးကွင်းတွင် နှစ်ကွင်းမှာ တည်ဆောက်ဖော်ဆောင်ဆဲဖြစ်ကာနည်းပြသင်ကြားပေးမှုကို သင်တန်းဆရာဆရာမ၁၀ဦးကလက်ရှိတွင် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အား/ကာသိပ္ပံသို့တက်ရောက်ခွင့်ရသူများသည် အားကစားနှင့်ကာယပညာဦးစီးဌာနက ပါဝင်ယှဉ်ပြိုင်ခွင့်ပြုသည့် ပြည်တွင်းနှင့်နိုင်ငံတကာပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကာသင်တန်းသားသင်တန်းသူများကို စိတ်ဓာတ်ကောင်းမွန်ရေး၊ စည်းကမ်းကောင်းမွန်ရေး၊ အားကစားအရည်အချင်းသိသာစွာတိုးတက်မြင့်မားလာစေရေးနှင့်ပညာရေးမြင့်မားကာ တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေးတို့ကိုဦးတည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

အောက်တိုဘာ ၂၈ရက် တွင် ဖွင့်လှစ်မည့် အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ)သည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နန္ဒဝန်ရပ်ကွက် စည်သူလမ်းနှင့် မေတ္တာလမ်းကြားအနော်ရထာလမ်းနှင့်ဘုရင့်နောင်လမ်းကြားတွင်တည်ရှိပြီး မြေဧက ၃၇ဒသမ၇၉ ဧကပေါ်တွင်တည်ရှိသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ဆရာကြီးဦးသုခနှင့် ‘ပါဒရက်’ ရောဂါ

ကြည်လွင်မြင့်(မုဒြာ)

ဆရာကြီး ဦးသုခကို စာရေးသူ ငယ်စဉ်ကတည်းက လေးစားခဲ့ပါသည်။ ရုပ်ရှင်ကြည့်ပြီးတိုင်း ‘သုခီ အတ္တာနံ ပရိဟရန္တု’ ဟု စာတန်းထိုးလိုက်လျှင် ဆရာကြီးလက်ရာမှန်း သိပြီးသားဖြစ်ပါသည်။ သို့သော် ဆရာကြီး ဦးသုခကို တစ်နေ့တွင် ဆေးကုပေးရလိမ့်မည်ဟု မည်သည့်အခါကမျှ မထင်မှတ်ခဲ့ပါ။

ကျွန်တော်၏ ဆေးခန်းမှာ မန္တလေးမြို့ဆေးရုံကြီး၏ ရှေ့အနီး ၇၄ လမ်း၊ ၂၈×၂၉ လမ်းကြားတွင်ရှိပြီး မောက်မယ်ဝင်းဟု ခေါ်သော ဝင်းအတွင်း လမ်းကြားမှာ ရှိသဖြင့် လမ်းမပေါ်မှ ဖြတ်သွားလျှင် မမြင်ရပါ။ အတွင်း ချောင်ကျကျနေရာရှိ ဆေးခန်းငယ်လေးတစ်ခု ဖြစ်ပါသည်။ ဤသို့ ဆေးခန်းငယ်လေးတစ်ခုသို့ ဆရာကြီးလို နိုင်ငံကျော် ပုဂ္ဂိုလ်ကြီးတစ်ဦးရောက်လာဖို့ဆိုတာ ပို၍ပင် မမျှော်မှန်းခဲ့ပါ။

တစ်နေ့ ၁၉၉၅ ခုနှစ် မတ်လခန့်က ထင်ပါသည်။ ဆေးခန်းတွင် လူနာအတန်အသင့် ရှုပ်နေချိန် ဆရာကြီး ဦးသုခလာတယ်၊ ဆရာကြီးလာတယ်ဟု အပြင်မှပြောသံ ကြားသဖြင့် ဤဝင်းအတွင်းမှ အိမ်တစ်အိမ်သို့လာခြင်း များလားဟု ထွက်ကြည့်မိသောအခါမှ မိမိဆေးခန်းရှေ့တွင် ဆရာကြီးကိုဘေးမှလူတစ်ဦးက တွဲလျက်နှင့် ရောက်လာတာကို တွေ့ရပါတော့သည်။

ထို့နောက် လိုက်ပို့သော အမျိုးသမီးတစ်ဦးက ကားတံခါးကိုဖွင့်ပြီး တွဲကူချပေးနေသည်ကို တွေ့ရပြန်ပါသည်။ လမ်းမလျှောက်နိုင် ဖြစ်နေပါသည်။ ဆရာကြီးမှာ ရင်ဘတ်ကို လက်နှင့်ဖိထားပြီး စိုးရိမ်စိတ်ကြီးနေပုံ ရပါသည်။ ထိုအမျိုးသမီးမှာ ဆရာကြီး၏ဇနီးသည်ဒေါ်ကြင်မေ ဖြစ်ပါသည်။

ဖြစ်ပုံမှာ ဆရာကြီးကို စာပေဟောပြောပွဲဖိတ်သဖြင့် မန္တလေးသို့ကြွလာရာ ဇနီးသည်ပါ လိုက်ပါလာသည်။ လေယာဉ်နှင့်လာကြရာ လေယာဉ်ပေါ်တွင် ရှေ့ခုံနှင့် ဒူး မလွတ်၍ ကွေးထိုင်ရာမှ လေဆိပ်သို့ရောက်သောအခါ ဆန့်မရတော့ဘဲ ဒူးထဲမှနာကျင်ပြီး အောက်ရောက်အောင် ဝိုင်းတွဲပြီး ခေါ်လာကြသည်။ လေဆိပ်တွင် လာကြိုသူမှာ စာရေးသူ၏ ဆေးခန်းသို့လာပြနေကျ ရတနာပုံထီဆိုင်မှ ဖြစ်နေသဖြင့် ကျွန်မတို့ ဆရာ့ဆေးခန်းပြရအောင်ဆိုကာ တောက်လျှောက်ခေါ်လာခဲ့ခြင်း ဖြစ်သည်။

စမ်းသပ်ကြည့်သောအခါ ဆရာကြီးကတော်၏ ဒူးဆစ်မှာ နဂိုကပင်ကျိုးပေါင်းရှိနေပြီး လေယာဉ်ပေါ် ကွေးထိုင်သောအခါ ခုံညင်းဘေး အရွတ်ကြောနှင့် ကျိုးပေါင်းညပ်မိပြီး ပြန်ဆန့်သောအခါ မခံမရပ်နိုင်အောင် နာကျင်နေခြင်း ဖြစ်သည်ကို တွေ့ရပါသည်။ ဒူးကျိုးပေါင်းရှိသူများသည် အထိုင်အထ၊ အကွေးအဆန့်တွင် အကြောညပ်လေ့ ရှိပါသည်။

ထိုနေ့က ချက်ချင်းပင် ဆရာကြီးကတော်၏ ဒူးကို ပြန်ဆန့်ပြီး အကြောပြင် ဆေးစည်းပေးလိုက်ပါသည်။ နောက်တစ်နေ့ ဆေးခန်းသို့ ထပ်လာသောအခါ ဆရာကြီးရော ဇနီးပါ ပြုံးပြုံးရွှင်ရွှင်နှင့် ပြန်ရောက်လာကြပါသည်။ ‘ဆရာတို့ ပညာကတော့ သိကြားပါပဲ’ ဟု ဆရာကြီးက ချီးကျူးသည်ကို ခံခဲ့ရသဖြင့် စာရေးသူ၏ စိတ်ထဲတွင် ယနေ့အထိ ကျေနပ်နေဆဲ ဖြစ်ပါသည်။

ထို့နောက် ဆရာကြီးတို့ မန္တလေးသို့လာတိုင်း စာရေးသူ၏ ဆေးခန်းသို့ ဝင်လာလေ့ရှိပါသည်။ ဆရာကြီးကတော် ဆေးခန်းပြအကြောပြင်၊ ဆရာကြီးက စကားစမြည်ပြောနှင့် မိသားစုသဖွယ် ခင်မင်လာကြရာမှ တစ်နေ့တွင် စာရေးသူက ဆရာကြီး မျက်စိမမြင် (ကွယ်လုနီးပါး မှုန်ဝါးနေရခြင်း)ခြင်း အကြောင်းအရင်းကို စပ်စုကြည့်မိပါသည်။

ဆရာကြီးဇနီး ပြောပြသည်မှာ ဆရာကြီးမှာ စာရေးစာဖတ်ချိန်များသဖြင့် တဖြည်းဖြည်း မျက်စိမှုန်လာသည်မှာမှုန်သော်လည်း လုံးဝမမြင်ရသည်အထိ ဖြစ်သွားရသောအကြောင်းရင်းမှာ တစ်နေ့တွင် စစ်ကိုင်းတောင်ရိုးတွင် (ရုပ်ရှင်မင်းသားကြီး ဇေယျ၏ကျောင်းတွင် ထင်သည်။) ဆရာကြီး ဒုလ္လဘရဟန်းခံသည်။ ပူပြင်းသော နွေလ မတ်၊ ဧပြီလများတွင် ဖြစ်မည်ထင်သည်။ နံနက်ပိုင်းတွင် အလှူလေးတစ်ခု မိတ်ဆွေအချို့မျှဖိတ်၍ အကျဉ်းမျှပြုလုပ်ပြီး အလှူရေစက်ချပြီး မွန်းလွဲ ၂ နာရီ၊ ၃ နာရီခန့်တွင် ဆံချသည် (ခေါင်းတုံးတုံးသည်)။ ဆံချပြီးနောက် ဦးခေါင်းပေါ်မှ ရေလောင်းချလိုက်ချိန်တွင် ဆရာကြီး မျက်စေ့များအတွင်း ကျိန်းစပ်သလို ဖြစ်ပြီး ပြာမှောင်သွားသည်။ နောက်တစ်နေ့တွင် မျက်စိမမြင်ရတော့ပေ။

နေပူထဲတွင် ခေါင်းတုံးတုံးပြီး ရေလောင်းချသည်မှာ အမှားပင်ဖြစ်သည်။ ဆရာကြီးကဲ့သို့ပင် နေပူကြီးထဲမှာ ခေါင်းတုံးရိတ်ပြီး ရေလောင်းလိုက်သဖြင့် စုပေါင်းရှင်ပြုပွဲ တစ်ခုတွင် ကိုရင်လေး လေးပါး မူးမေ့လဲကျပြီး သတိပါ လစ်သွားပြီး ဆေးရုံသို့အရေးပေါ်ပို့ရသည်ကို ကြားဖူးပါသည်။ အချို့ကလည်း သေဆုံးသွားသည်ဟု ပြောကြပါသည်။ ဤလုပ်ရပ်သည် အခန့်မသင့်လျှင် ဦးနှောက်သွေးကြောပြတ်နိုင်သော အပြုအမူများ ဖြစ်ပါသည်။

ဆရာကြီးသည် သားဖြစ်သူထံ ဂျပန်နိုင်ငံသို့ သွားရောက်ပြီး စစ်ဆေးကုသပါသည်။ ထိုအချိန်က ဂျပန်တွင် မျက်စိအတွင်းတိမ်ကို ‘လေဆာ’ ရောင်ခြည်နှင့် ပစ်ပြီး ကုသနေပြီဖြစ်သည်။ ဖြစ်ပုံမှာ ဦးခေါင်းအတွင်းမှ အခိုးများ ကန်ထွက်ပြီး မျက်စိအတွင်းရှိ မှန်ဘီလူးတွင် အခိုးအငွေ့များကို လေဆာဖြင့်ပစ်ပြီး ဖယ်ရှားရှင်းလင်းနိုင်သည်။ (ယခုအခါ မြန်မာပြည်တွင်လည်း လေဆာနှင့် ကုသနိုင်နေပြီး ဖြစ်ပါသည်။) ကံဆိုးစွာဖြင့်ပင် ဆရာကြီးမှာ နောက်ကျသွား၍လား၊ အခိုးအငွေ့ များလွန်း၍လား မသိ။ လေဆာ ခုနစ်ကြိမ် ပစ်သော်လည်း မျက်စိမှာ ပြန်မမြင်တော့ဟု ဆိုပါသည်။ ဤသည်မှာ ဆရာကြီးကတော်၏ ပြောပြချက်ဖြစ်သည်။

ဆရာကြီး၏ ဒါရိုက်တာပညာမှာ အံ့မခန်းပင် ဖြစ်ပါသည်။ မျက်စိမမြင်ရသော်လည်း အသံဖြင့် နားထောင်ပြီး ဇာတ်ကားများရိုက်ခဲ့သည်။ ဆရာကြီး၏ နာမည်ကြီးသော ‘ရဟန်းစားသော ဆွမ်းတစ်နပ်’ လို ဇာတ်ကားများမှာ ဆရာကြီး မျက်စိမမြင်ဘဲ အသံနားထောင်ပြီး ရိုက်သော ကားများဖြစ်သည်။ စာရေးသူတို့ တစ်ပြည်လုံး နှစ်သက်သော ရုပ်ရှင်ကို ကိုယ်တိုင်ဒါရိုက်တာလုပ် ရိုက်သူ ဆရာကြီး ကိုယ်တိုင်ကတော့ မကြည့်ဖူး၊ မမြင်ရရှာပါ။ ဆရာကြီး၏ ပညာမှာ အံ့မခန်းပင်။ ‘အသံမှန်လျှင် ရုပ်မှန်တယ်’ ဟု ဆိုသည်။ သရုပ်ဆောင် ဇော်လင်း၊ ချိုပြုံးတို့၏ အသံများကို နားထောင်ကာ မကြိုက်လျှင် ပြန်ရိုက်ခိုင်းသည်။ ရုပ်ကိုတော့ မမြင်ရ။ ဤသို့ဖြင့်ပင် ဇာတ်ကားကောင်း ဖြစ်ခဲ့သည်။ ဆရာကြီးမှာ နတ်နား၊ နတ်မျက်စိများရထားသလားထင်ရသည်။ ထို့ကြောင့်လည်း ဆရာကြီးသည် အကယ်ဒမီဆု ငါးဆုရခဲ့ခြင်းဖြစ်မည်ထင်သည်။



ဆရာကြီး၏ ဇနီးကို ဆေးကု၊ အကြောပြင်ပေးရသော်လည်း ဆရာကြီးက ဘာမှမဖြစ်၊ နေကောင်းသည်ဟု အမြဲပြောသည်။ စာရေးသူကသာလျှင် တောင်းပန်ပြီး ဆရာကြီးကို ကုသိုလ်ဖြစ် အကြောပြင်ပေးပါရစေဟု ခွင့်တောင်းသည်။ ဆရာကြီးကတော်ကလည်း တိုက်တွန်းမှ ဆရာကြီးက အကြောပြင် ခုတင်ပေါ်သို့ တက်ပါသည်။ ဆရာကြီးက သူ့ဇနီးကို ‘တို့က သူများကိုသာပြုစုချင်တာ၊ သူများပြုစုတာ မခံချင်ဘူး’ ဟု ပြောပါသည်။

ဆရာကြီးသည် အလွန်နာတတ်သဖြင့် အကြောပြင်သောအခါ ဖြည်းဖြည်းနှင့် ဖွဖွပြင်ပေးရသည်။ ဆရာကြီး နာသွားလျှင် ဇနီးသည် ဒေါ်ကြင်မေက အားပေးသည့် အနေဖြင့် ဆရာကြီးလက်ဖဝါးကို ဆုပ်ကိုင်ပေးထားသည်။

ဆရာကြီး၏ ခန္ဓာကိုယ်အပေါ်ပိုင်း ဇက်ကြော၊ လက်ဖျံကြောများ၊ ပခုံးကြောနှင့် ဝမ်းဗိုက်၊ သကျည်း သွေးကြောများပါ မကျန် စာရေးသူကိုယ်တိုင် အကြောပြင်ပေးပါသည်။ ထိလျှင်၊ နာလျှင် မခံနိုင်။ ဂရုတစိုက် ဖွ၍ ပြင်ပေးပါသည်။ သို့သော် အောက်ပိုင်း ခြေနှစ်ဖက်အစုံကို နှိပ်နယ်၊ ကွေးဆန့် အကြောပြင်ပေးသောအခါ နာကျင်ခြင်းမရှိ။ သိပ်မသိသလို၊ ထုံနေသလို ဖြစ်နေသည်ကို သတိပြုမိပါသည်။

## ပါဒရက်ကြော အကြောင်း

ခြေသလုံးနှစ်ဖက်တွင် ‘ပါဒရက်ကြော’ ခေါ် သွေးပို့ပေးသည့် အကြောများနှင့် ပါဒကိစ္စခေါ် ကွက်ကြောများလည်း ရှိပါသည်။ ၎င်းအကြောများကို စာရေးသူသည် “Hammer” ခေါ် အကြောပြင်တူကလေးဖြင့် ခေါက်ကြည့်သောအခါတွင်လည်း မာကျောပြီး အကြောပိတ်သော တုံ့ပြန်မှုကို တွေ့ရသဖြင့် ပါဒရက် ကြောပိတ်ရောဂါ ဆရာကြီးတွင်ဖြစ်နေကြောင်း တွေ့ရသိရပါသည်။

ပါဒရက်ကြော ပိတ်သောအခါ ခြေသလုံးနှစ်ဖက် တောင့်တင်းပြီး အခိုးပိတ်သဖြင့် အခိုးအကင်းမှန်သမျှ ခြေထောက်၊ ဖဝါးမှ မထွက်တော့ဘဲ ဖဝါး၊ ဖနောင့်တွင် ကွဲခြင်း၊ အက်ခြင်းများ လက္ခဏာပြလာမည့် ခြေထောက်တွင် ချွေးမထွက်တော့။

ခြေထောက်တွင် ချွေးမထွက်သူများသည် မျက်စိသို့ အခိုးအထက်ဆန်သဖြင့် မျက်စိမွဲတတ်သည်။ ရှေးက လူကြီးများက ဒူလာမျက်စိဟု ခေါ်ကြသည်။ ‘ဒူလာ ပါဒရက် ခြေကတက်’ ဟု ဆိုကြသည်။ ပါဒရက် ကြောင့်ဖြစ်သော မျက်စိမှုန်သူ၊ မျက်စိကွယ်သူများစွာရှိပါသည်။ (ပါဒ = ခြေထောက်၊ ရတ္တ = သွေး၊ ခြေထောက်သို့ သွေးပို့သော အကြောဟုလည်း အာယုဗေဒကျမ်းများတွင် အဓိပ္ပာယ် ဖွင့်ဆိုသည်။)

‘မျက်စိ အဆုံး၊ နား အရှုံး’ ဟူသော စကားအတိုင်း မျက်စိမမြင်ရလျှင် လောကကြီး အမှောင်ကျသွားရလေသည်။ နေထွက်သည် မိုးချုပ်သည်ကို သူများပြောမှ သိရလေသည်။ ထိုကဲ့သို့ ဖြစ်စေနိုင်သော အကြောင်းအမျိုးမျိုးတို့တွင် ‘ပါဒရက်’ ရောဂါလည်း တစ်ခုအပါအဝင် ဖြစ်လေသည်။

စာရေးသူသည် ဆရာကြီး၏ မျက်စိကို ပြန်မြင်အောင် ကုပေးချင်သည့်စိတ် ပေါ်မိပါသည်။ ဆရာကြီး၏ မျက်စိကိုသာ ပြန်မြင်အောင် ကုပေးနိုင်လျှင် အနုပညာလောကကြီး တစ်ခုလုံးကို အကျိုးပြုလိုက်ရသကဲ့သို့ ဖြစ်မည်ဟု ခံစားနေမိပါသည်။

ကျွန်တော်သည် ဆရာကြီးလာသည့်အခါတိုင်း ခြေသလုံးနှစ်ဖက်မှ ပါဒရက်ကြော၊ ကွက်စွန်းကြောများကို မုန်ညင်းဆီနှင့် ငရုတ်ကောင်းဆီ ရောစပ်လိမ်းပြီး သေသေချာချာ ပြင်ပေးပါသည်။ အကြောပြင်ပြီးလျှင် စန္ဒကူးနီ၊ တောရှောက်မြစ်၊ ဝံအူမြစ်၊ သစ်ကြံပိုး ပါသော ဆေးများဖြင့် ဆေးစည်းပေးပါသည်။ ကျွန်တော်၏ စိတ်ကူးယဉ် အိပ်မက်များမှာ ဆရာကြီး မျက်စိပြန်မြင်ဖို့ ခြေနှစ်ဖက်ကို ကုနေခြင်းဖြစ်ပါသည်။

ကျွန်တော်၏ စိတ်ကူးယဉ် အိပ်မက်များမှာ အကောင်အထည် မပေါ်လိုက်ပါ။ ‘အမေနေ့’ အခမ်းအနား တစ်ကြိမ်လာပြီး နောက်ပိုင်းတွင် ဆရာကြီးသည် အူအတက်ရောင်ရောဂါရကာ ရန်ကုန် စစ်ဆေးရုံ အမှတ်(၂)တွင် တက်ရောက်ကုသပြီး တက်လိုက်ဆင်းလိုက်နှင့် မန္တလေးသို့လည်း ရောက်မလာတော့ပါ။ ဆရာကြီးလို ပုဂ္ဂိုလ်မျိုးမှာ တစ်ခေတ်တွင်တစ်ယောက် ပေါ်ထွန်းသူမျိုးဖြစ်သဖြင့် တွေးမိတိုင်း နှမြောတသဖြစ်လျက် ရှိနေခဲ့ပါသည်။

လူတို့၏ ခန္ဓာကိုယ်ဖွဲ့စည်းပုံတွင် ပါဒခေါ် ခြေထောက်သည် အလွန်အရေးကြီးသည်။ ခြေဖဝါးနှစ်ဖက် အလယ်နှင့် ခြေခုံအတွင်း ဘေးစောင်းတွင် ပထဝီကြောများရှိသည်။ ထိုအကြောများ တင်းခြင်း၊ အခိုးပိတ်ခြင်း၊ ခြေဆီမထွက် ကွဲအက်ခြင်းတို့ကြောင့် အာကာသပျက်သော ရောဂါအမျိုးမျိုး ဖြစ်နိုင်သည်။ အထက်မှ အောက်သို့ စုန်ဆန်နေသော အခိုးအကင်းများသည် ခြေဖဝါးတွင် ပိတ်ရာမှ အထက်သို့တက်လာပြီး ခြေသလုံး ကြွက်သားနှင့် ညိုသကျည်းဘေး ပါဒရက်ကြောများပါ ပိတ်လာနိုင်သည်။ ထိုသို့ ပိတ်ခြင်းကြောင့် အပူအခိုး၊ အပူငွေ့များသည် ဖဝါးမှ မထွက်ဘဲ အထက်သို့ ပြန်သဖြင့် လည်ချောင်းမှ တစ်ဆင့် အာခံတွင်း ထိုမှတစ်ဆင့် မျက်စိနှင့် ဦးနှောက် အာရုံကြောများအထိ တက်၍ ဒုက္ခပေးနိုင်သည်။

ခြေသလုံးကြွက်သားများ တင်းလျှင် အကြောပြင်ပညာအားဖြင့် ပြောရလျှင် (ခြေသလုံး ညို့သကျည်းဘေးမှ) ပါဒရက်ကြောတင်းလျှင် အသက်ကြီးရွယ်အိုများတွင် မျက်စိကွယ်နိုင်သည်။ အလင်းအာရုံကြောကို ထိခိုက်စေနိုင်သည်။ ဒူလာကြောင့် မျက်စိကွယ်သည်ဟု ရှေးလူကြီးများ ယူဆခဲ့ကြသည်။ ‘ဒူလာ ပါဒရက် ခြေကတက်’ ဟူသောစကားကို အကြောင်းပြု၍ ဆရာကြီးကို ဥပမာထား၍ ဤဆောင်းပါးကို ရေးသားလိုက်ရပါသည်။ ။

“လူတို့၏ ခန္ဓာကိုယ် ဖွဲ့စည်းပုံတွင် ပါဒခေါ် ခြေထောက်သည် အလွန်အရေးကြီးသည်။ ခြေဖဝါးနှစ်ဖက် အလယ်နှင့် ခြေခုံအတွင်း ဘေးစောင်းတွင် ပထဝီကြောများရှိသည်။ ထိုအကြောများ တင်းခြင်း၊ အခိုးပိတ်ခြင်း၊ ခြေဆီမထွက် ကွဲအက်ခြင်းတို့ကြောင့် အာကာသပျက်သော ရောဂါအမျိုးမျိုး ဖြစ်နိုင် . . .”



## ပါ့ခ်ရှင်ဟေး ဖွင့်ဟလာတဲ့ လက်ထပ်ခြင်းဆိုတာ

တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသမီးတစ်လက်ဖြစ်တဲ့ ပါ့ခ်ရှင်ဟေးက လတ်တလောမှာတော့ ချစ်ခြင်းနဲ့ပတ်သက်တဲ့ သူ့ရဲ့အမြင်တွေနဲ့ ခံစားချက်တွေကို ဖွင့်ဟလာခဲ့ပြီး လက်ထပ်ခြင်းနဲ့ပတ်သက်တဲ့ သူ့ရဲ့ခံယူချက်တွေကိုလည်း ထုတ်ဖော်ပြောကြားလာခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာ ၂၆ ရက်မှာ ပါ့ခ်ရှင်ဟေးက တောင်ကိုရီးယားမီဒီယာတစ်ခုနဲ့ အင်တာဗျူးပြုလုပ်ခဲ့ပြီး ယင်းအင်တာဗျူးမှာ ပါ့ခ်ရှင်ဟေးက "ကျွန်မအနေနဲ့ အချစ်နဲ့ လမ်းခွဲလိုက်ရတဲ့ ခံစားချက်ကို နားလည်သဘောပေါက်ခြင်း မရှိခင်ကတည်းက အဲဒီခံစားချက်ကို တွေ့ကြုံခဲ့ရတာဖြစ်ကောင်းဖြစ်နိုင်တယ်"လို့ ဖြေကြားခဲ့တာဖြစ်ပါတယ်။

ဆက်လက်ပြီး ပါ့ခ်ရှင်ဟေးက လက်ထပ်ခြင်းနဲ့ ပတ်သက်ပြီးလည်း "လက်ထပ်တဲ့ကိစ္စဆိုတာကလည်း ကျွန်မကြောက်တဲ့ ကိစ္စတစ်ခုပါပဲ။ ကျွန်မလက်ထပ်တာနဲ့ပတ်သက်ပြီး အချိန်အတော်ကြာ စိတ်ကူးယဉ်ကြည့်ခဲ့မိတယ်။ ဒါပေမယ့် တကယ့်လက်တွေ့မှာ ဘယ်လောက်ခက်ခဲတယ်ဆိုတာ သဘောပေါက်လာခဲ့တယ်"လို့ ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ ဒ့ါအပြင် ပါ့ခ်ရှင်ဟေးက လက်ရှိသူ့ရဲ့ပတ်ဝန်းကျင်မှာ အိမ်ထောင်ကျပြီး ဘဝအခြေကျနေတဲ့ သူတွေလည်း များစွာရှိကြောင်း၊ သူ့အနေနဲ့ အားကျမိသော်လည်း တစ်ဖက်မှာ လူတစ်ဦးတည်းနဲ့ ကျန်ရှိနေတဲ့ဘဝကို ပျော်ပျော်ရွှင်ရွှင်နေထိုင်ဖြတ်သန်းနိုင်မှာလားဆိုတာကို အမြဲစဉ်းစားကြည့်နေမိကြောင်းလည်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

ပါ့ခ်ရှင်ဟေးဟာ မကြာသေးမီက "Silence" ရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ခဲ့ပြီး သူနောက်ဆုံးရိုက်ကူးခဲ့တဲ့ အဆိုပါရုပ်ရှင်ကို လာမယ့် နိုဝင်ဘာ ၂ ရက်မှာ တောင်ကိုရီးယားမှာ စတင်ရုံတင်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

## အနုပညာ အလုပ်တွေကို ရပ်နားလိုက်တော့မယ့် ကင်တေဟီး



လတ်တလောမှာ ပထမဆုံးရင်သွေးလေးဖြစ်တဲ့ သမီးလေးတစ်ဦးကို မွေးဖွားခဲ့ပြီးနောက်မှာတော့ တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်တဲ့ ကင်တေဟီးက သူ့အနေနဲ့ ရှေ့ဆက်ပြီး အနုပညာလှုပ်ရှားမှုတွေ လုပ်ဆောင်ဖို့ထက် သမီးလေးနဲ့ မိသားစုအတွက်သာ အချိန်တွေကို ကုန်ဆုံးသွားစေမှာဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့ ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ကင်တေဟီးနဲ့ ရိန်းတို့ဟာ သမီးမိန်းကလေးတစ်ဦးကို ယခုရက်ပိုင်းအတွင်း မွေးဖွားခဲ့တာဖြစ်ပြီး ဒီလိုသမီးလေးရရှိခဲ့ပြီဖြစ်ကြောင်းကို ရိန်းက ပြီးခဲ့တဲ့ အောက်တိုဘာ ၂၅ ရက်က သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့တာကိုလည်း တွေ့ရပါတယ်။

ဒီလို သူတို့ရဲ့မိသားစုဘဝထဲကို သမီးလေးရောက်လာပြီးတဲ့နောက်မှာတော့ ကင်တေဟီးက သူ့ရဲ့ ဘဝနဲ့အချိန်တွေကို သမီးအပေါ်မှာသာ အာရုံစိုက်ထားတော့မှာဖြစ်ကြောင်းနဲ့ အနုပညာနဲ့ ပတ်သက်တဲ့ အလုပ်တွေကို လုပ်ဆောင်ဖို့ရာ အစီအစဉ်မရှိကြောင်း သိရပါတယ်။ ရိန်းကတော့ သူ့ရဲ့ တစ်ကိုယ်တော်တေးသီချင်းသစ်တွေကို ထုတ်လွှင့်ခဲ့ပြီး ကေဘီအက်စ်ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်သွားမယ့်အစီအစဉ် "The Unit" မှာ ပါဝင်ဖို့အတွက်လည်း အလုပ်တွေများနေတာဖြစ်ကြောင်းလည်း သိရပါတယ်။

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ရိန်းနဲ့ ကင်တေဟီးတို့ရဲ့ ပရိသတ်တွေကတော့ သူတို့နှစ်ဦးရဲ့ သမီးလေးကို လတ်တလောအချိန်အထိ တွေ့မြင်ခွင့်မရကြသေးတဲ့အပေါ် အလွန်စိတ်ဝင်စားနေကြပြီး ကင်တေဟီးလို လှပတဲ့သမီးလေးဖြစ်မှာလားရယ်လို့လည်း စိတ်လှုပ်ရှားနေကြကြောင်းလည်း သိရပါတယ်။

ရိန်းနဲ့ ကင်တေဟီးတို့ဟာ ချစ်သူတွေအဖြစ် ငါးနှစ်ကြာလက်တွဲခဲ့ကြပြီးနောက် ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း လက်ထပ်ခဲ့ကြကာ ပြီးခဲ့တဲ့ မေလအတွင်း ကင်တေဟီးအနေနဲ့ ရင်သွေးလေးလွယ်ထားရပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တာလည်း ဖြစ်ပါတယ်။

အေးပြည့်
ခုစည်းဖော်ပြသည်

## မြန်မာဝတ်စုံဝတ်ရတာ အနှစ်သက်ဆုံးပါလို့ ဆိုလာသူ အိချောပို

ခန္ဓာကိုယ်ကောက်ကြောင်း အလှတွေကြောင့် ပရိသတ်အာရုံစိုက်ခြင်းခံထားရသလို မြန်မာဆန်ဆန် ဝတ်စုံလေးတွေကြောင့်လည်း ပရိသတ်အားပေးမှုကို ရရှိထားတဲ့ သရုပ်ဆောင် အိချောပိုက မြန်မာဝတ်စုံတွေဝတ်ရတာ အနှစ်သက်ဆုံးပါပဲလို့ ပြောပါတယ်။

"အိချောက မြန်မာဝတ်စုံလေးတွေ ဝတ်ရရင်ကို စိတ်ထဲမှာ ယုံကြည်မှုရှိတယ်။ ကိုယ့်ရှေ့မှာ မင်းသမီးမှ မဟုတ်ပါဘူး၊ အပြင်က ထဘီလေးတွေနဲ့ မြန်မာဆန်ဆန် ဝတ်ထားတဲ့ မိန်းကလေးတွေ တွေ့ရင်လည်း လိုက်ငေးမိတယ်။ ပရိသတ်တွေကလည်း အိချောကို မြန်မာဝတ်စုံလေးတွေ ဝတ်တာကို အားပေးကြတဲ့အတွက် ပိုပြီးဝတ်ဖြစ်ပါတယ်။ အိချော သရုပ်ဆောင်ရတဲ့ ဇာတ်ကားတော်တော်များများမှာလည်း မြန်မာဝတ်စုံ ဝတ်တာ များပါတယ်။ တချို့ဇာတ်ကားတွေမှာတော့ ဇာတ်ရုပ်လိုအပ်ချက်အရ ခေတ်ဆန်တဲ့ ပုံစံမျိုးတွေ ဝတ်ရတာတွေလည်းရှိပါတယ်။ အိချောတို့က အနုပညာသမားဖြစ်တဲ့အတွက် ဇာတ်ရုပ်အရ ဝတ်ရတာပါ။ အိချောကတော့ မြန်မာဝတ်စုံကို ပိုပြီးသဘောကျတဲ့အတွက် မြန်မာဝတ်စုံလေးတွေကို ပုံစံမျိုးစုံချုပ်ဝတ်တာများပါတယ်။ အိချော မြန်မာဝတ်စုံ ဝတ်ရတာကိုတော့ အနှစ်သက်ဆုံးပါပဲ"လို့ အိချောပိုက ဆိုပါတယ်။

လတ်တလောမှာတော့ သူပါဝင်သရုပ်ဆောင်ထားတဲ့ အော်တိုဘုရင်ရုပ်ရှင်ဇာတ်ကား ရုံတင်ပြသနေပြီး အဲဒီဇာတ်ကားမှာတော့ ဝါစာနီ မိဖုရားကြီးနေရာက ပါဝင်သရုပ်ဆောင်ထားတယ်လို့ အိချောပိုက ပြောပြခဲ့ပါတယ်။




## ရှုးအောင်ချစ်ရသူ သီချင်းက ဘဝအတွက်အမှတ်တရပါဆိုတဲ့ နန်းဆုရတီစိုး



လူမှုကွန်ရက်စာမျက်နှာမှာ နှစ်ရက်တည်းနဲ့ ကြည့်ရှုသူ နှစ်သန်းကျော်ရှိတဲ့အထိ ပရိသတ်စိတ်ဝင်စားမှုမြင့်မားခဲ့တဲ့ ရှုးအောင်ချစ်ရသူ တစ်ကိုယ်တော်တေးသီချင်းက ခံစားချက်နဲ့ တိုက်ဆိုင်ရုံတင်မက ဘဝရဲ့အမှတ်တရသီချင်းလေးတစ်ပုဒ်လည်းဖြစ်တယ်လို့ အဆိုတော်သရုပ်ဆောင် နန်းဆုရတီစိုးက ပြောပါတယ်။

"ရှုးအောင်ချစ်ရသူ သီချင်းက နန်းဆုရဲ့ ခံစားချက်နဲ့ တိုက်ဆိုင်တဲ့သီချင်းလို့ ပြောလို့ရပါတယ်။ ဒီသီချင်းက နန်းဆုဘဝရဲ့ခံစားချက်နဲ့လည်း တိုက်ဆိုင်တယ်။ ခံစားချက်အစစ်အမှန်သီချင်းလေးဖြစ်တဲ့အတွက် ဒီသီချင်းကနေ နန်းဆုရဲ့ ခံစားချက်တွေကို ပြောပြထားပါတယ်။ ဒီသီချင်းလေးကို မရိုက်ခင်ရော၊ ရိုက်နေတဲ့အချိန်မှာရော ထောက်ပံ့ပေးဖို့ ကမ်းလှမ်းကြတာတွေရှိပေမယ့် နန်းဆုက ဘယ်သူ့ကိုမှ လက်မခံခဲ့ဘူး။ ကိုယ့်ဘာသာကိုယ်ပဲ အကုန်အကျခံရိုက်ကူးခဲ့တာပါ။ ဘာဖြစ်လို့လဲဆိုတော့ နန်းဆုဘဝရဲ့ အကြောင်းအရာလေးတွေပဲရိုက်တာဆိုတော့ အခြားအထောက်အပံ့ယူပြီး မရိုက်ချင်ဘူး။ ကိုယ့်ရဲ့ အမှတ်တရလေးမို့လို့ အမှတ်တရဗီဒီယိုဖိုင်လေးအဖြစ်ပဲ သိုးသန့်ထားချင်တာကြောင့်လည်းပါသလို ပရိသတ်အတွက်လည်း အမှတ်တရလက်ဆောင်အနေနဲ့ ပေးချင်တာကြောင့်လည်း ပါပါတယ်"လို့ နန်းဆုရတီစိုးက ပြောပြခဲ့ပါတယ်။

ဒ့ါအပြင် ဒီသီချင်းအတွက် ရိုက်ကူးပုံဖော်ခဲ့ရာမှာလည်း အခက်အခဲတွေရှိခဲ့တယ်လို့ သူက ပြောပြပါသေးတယ်။

"တေးဗီဒီယို ရိုက်တဲ့အချိန်မှာလည်း အခက်အခဲတွေ အများကြီးရှိခဲ့ပါတယ်။ ပုဂံမှာပဲ နှစ်ရက်၊ သုံးရက်ရိုက်ခဲ့ရတယ်။ ဖရဲသီးကားနဲ့ ရိုက်တဲ့အချိန်မှာလည်း အခက်အခဲတွေ ရှိခဲ့တယ်။ အမြန်လမ်းပေါ်မှာ ရိုက်ခဲ့တာဆိုတော့ ရိုက်ရတာလည်း ခက်ခဲတယ်။ ဖရဲသီးကားရဲ့ဘေးမှာ ကားချင်းယှဉ်ပြီး ရိုက်ရတာဆိုတော့ ရိုက်နေရင်းနဲ့ ကားတွေလာပြီဆိုရင် နေရာပြန်ချိန်းရတယ်။ ကားတွေရှင်းသွားရင် ပြန်ရိုက်ဆိုတော့ ရိုက်ချိန်က စက္ကန့်ပိုင်းလေးတွေအတွင်းမှာပဲ အကြိမ်ပေါင်းမြောက်မြားစွာ ရိုက်ယူခဲ့ရတယ်"လို့ နန်းဆုက ရှုးအောင်ချစ်ရသူ နောက်ကွယ်က အကြောင်းအရာတွေကို ပြောပြခဲ့ပါတယ်။

# ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ



**ပြည် အောက်တိုဘာ ၂၇**
ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ၂၆၀၆ နှစ်ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနားကို အောက်တိုဘာ ၂၇ ရက် နံနက် ၆ နာရီက ယာယီမဂ်လာမဏ္ဍပ်၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ တပ်မတော်သားများ၊ ပြည်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ပြည်ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်မိသားစုများ၊ ရွှေဆံတော်စေတီတော်မြတ်ကြီး အလှည့်ကျဂေါပကများ၊ ဘုရားကြီး၏ဝေယျာဝစ္စအဖွဲ့များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ဝေးရပ်နီးမှ ပြည်သူများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

**မျိုးရန်ပိုင်ဝင်း**

# (၄၅)ကြိမ်မြောက် မဒေါက်တန်ဆောင်တိုင်မီးမျှောပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်



**မဒေါက် အောက်တိုဘာ ၂၇**
(၄၅)ကြိမ်မြောက်မဒေါက်တန်ဆောင်တိုင်မီးမျှောပွဲတော်ကြီးကို တန်ဆောင်မုန်းလဆန်း ၁၄ရက်(နိုဝင်ဘာ ၂ ရက်)မှ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်(နိုဝင်ဘာ ၄ ရက်)အထိ ကုန်းပွဲ ရေပွဲများဖြင့် မဒေါက်မြို့ စစ်တောင်းမြစ်ကမ်းနံဘေး၌ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီထံမှသိရသည်။

ယခုနှစ်မဒေါက်တန်ဆောင်တိုင်ပွဲတော်ရက်များတွင် မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲ၊ မြန်မာ့ရိုးရာလက်ဝှေ့ပွဲ၊ ချောတိုင်တက်ပွဲ၊ NEW AGE YOUNG တီးဝိုင်းမှ အဆိုတော်များ၏ သီဆိုဖျော်ဖြေပွဲ၊ ဇာတ်သဘင်ပွဲ၊စစ်တောင်းမြစ်အတွင်း မြန်မာ့ရိုးရာလှေပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး တက်ခုတ်ယိမ်း၊ တက်ပျံယိမ်းအဖွဲ့များ၊ တိုင်းရင်းသားရိုးရာယိမ်းအကအဖွဲ့များ၏ ကပြဖျော်ဖြေပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး တန်ဆောင်မုန်းလပြည့်နေ့တွင် ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအား မဒေါက်မြို့တွင်း ဒေသစာရီကြွချီအပူဇော်ခံမည်ဖြစ်သည်။

တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့တွင် ယိမ်းအကအလှပြိုင်ပွဲနှင့်ဆုပေးပွဲကျင်းပပြီး ညနေ ၆နာရီခန့်တွင် မီးရှူးမီးပန်းများပစ်ဖောက်၍ စစ်တောင်းမြစ်အတွင်း ရောင်စုံမီးကြာခွက်များမျှောကာ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအား မီးမျှောပူဇော်ကြမည်ဖြစ်ကြောင်း၊ ၎င်းပွဲတော်သည် မဒေါက်ဒေသ၏ နှစ်စဉ်ရိုးရာမပျက် စည်းကားသိုက်မြိုက်စွာ ကျင်းပသောပွဲတော်တစ်ခုဖြစ်ပြီး ရှင်ဥပဂုတ္တမထေရ်မြတ်ရုပ်ပွားတော်ကြီးအား ဆီမီးပူဇော်ကြည်ညိုသဒ္ဓါပွားနိုင်ရေးနှင့် မဒေါက်ဒေသ (၁၁)ဒိုင်နယ်အတွင်း နေထိုင်ကြသောဒေသခံပြည်သူများ စည်းလုံးညီညွတ်မှုကိုရှေးရှု၍ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ စဉ်ဆက်မပြတ်ထိန်းသိမ်းဖော်ထုတ်နိုင်ရန် ရည်ရွယ်ပြီးကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ရဲမြန်မာ(ညောင်လေးပင်)**

# ကျောက်မီးသွေးလောင်စာသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်း မြေယာသီးနှံထိခိုက်သူများအား လျော်ကြေးငွေများစတင်ပေးချေ

**ဘားအံ အောက်တိုဘာ ၂၇**
ကရင်ပြည်နယ် ဘားအံမြို့နယ် ဝတ်ကြီးကျေးရွာအုပ်စု ဝတ်ကြီး၊ ထုံးတောင်၊သုံးအိမ်ကျေးရွာအနီးတွင် လျှပ်စစ်ဓာတ်အား(၁၂၈၀ မဂ္ဂဝပ်)ခန့်ထွက်ရှိမည့် သန့်စင်သော ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တည်ဆောက်မည်ဖြစ်ရာ အဆိုပါ စီမံကိန်းမြေနေရာအတွင်းရှိ လယ်ယာမြေများနှင့် ရော်ဘာခြံစိုက်ခင်းများအား မြေယာနှင့်သီးနှံလျော်ကြေးငွေများကို အောက်တိုဘာ ၂၆ ရက်က ပေးချေနေပြီဖြစ်သည်။

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်မြေစာရင်းဦးစီးဌာနမှူး ဦးမင်းမင်းနှင့် တာဝန်ရှိသူများက အောက်တိုဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ သန့်စင်သောကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းမြေနေရာနှင့်ပတ်သက်၍ မြေယာသီးနှံထိခိုက်သူများအား လျော်ကြေးငွေများစတင်ပေးချေနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းကို TOYO THAI POWER MYANMAR CO.,LTD-TTCL မှ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံး ခေတ်မီအဆင့်မြင့်နည်းပညာများကိုအသုံးပြု၍ ဂျပန်နိုင်ငံမှ စက်သစ်ကြီးများဖြင့် တည်ဆောက်မည်ဖြစ်သည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကရာတေးဒိုနည်းပြနှင့် ဒိုင်လူကြီးသင်တန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၂၇**
နိုင်ငံတကာ ကရာတေးဒိုပြိုင်ပွဲများတွင် ဒိုင်လူကြီးနှင့်နည်းပြများအဖြစ် ဆောင်ရွက်နိုင်ရန်နှင့် အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ကရာတေးဒို အဖွဲ့ချုပ်မှ သတ်မှတ်ချက်လိုင်စင် ရရှိနိုင်ရေးအတွက် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်မှ ကြီးမှူးဖွင့်လှစ်သော ကရာတေးဒိုနည်းပြနှင့် ဒိုင်လူကြီးသင်တန်း (၂/၂၀၁၇) အဆင့်သင်တန်းကို အောက်တိုဘာ ၂၆ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း ကရာတေးဒိုလေ့ကျင့်ရေးခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံကရာတေးဒို အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က နိုင်ငံတကာ ကရာတေးဒိုပြိုင်ပွဲများတွင် ဒိုင်/နည်းပြ ဆောင်ရွက်မည့်သူများသည် International Referee/Coach Licence ရှိရမည်ဖြစ်ပြီး Licence Holder များသာ ပြိုင်ပွဲတွင် တာဝန်ယူကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် အနေဖြင့်လည်း World Karate Federation . WKF ၏ ပြိုင်ပွဲ စည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ရာ ပြည်တွင်း ပြိုင်ပွဲများတွင် တာဝန်ယူ ဆောင်ရွက်ကြရမည့် နည်းပြ/ဒိုင်များသည်လည်း မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် အသိအမှတ်ပြုလိုင်စင်ရရှိထားရန် မဖြစ်မနေလိုအပ်တာကြောင့် ဒုတိယအကြိမ် ယခုသင်တန်းကိုဖွင့်လှစ်ရခြင်းဖြစ်ကြောင်းပြောကြားခဲ့သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်ကလပ်အသင်း၊ ဝန်ကြီးဌာန ၃၅ ခုမှ သင်တန်းသား သင်တန်းသူ ၇၀ တက်ရောက် သင်ကြားကြပြီး သင်တန်းကို အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး Sports Leadership, Management In Sports, Training Principles , WKF Competition Rules -2017 လက်တွေ့ စစ်ဆေးခြင်း၊ Kihon / Kata စာတွေ့လက်တွေ့များ၊ ပြိုင်ပွဲနည်း ဥပဒေ/နည်းစနစ် (Kihon) နှင့် ပတ်သက်သည်များကို လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယက ဆရာကြီးဦးစိုးတင့်၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ ပြန်လည်ရွေးချယ်ရေးအဖွဲ့ ခေါင်းဆောင် ဦးအောင်ဒင်၊ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်နှင့် ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သက်မှူး**

# ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း အသိပညာပေး ဆွေးနွေး

**ပဲခူး အောက်တိုဘာ ၂၇**
ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းအား မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့သို့အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီက ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းမိုကအဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာအေးငြိမ်းက နိုင်ငံတစ်ဝန်းဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်းလုပ်ငန်း(၂၀၁၇)အကြောင်းရှင်းလင်းပြောကြားသည်။

ဂျပန်ဦးနှောက်ရောင်ရောဂါသည် ခြင်မှတစ်ဆင့်ကူးစက်သော ရောဂါဖြစ်ပြီး ၂၀၁၂ ခုနှစ်မှ ၂၀၁၇ ခုနှစ် ဇွန်လအတွင်း ဦးနှောက်ရောင်ရောဂါဖြစ်ပွားသူ ၃၉၄၀ အနက် ဂျပန်ဦးနှောက်ရောင်ရောဂါပိုးတွေ့လူနာ ၇၄၅ ဦး ရှိခဲ့သဖြင့် ၁၉ ရာခိုင်နှုန်းခန့် ဖြစ်ပွားခဲ့ပြီး အဓိကအားဖြင့် အသက်(၁)နှစ်မှ (၁၄)နှစ်ကြားဖြစ်ပွားလေ့ရှိသည်။ ရောဂါဖြစ်ပွားသူများအနက် ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ သေဆုံးနိုင်ပြီးအသက်ရှင်လျက်ကျန်ရစ်သူများတွင်လည်း ၃၀ ရာခိုင်နှုန်းခန့်သည် ကိုယ်လက်မသန်စွမ်းခြင်း၊ နားလေးခြင်း၊ မကြာခဏတက်ခြင်းနှင့်စကားမပြောနိုင်ခြင်း၊ အခြားအစိတ်ပိုင်းများဆိုင်ရာနှင့်အပြုအမူဆိုင်ရာချို့ယွင်းမှုများဖြစ်ပွားနိုင်ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း၌ အသက်ကိုးလမှ အသက် ၁၅ နှစ်အရွယ် ကလေးငယ်များအား နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွင် ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်သည်။

အခမ်းအနားအား ပဲခူးတိုင်းဒေသကြီးမိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ပူးပေါင်း၍ ကျင်းပခြင်းဖြစ်ပြီး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်းနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြကာ အခြေခံပညာကျောင်းများတွင်လည်း အသိပညာပေးဟောပြောမှုများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

# ချွတ်ယွင်းထရန်စဖော်မာ အစားထိုး တပ်ဆင်

**လှိုင် အောက်တိုဘာ ၂၇**
ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် (၄) ရပ်ကွက် အေးရိပ်မွန်အိမ်ရာရှိ အိမ်ရာပိုင် 11-6.6/0.4 KV (500)KVA ထရန်ဖော်မာသည် ချွတ်ယွင်းသွားသဖြင့် ဓာတ်အားပြန်လည်ရရှိရေးအတွက် ရန်ကုန်အနောက်ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာ (စီမံ) ဦးခိုင်ဇော်ငြိမ်း၊ ခရိုင်လျှပ်စစ်မန်နေဂျာ(အင်ဂျင်နီယာ) ဦးဆန်းလွင်တို့ ဦးစီး၍ လှိုင်မြို့နယ် လျှပ်စစ်မန်နေဂျာရုံး ဝန်ထမ်းများဖြင့် 11-6.6/0.4 KV (200) KVA ထရန်ဖော်မာနှစ်လုံးအား ဌာနမှ ထုတ်ယူတပ်ဆင်၍ အောက်တိုင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းက ပုံမှန်ဓာတ်အားများ ပြန်လည်ပေးထားကြောင်း သိရသည်။

**(မောင်ဇော်)**

# ပြည်မြို့၌ ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ပြည် အောက်တိုဘာ ၂၇**
ပြန်ကြားရေးဝန်ကြီးဌာန၏စီစဉ်မှုဖြင့် ကလေးစာပေပွဲတော်များကို နိုင်ငံတစ်ဝန်းရှိမြို့ကြီးများအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် အဆိုပါကလေးစာပေပွဲတော်ကို အထက(၁) ပြည် သုံးထပ်ဆောင် အဆောက်အအုံ၌ အောက်တိုဘာ ၂၉ ရက် နံနက် ၇ နာရီခွဲမှ ညနေ ၅ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြည်မြို့၌ကျင်းပမည့် ကလေးစာပေပွဲတော်တွင် ကလေးများ၏ ကာယဉာဏစွမ်းဆောင်ရည်များ ထက်မြက်ဖွံ့ဖြိုး ရင့်သန်လာစေရန်နှင့် ကလေးများပျော်ရွှင်စေရန်အတွက် ကလေးစာဖတ်ခန်း၊ သုတရသစာအုပ်အရောင်းဆိုင်များနှင့် စာပေဟောပြောဆွေးနွေးပွဲ အပါအဝင် ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ ပျော်ရွှင်စရာ ဂိမ်းကစားခြင်းများ၊ ကလေးတို့အကြိုက် ပျော့ပျော့အိအိကလေးကစားကွင်းနှင့် ပွဲတော်အမှတ် တရဓာတ်ပုံတွဲရိုက်နိုင်ရန် ဝက်ဝံ၊ ငါးမန်းနှင့် စပိုက်ဒါမင်းန် အစရှိသည့် 3D ရုပ်ပုံကားချပ်များကို စီစဉ်ထားရှိကြောင်း သိရပြီး ကလေးများနှင့် မိဘပြည်သူများ မည်သူမဆို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။ **မျိုးကျော်ကြီး(ပြန်/ဆက်)**

# ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်

ရွှေချစ်သူများအတွက် ကံစမ်းရန်မလိုပါ။ ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင် မှ တန်ဆောင်တိုင် Promotion အထူးအစီအစဉ် (1.11.2017 မှ 30.11.2017) အတွင်း ကြိုက်နှစ်သက်သော ရွှေထည်ပစ္စည်း (၂)မျိုးဝယ်ယူအားပေးသော မိတ်ဟောင်း ၊ မိတ်သစ် Customer များကို အလေးတိုးရွှေကလစ် (၈)ခု ပေးဆုလက်ဆောင်ပေးသွားပါမည်။

အမှတ်(၃၉)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၊ ၀၁-၅၃၆၀၀၀၊ ၅၃၉၅၁၂ ၅၂၃၀၀၀

PH: ၀၉-၄၄၃၀၀၂၆၉၇၊ ၀၉- ၂၅၄၂၀၀၀၂

# LUNCH TIME SPECIAL

美洋鍋 Beauty in The Pot

11:30am-5:00pm Daily



Terms & Conditions Applies

10%Off On Food Items

Until 30th Nov 2017

Sayar San Road

09 252 221 188

beautyinthepotmm




# YAG ပန်းချီသင်တန်း

အမှတ်- ၂၇၃၊ ၅လွှာ၊ ဗညားဒလလမ်း၊ တာမွေ။

Ph - 09 5065833, 0996 5065833

ဆရာယန်

ENGLISH Conversation Practice

Sayar.Yang

Great Wall

TAMWE - 540714, 09 5183636 09 420230133

# ဘဝလက်တွဲဖော်အစစ် ပရိုဘိုင်အိုတစ်

ဒေါက်တာခင်မောင်လွင် (FAME)

- သွားနှင့်ခံတွင်းကျန်းမာရေး
- အမျိုးသမီးများအဖြူဆင်းရောဂါ
- အစာအိမ်နှင့် အူလမ်းကြောင်းကျန်းမာရေး
- ဓာတ်မတည့်ခြင်း၊ ပန်းနာရင်ကျပ်ရောဂါနှင့် နှင်းခူရောဂါ
- အော်တိုအင်မြူးရောဂါများဖြစ်သော သွေးလေးဖက်နာရောဂါ၊ SLE ရောဂါနှင့် ဆိုရီရေးစစ်ရောဂါ

စသည်တို့ကို ကာကွယ်၊ ကုသရာတွင် အသုံးပြုနိုင်သည့် အကျိုးပြုအဏုဇီဝပိုး "Probiotics" အကြောင်းကို သိမှတ်ဖွယ်ကောင်းစွာ ပြည့်စုံစွာ လေ့လာဖတ်ရှုရမည်....



Ph: 09-965 559 860, 01-3682 199, 3685 083, 3685 609

## "ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်၊ ၂၈-လမ်း၊ အမှတ်-(၄၅)တွင် ရုံးခန်းဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသော G.B.M TRADING CO., LTD. သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို ရန်ကုန်တိုင်းဒေသကြီးစာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကုမ္ပဏီမှပိုင် အမှတ်တံဆိပ်များအဖြစ် မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။

HISCHER HAIR COSMETICS (IV-၂၂၁/၂၀၁၇)

Karseell MACA CARE SYSTEM (IV-၂၂၂/၂၀၁၇)

MASARONI SALON EXCLUSIVE (IV-၂၂၃/၂၀၁၇)

အထက်တွင်ကပ်နိုင်ဖော်ပြထားသော " HISCHER "၊ " Karseell " နှင့် " MASARONI " ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို အသုံးပြု၍ G.B.M TRADING CO., LTD.သည် " ခေါင်းလျှော်ရည်၊ ဆံပင်ဖြောင့်ဆေး၊ ဆံပင်ပေါင်းဆေး၊ ဆံပင်ကောက်ဆေး၊ ဆံပင်ဆိုးဆေး၊ ဆံပင်အရောင်ချွတ်ဆေး၊ ဆံပင်ပျော့ဆေးနှင့် အလှကုန်ပစ္စည်းအမျိုးမျိုး " တို့ကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ချိရောင်းချလျက်ရှိပါသည်။

သို့ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အစိတ်အပိုင်းကိုဖြစ်စေ ဆင်တူယိုးမှားတုပပြုလုပ်၍သော်လည်းကောင်း ထင်ယောင်ထင်မှားတုပပြုလုပ်၍သော်လည်းကောင်း အတုအပပြုလုပ်၍ ထုတ်လုပ်ခြင်း၊ မှာယူတင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးထွန်းစာနည်းဦး(အထက်တန်းရှေ့နေ) (စဉ်-၄၈၄၇၄)  ဦးဇော်နိုင်(တရားလွှတ်တော်ရှေ့နေ) (စဉ်-၅၃၄၁)

အမှတ်-(၁၇၆) ပထမထပ်၊ မိဘနိုင်ငံရွှေဓာတ်ရှိများ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၃၉၇၂၈၄၊ ၃၉၇၂၈၅ ၊ ၂၉၆၁၇၂

# လမ်းမတန်း မြေကွက်ရောင်းမည်

သာကေတ၊ ရှုခင်းသာလမ်းမကြီး မေးတင် အကျယ် (၄၀×၄၈)ပေ၊ ဂရန်မြေကွက်

ဖုန်း-၀၉- ၇၈၅၀၃၁၁၆၅

JEWEL HOTEL Yangon



# ဂျူးဝဲလ်ဟိုတယ်

No.150(D), Corner of University Avenue & Kabaaye Pagoda Road, Bahan Township, Yangon, Myanmar.


bella
BE A STAR
ရေစိုခံကူရှင်ပုတ်ရင်း ကားစီးမယ်
သိန်း ၃၀၀၀ ကျော်
ဆုမဲပေါင်း တစ်သိန်းခွဲကျော်
bella
ALL in ONE
Matte Powder Cushion
NISSAN
SUPER STAR LUCKY DRAW
18TH JULY ~ 30TH OCT | 2017
စိန်လက်စွပ် ကံထူးရှင်
ရွှေဟန်းချိန်းကံထူးရှင်
ရွှေဟန်းချိန်းကံထူးရှင်
iPhone 7 Red ကံထူးရှင်
Like Us On
https://www.facebook.com/BellaBeAStar/

# 4TV ၏ တစ်ပတ်စာ ကြည့်စရာ အစီအစဉ်ကောင်းများ

(၂၈ - ၁၀ - ၂၀၁၇ မှ ၃ - ၁၁ - ၂၀၁၇ အထိ)

အပတ်စဉ် စနေနေ့တိုင်း TV Guide မှ စီစဉ်ထုတ်ဝေသည်။

Vol.2 No-42

4TV HD Receiver ကို ဝယ်ယူတပ်ဆင်ချင်တယ်ဆိုရင် 01- 230 6166 ကို ဖုန်းလေး ဆက်လိုက်ပါနော်

01-230 6166











## ချန်ပီယံဆုအတွက် အမှားခံလို့မရတဲ့ပွဲစဉ်တွေနဲ့အတူ အကြိတ်အနယ်ရှိမည့်

## 2017 MNL Max Cement နောက်ဆုံးပွဲစဉ်

| | |
|---|---|
| YUFC Vs Chin | Shan United Vs Hantharwady |
| 29-10-17 (Sun) 3:00 PM | 29-10-17 (Sun) 3:00 PM |

2017 MNL Max Cement ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်ဖြစ်တဲ့ ပွဲစဉ် ၂၂ ဟာ ချန်ပီယံဆုအတွက်အပြိုင်ဖြစ်နေတဲ့ ရှမ်းယူနိုက်တက်နဲ့ ရန်ကုန်ယူနိုက်တက်အသင်းတို့အတွက် အများဆုံးဖြစ်မှာတဲ့ ပွဲစဉ်တွေဖြစ်သလို အကြိတ်အနယ်ရှိတဲ့ပွဲကောင်းတွေနဲ့ လက်ရွေးစင်ပွဲလည်း ဖြစ်ပါတယ်။

ယခုနှစ်ရာသီနောက်ဆုံးပွဲစဉ်မှာ ချန်ပီယံဆုအတွက် ရေပန်းအစားဆုံးအသင်းတွေဖြစ်တဲ့ ရှမ်းယူနိုက်တက်အသင်းနဲ့ ရန်ကုန်ယူနိုက်တက်အသင်းတို့ဟာ ဟံသာဝတီယူနိုက်တက်၊ ချင်းယူနိုက်တက်အသင်းတို့နဲ့ ထိပ်တိုက် တွေ့ဆုံရမှာဖြစ်ပြီး အဲဒီပွဲစဉ်တွေကို တပြိုင်တည်း ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ရှမ်းယူနိုက်တက်အသင်းနဲ့ ဟံသာဝတီယူနိုက်တက်အသင်းတို့ပွဲစဉ်ဟာ အောက်တိုဘာလ ၂၉ ရက် ၃း၀၀ နာရီ တောင်ကြီးကွင်းမှာ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဟံသာဝတီယူနိုက်တက်အသင်းနဲ့ပွဲစဉ်မှာ ရှမ်းယူနိုက်တက်အသင်း လိုအပ်နေတဲ့နိုင်ပွဲရရှိမလား ဆိုတာကို for SPORTS ရုပ်သံလိုင်းကနေ တိုက်ရိုက် စောင့်မျှော်ကြည့်ရှုနိုင်ကြောင်း အသိပေးအပ်ပါတယ်။

အောက်တိုဘာလ ၂၉ ရက် ၃း၀၀ နာရီအချိန်မှာလည်း ချန်ပီယံဆုကို မျှော်လင့်ခွင့်ရှိတဲ့ ရန်ကုန်ယူနိုက်တက်အသင်းဟာ တန်းဆင်းဇုန်မှာရှိတဲ့ ချင်းယူနိုက်တက်အသင်းကို အိမ်ကွင်းဖြစ်တဲ့ သုဝဏ္ဏကွင်းမှာ လက်ခံကစားမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ရန်ကုန်ယူနိုက်တက်အသင်းက ချင်းယူနိုက်တက်အသင်းကို ဘယ်လိုရှိုး အနိုင်ယူပြီးကြိုးစားသွားမလဲဆိုတာကို for INFO ရုပ်သံလိုင်းကနေ တိုက်ရိုက်ထုတ်လွှင့်ပြသပေးမှာဖြစ်တဲ့အတွက် မလွတ်တမ်းစောင့်မျှော်ကြည့်ရှုနိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါတယ်။

4tv Facebook page www.facebook.com/4tvmyanmar ကို လိုက်ထားခြင်းဖြင့် 4tv အစီအစဉ်ကောင်းများကို စဉ်ဆက်မပြတ် သိရှိနိုင်ပါသည်။

**GOLDEN LIGHT** 09.43197550,421099405
Nov 1,2,10,17
65000/ 75000
50000/ Motel Package-75000
50000/ Motel Package-75000
85000
8000/ 12000

**ASIA KING**
12000
15000
10000
09-77 85 85 912, 09-43 11 43 01

**နိုင်ဝင်းဝေ** 09450666544, 09767676340, 09450068123
65000 | 45000 | 35000 | 35000 | 65000 | 40000
1.11.2017

**DADDY**
Nov-2,10 45000/-
Nov-2,10 45000/-
09-448001903, 09-440334848

**OD TOUR**
ORIENTAL DRAGON TRAVELS & TOURS Co.,Ltd

| | | |
|---|---|---|
| | (4D 3N) | Nov 2,10,Dec 16,23 |
| | (5D 4N) | Nov 1,9, Dec 16,23 |
| | (5D 4N) | Nov 1,16,Dec 23,27 |
| | (5D 4N) | Nov 12, Dec22 |
| | (6D 5N) | Nov 24, Dec.16,23 |
| (Disney) | (6D 5N) | Nov.25, Dec.16,23 |
| | (5D 4N) | Nov.11, Dec.16,23 |
| | (6D 5N) | Nov.1,10,Dec.22,29 |


650 US +200000ks
Dec 17,Jan 17 Feb, 24 ,Mar 24
750 US +200000ks
Dec 17,Jan 17 Feb, 24 ,Mar 24
www.facebook/ODTour
www.odtourmyanmar.com
ဖုန်း- 01 504808, 523187, 095187045
ဖုန်း- 09 4444 77129, 09 9644 66290

Ph: 09425334456, 09250233599, 09493323985
(55000) (70000) (55000) (35000)

**Myanmar Culture Land** Travels & Tours
Nov 2,10, Dec 15
Nov 2,10, 24
Nov 2, 11, 18, 25
Nov 11, 18, 25
(Mini Treking) Nov 11, 18, 25
ဖုန်း 09-799601085, 09-445459946, 09-975809322, 09-251045076
MAC Tower

09-444450446, 09-444450558
09-250144709
55000 | 70000 | 45000 | 55000 | 65000 | 100000 | 35000 | 10000 | 12000 | Free
Nov 1, 2, 10

09-73077711 ☎ 01-682844
09-73077722 ☎ 01-682944



Victoria Hospital
HVC
ဗိတိုရိယဆေးရုံ နှလုံးနှင့်သွေးကြောဌာနတွင်
Bulgaria နိုင်ငံမှ နှလုံးနှင့်သွေးကြောအထူးကုဆရာဝန်ကြီးသည်
24/7
နှလုံးသွေးကြော ဓါတ်မှန်ရိုက်ခြင်း (Angiogram)
နှလုံးသွေးကြောချဲ့ ကုသခြင်း(Angioplasty)
နှလုံးထောက်တိုင် (Stent) ထည့်သွင်းကုသခြင်း
နှလုံးခိုးဆွဲစက် (Pacemaker) တပ်ဆင်ခြင်း
Hunt Line - +95 1 9666141
Hot Lines - +95 9 783666 141~4 Ext - 7080 (or) 2






ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးချို(ခ)အမိုး (၈၆)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/ခ)ရပ်ကွက်၊ အာနန္ဒာဘုရားလမ်း၊ မေခအိမ်ရာ၊ တိုက်အမှတ်(၁)၊ အခန်း(၀၀၅/၀၀၆)နေ [ဦးတိုးမောင်(ခ) ဦးစံလှိုင်]၏ဇနီး၊ ဦးမောင်ကို-ဒေါ်သိန်းရီ၊ ဦးမြင့်ထွန်းအောင်-ဒေါ်တင်တင်အုန်းလှတို့၏ ချစ်လှစွာသောမွေးသမိခင်ကျေးဇူးရှင်၊ ဦးကျော်ကျော်ဦး-ဒေါ်အေးအေးအောင်၊ ဦးအောင်စိုးမိုး-ဒေါ်သင်းသင်းလှိုင်၊ ဦးသိန်းထွန်းအောင်-ဒေါ်ဖြူဖြူသိန်း၊ ဦးကျော်သူအောင်၊ ဦးဇော်သူအောင်၊ ဦးဖြိုးဝေမြင့်-ဒေါ်စုစုခိုင်၊ ဦးရဲလွင်ဦး-ဒေါ်ဆွေဆွေအောင်၊ ဦးရန်မျိုးအေးတို့၏အဘွား၊ မြစ်ရှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၆-၁၀-၂၀၁၇(ကြာသပတေးနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၇ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၁-၂၀၁၇(ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်အေးအေးသွင် အသက်(၈၀)

**(UCHS) ကူရှင်ကျောင်းသူဟောင်း**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်နေ (ဆရာကြီးဦးစိန်ထွန်း-ဒေါ်ကျင်လှိုင်)တို့၏သမီးထွေး၊ (ဦးညွန့်ဝေ)-ဒေါ်မြစန်းကြည်၊ ဒေါ်အေးခင်၊ [ဗိုလ်မှူးမောင်မောင်မြင့် (တပ်မတော်-လေ)]-ဒေါ်ရှယ်လီထွန်းတို့၏ ချစ်လှစွာသောညီမထွေး၊ ဦးသန်းထိုက်၊ ဒေါက်တာသင်းသင်းထွေး(UIT)၊ ဦးခင်မောင်ထွန်း-နော်မရီးနာ၊ ဒေါ်ခင်မေထွန်း(MAI)၊ ဦးမောင်မောင်ထွန်း-ဒေါ်မြတ်မြတ်ခိုင် (FAMAT Co.,Ltd.)၊ ဦးမောင်မောင်ကလေးထွန်းမြင့်-နန့်ရှုဂေးခလိန် (တရားလွှတ်တော်ရှေ့နေ)တို့၏ ချစ်လှစွာသောအဒေါ်၊ မြေးငါးယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၂၅-၁၀-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁၀-၂၀၁၇ (အင်္ဂါနေ့)တွင် သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ သုမန(၃)လမ်း၊ အမှတ်(၈၇၂) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်နှင့် ဝိုင်းဝန်းကူညီပေးကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ကျေးဇူးတင်ရှိပါကြောင်း အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ပညာရေးဝန်ကြီးဌာန ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာလွင်လွင်စိုး၏မိခင် ဒေါ်ကြည်ကြည် အသက်(၉၅)နှစ်သည်၂၄-၁၀-၂၀၁၇ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်ပညာရေးတက္ကသိုလ်**
**အင်္ဂလိပ်စာဌာန**
**ပါမောက္ခဌာနမှူး ဒေါက်တာငွေးငွေးဝင်း**
**နှင့် အင်္ဂလိပ်စာဌာန မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးပြည်စိုး

**ကောင်စစ်ဝန်ချုပ်၊ ကိုလ်ကတ္တားမြို့**

**အသက်(၅၂)နှစ်**

ချစ်သူငယ်ချင်း ကိုပြည်စိုး မမျှော်လင့်ဘဲ ရုတ်တရက်ခွဲခွာသွားတဲ့အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**1992 LD Batch, MOFA**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးပြည်စိုး

**ကောင်စစ်ဝန်ချုပ်၊ ကိုလ်ကတ္တားမြို့**

**အသက်(၅၂)နှစ်**

ခင်မင်လေးစားရပါသော အစ်ကိုကြီး ကိုပြည်စိုး မမျှော်လင့်ဘဲ ရုတ်တရက်ခွဲခွာသွားတဲ့အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ ကောင်းရာသုဂတိလားပါစေ။

**ချစ်သူငယ်ချင်းများ-ရွှေလှဲ့၊ မောင်မှန်၊ နီလာ၊ မာသီ၊ မာလာ**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးဇော်မျိုးအောင်

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**ညှိနှိုင်းဆောင်ရွက်ရေးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**အသက်(၄၆)နှစ်**

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ညှိနှိုင်းဆောင်ရွက်ရေးဌာန ဌာနမှူး ဦးဇော်မျိုးအောင်သည် ၂၃-၁၀-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြတ်ပါရမီလူမှုကူညီရေးအသင်း**

ရဟန်းအမကြီး

## ဒေါ်မြင့်မြင့်သန်း

**အသက်(၆၃)နှစ်**

ဥက္ကံမြို့နေ (ဦးအုန်းဖေ-ဒေါ်ခင်စိန်)တို့၏သမီး၊ [ဒု-အရာခံဗိုလ် ဦးသိန်းအောင်(ငြိမ်း)-ဒေါ်သန်းသန်း (ပလစ-၁)]တို့၏သမီးချွေးမ၊ ဦးသန်းဆွေ (ကျန်းမာရေး)-ဒေါ်ခင်ခင်ဦး (မြို့တော်စည်ပင်-ငြိမ်း)တို့၏ အစ်မ၊ အမှတ်(၆၅၆)၊ အလုပ်ရုံတပ်ခွဲ (လျှပ်/စစ်)၊ ဗိုလ်တထောင်မြို့နယ်နေ မောင်တက်နိုင်ဖြိုး-မလဲ့ဝါဝါမြင့်တို့၏ မိခင်၊ ခွဲတပ်ကြပ်ကြီး စိုးမြင့်အောင်၏ဇနီး ဒေါ်မြင့်မြင့်သန်းသည် ၂၇-၁၀-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၀-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးလှဝင်း(ခေတ္တ-U.S.A)

**စီးကရက်စက်ရုံစက်မှု(၁)၊ ငြိမ်း**

**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မာလာလမ်း (လှည်းတန်းစိန်ဂေဟာ)၊ တိုက်(၁၆)၊ ငါးလွှာနေ (ဦးကျော်ခင်)-ဒေါ်ခင်မွေးတို့၏တတိယသား၊ ဦးဇော်ဝင်း-ဒေါ်သန်းနွဲ့၊ ဦးတင်ဝင်း-ဒေါ်အေးအေးမြင့်တို့၏ညီ၊ ဦးမောင်နီ-ဒေါ်မြမြစန်း၊ ဦးမျိုးအောင်-ဒေါ်ခင်အေးဟန်တို့၏အစ်ကို၊ မသိမ့်သိမ့်ဝင်း (Fair Deal Co., Ltd.)၊ မောင်ဖြိုးသူတို့၏ ဖခင်၊ ဒေါ်ခင်စောညို၏ ချစ်လှစွာသောခင်ပွန်း ဦးလှဝင်းသည် ၂၅-၁၀-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၆း၃၀ နာရီတွင် အမေရိကန်နိုင်ငံ လော့အိန်ဂျယ်လိမြို့၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၁၇ (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စိန်မေ အသက်(၈၀)

**အမက(၁) တောင်ဥက္ကလာ (အငြိမ်းစား)**

နေပြည်တော်၊ လယ်ဝေးမြို့၊ (၄)ရပ်ကွက်နေ (ဦးစံ-ဒေါ်ကျေး)တို့၏သမီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ကေတုမာလာရိပ်သာ၊ (၄)ရပ်ကွက်၊ အမှတ်(၃၈/က)၊ (၂)လမ်းအနောက်နေ ဦးဘိုးစိုး (အရာခံဗိုလ်-ငြိမ်း) တပ်မတော်လေ၏ဇနီး၊ ဗိုလ်ကြီးဝင်းမြင့်(ငြိမ်း)-ဒေါ်အေးအေးမော်၊ ဗိုလ်ကြီးကျော်ရွှေ(ငြိမ်း)-ဒေါ်အေးအေးသော်(အမက-၂၅၊ တ/ဥ-ငြိမ်း)၊ (ဒေါ်နုနုဝင်း)၊ ဦးသိန်းစိုးအောင်-ဒေါ်ချယ်ရီစိုး၊ ကိုရဲလင်းအောင်-မစန္ဒာဝင်း (Sae Paing Development Ltd)တို့၏ မွေးသမိခင်ကြီး၊ မမြစန္ဒာ(M&E Engineer-စင်ကာပူ)၊ မောင်အောင်ကျော်မိုး(M&E Engineer-စင်ကာပူ)၊ မောင်သီဟဝင်းမြင့် (Project Engineer)၊ မောင်စည်သူထွန်း(3rd Engineer)၊ မောင်ဟိန်းထက်အောင်၊ မဆုပြည့်စုံဖြိုး၊ မောင်မင်းစိုးဝင်း၊ မောင်မင်းစိုးလင်း၊ မောင်အောင်သူမိုး၊ မငြိမ်းချမ်းသူ၊ မအေးအေးငြိမ်းတို့၏ချစ်လှစွာသော အဘွားသည် ၂၇-၁၀-၂၀၁၇ (သောကြာနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၀-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၁၁-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ငယ်ငယ်

**အသက်(၈၀)**

**သုဝဏ္ဏ**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၄)ရပ်ကွက်၊ ကမာလမ်း၊ တိုက်(၇၀)၊ အခန်း(၃)နေ (ဦးဟာနစ်-ဒေါ်ခင်စု)တို့၏သမီး၊ (ဦးအုန်း-ဒေါ်အုန်းကြည်)၊ (ဒေါ်သန်းကြည်)၊ (ဦးမောင်လှ) - ဒေါ်သန်းစိန်၊ (ဦးသောင်း)-ဒေါ်မြစိန်တို့၏ ညီမ၊ ဦးကျော်အေး-ဒေါ်ညိုညို၊ (ဦးမြင့်ဆွေ)-ဒေါ်နီနီတို့၏အစ်မ၊ တူ/တူမ ၂၄ ယောက်တို့၏ အဒေါ်၊ မြေး/မြစ် ၃၁ယောက်တို့၏အဘွား ဒေါ်ငယ်ငယ်သည် ၂၇-၁၀-၂၀၁၇ (သောကြာနေ့) နံနက် ၈း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၀-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသိန်းခိုင်(ခ)အုန်းလျှင်တုန်း

**အသက်(၆၃)နှစ်**

ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၃၂/B)၊ (၄၄)လမ်းနေ [ဦးဖုန်းကျော်(ခ)အုန်းရုပ်ခွန်-ဒေါ်မေရှင်(ခ)အရှင်း]တို့၏ သား၊ Wong CHEN LEE(ခ) Janny၏ ခင်ပွန်း၊ ဦးခင်အောင်-(ဒေါ်သဇင်ဖုန်း)၊ ဦးစိုးခိုင်-ဒေါ်စိုးစိုးဉာဏ် (ခေတ္တ-USA)တို့၏ညီ၊ (ဦးညီညီခိုင်)၏ အစ်ကို၊ ဦးကျော်ဝင်းစိုး-ဒေါ်နီနီသန်း၊ ဦးကျော်စိန်-ဒေါ်စန္ဒာစိုး(ခေတ္တ-USA)၊ ဦးသန်းစိုး-ဒေါ်မိငယ် (ခေတ္တ-USA) တို့၏ဦးလေးသည် ၂၆-၁၀-၂၀၁၇ရက် နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ် (၃၂/B)၊ (၄၄)လမ်း၊ ဗိုလ်တထောင်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကိုမင်းဇော်ဦး (၃၉)နှစ်

**I.T.C (၁၉) ဆင်တဲ**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်း(ရွာမ)ရပ်ကွက်၊ သီလလမ်း၊ အမှတ်(၈/က)နေ (ဦးလှမြင့်)-ဒေါ်ညို၊ (ဦးကျော်ဇော်-ဒေါ်ခင်ခင်စော)တို့၏ မြေး၊ ဦးအောင်ကျော်ဦး-ဒေါ်ခင်လေးမြင့်တို့၏သားကြီး၊ ဦးမြင့်သိန်း-ဒေါ်ဆင့်ဆင့်တို့၏သားသမက်၊ မကေရီမြင့်၊ မောင်ဇော်ဦးလွင် (3E Myanma Ocean Win)တို့၏အစ်ကိုကြီး၊ မသူဇာဝင်း(Good Morning)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သွင်ထူးနန္ဒ(ခ) ဖိုးသောကြာ၏ ချစ်လှစွာသောဖခင် ကိုမင်းဇော်ဦးသည် ၂၆-၁၀-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၇ (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဆရာမကြီး ဒေါ်ဂေးလ်ဒါထွေး

**(အငြိမ်းစား၊ စာကြည့်တိုက်မှူး)**

**B.A(ဝိဇ္ဇာ)-B.Ed-D.L.S (Yangon University)**

**D.I.E (Sydney, Australia)**

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဂျူဗလီလမ်း၊ (မ/၄) နေ (ဦးထွေး-ဒေါ်သောင်း)တို့၏ချစ်လှစွာသောသမီးကြီး၊ ဦးစောဘလက်စက်-(ဒေါ်ဖောဘို)တို့၏ အစ်မ၊ တူ/တူမ ရှစ်ယောက်တို့၏အဒေါ်၊ မြေးခြောက်ယောက်တို့၏အဘွား ဒေါ်ဂေးလ်ဒါထွေးသည် ၂၆-၁၀-၂၀၁၇ ရက် ည ၁၁း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၉-၁၀-၂၀၁၇ ရက် မွန်းလွဲ ၁နာရီတွင် အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဦးစံလုံလမ်းရှိ နံ့သာကုန်း ကရင်နှစ်ခြင်းအသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးတင်မောင်လင်း (၆၆)နှစ်

**စက်ခန်းအုပ်(ငြိမ်း)၊ရေနံနှင့်ဓာတုဗေဒသယ်ယူပို့ဆောင်ရေးဌာန**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်နေ (ဦးသာထွန်း-ဒေါ်မြင့်မြင့်စိန်)တို့၏ သား၊ (ဦးစိန်ဝင်း)၊ ဦးသောင်းတင်-(ဒေါ်မူမူခင်)၊ (ဦးရဲမြင့်မောင်)၊ (ဦးတင်မောင်ဝင်း)တို့၏ ညီ၊ (ဦးစိန်လင်း)၊ ဦးတင်မောင်အေး-ဒေါ်နွဲ့နွဲ့ဝင်း၊ (ဦးရဲတင့်မောင်)တို့၏ အစ်ကို၊ မပွင့်မြတ်ကျော် (တတိယနှစ်၊ အနောက်ပိုင်းနည်းပညာတက္ကသိုလ်)၏ မွေးစားဖခင်၊ တူ/တူမငါးယောက်တို့၏ ဦးလေး၊ မြေးငါးယောက်တို့၏ အဘိုးသည် ၂၄-၁၀-၂၀၁၇ (အင်္ဂါနေ့) ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၇ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၀-၂၀၁၇ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဆန်နီကိုကိုကြီး (Stanley)

**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ အခန်း(၆၀၇)၊ Condo-B တက္ကသိုလ်ရိပ်သာလမ်းသစ်နေ (ဦးကိုကိုကြီး)-ဒေါ်လှလှတို့၏သား၊ (ဒေါ်မမ)၊ (ဒေါ်မြမြ)တို့၏ တူ/သား၊ (ဦးထွန်းကြိုင်-ဒေါ်အေးအေး)တို့၏သားသမက်၊ (ဦးမင်းသော်)-ဒေါ်ကြူကြူကို(ခ) Cherry၊ (ဦးအောင်ချမ်း)-Dr.ဖြူဖြူကို(ခ)Nelly တို့၏မောင်၊ ဒေါ်ချယ်ရီကြိုင်၏ ချစ်လှစွာသောခင်ပွန်း၊ Mr. Michael-ဒေါ်မိုးသီတာ Payne၊ Mr. James Mc Andrew-ဒေါ်မိုးသန္တာထက်၊ ဦးအောင်မြတ်ထက်(ခ)Bradley ko ko Gyi တို့၏ဖခင်၊ Sebastian Moe Payne တို့၏အဘိုးသည် ၂၆-၁၀-၂၀၁၇ ရက် ညနေ ၆း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၀-၂၀၁၇ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ တက္ကသိုလ်ရိပ်မွန်အိမ်ရာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အနိစ္စ

## ဦးမျိုးမော် B.Sc(Zoology)

**အသက်(၇၀)**

**ဒါရိုက်တာ(ရဲတံခွန်ဆေးကုမ္ပဏီ)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅၁)လမ်း၊ အမှတ်(၁၆၈)၊ သုံးလွှာနေ (ဦးကျင်ပို-ဒေါ်တင်တင်)တို့၏သားကြီး၊ (ဦးလှမောင်-ဒေါ်မြမြ)တို့၏ သားသမက်၊ ဒေါ်မြင့်မြင့်သန်း (နိုင်ငံခြားရေးရုံး-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးဟန်-ဒေါ်မြင့်မြင့်၊ ဦးမျိုးဆွေ-ဒေါ်မြင့်၊ ဒေါ်ခင်မို့မို့၊ ဒေါ်ခင်မိမိတို့၏ အစ်ကိုကြီး၊ တူ/တူမ ရှစ်ယောက်တို့၏ ဦးကြီး၊ မြေးလေးယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၇-၁၀-၂၀၁၇ ရက် နံနက် ၂း၄၀နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁၀-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၁၁-၂၀၁၇ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မေရှင်းတင်

**(အထက၄၊ သာကေတ၊အထပြ-ငြိမ်း)**

**အသက်(၇၀)**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ သလ္လာဝတီအရှေ့ (၆)လမ်း၊ အမှတ်(၉၆၀/ခ)နေ (ဦးဘတင်-ဒေါ်သန်းကြည်)တို့၏သမီး၊ (ဦးညွန့်အောင်-ဒေါ်မေဝင်းတင်)တို့၏ ညီမ၊ (ဦးချစ်မောင်)-ဒေါ်ခင်သန်းဝင်းတို့၏အစ်မကြီး၊ ဦးရဲသူအောင်၊ ဦးတင်အုန်း(TMT Ports)-ဒေါ်ဝင့်ရည်အောင် (မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန-ငြိမ်း)၊ ဦးမင်းမင်းထွေး (အလုပ်သမားညွှန်ကြားရေးဦးစီးဌာန)-ဒေါ်အိသန္တာအောင်(အလုပ်သမားရေးရာဆိုင်ရာဝန်ကြီးရုံး)၊ ဦးစိုးဇော်ဦး (Star City Construction)-ဒေါ်ကလျာမို့မို့အောင် (မြဝတီထရေးဒင်းလီမိတက်)တို့၏ အဒေါ်၊ ဦးသန့်ဇင်ဝင်း-ဒေါ်အေးဟေမာဝင်း၊ ဦးစိုးမင်းထွဋ် (မြန်မာနိုင်ငံတော်ဗဟိုဘဏ်)တို့၏ ကြီးကြီး၊ မြေးသုံးယောက်တို့၏ အဘွားသည် ၂၆-၁၀-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၇ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အမှတ် (၉၆၀/ခ)၊ သလ္လာဝတီ အရှေ့ (၆)လမ်း၊ ၁၀/တောင်ရပ်ကွက် သာကေတနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဆန်နီကိုကိုကြီး (Stanley)

**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ အခန်း (၆၀၇)၊ Condo-B တက္ကသိုလ်ရိပ်သာလမ်းသစ်နေ (ဦးကိုကိုကြီး)-ဒေါ်လှလှတို့၏သား၊ (ဦးမင်းသော်)-ဒေါ်ကြူကြူကို(ခ)Cherry၊ (ဦးအောင်ချမ်း)-Dr.ဖြူဖြူကို(ခ)Nelly၊ (Dr.အောင်စိုး)-ဒေါ်မာလာရှိန်တို့၏ မောင်၊ ဒေါ်ချယ်ရီကြိုင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသိန်းထွဋ်သော်-ဒေါ်စန်းမိုးအေး၊ Mr.Hwan-ဒေါ်ခင်စန္ဒာဝင်းသော်၊ ဦးဝေမိုးကျော်-ဒေါ်ဇင်မင်းသော်၊ ဦးအောင်သီဟန်-ဒေါ်ဇာဇာမင်းသော်၊ (ဦးကျော်ဘုန်းဝင်း)၊ ဦးပြည့်ဝန်းဦး-ဒေါ်နုနုအောင်၊ ဦးမောင်သန့်ဇင်ရှိန်-ဒေါ်ရည်မွန်သန်း၊ ဦးဟန်မင်းရှိန်၊ ဦးတက်လူရှိန်တို့၏ ချစ်လှစွာသောဦးလေး၊ မြေးငါးယောက်တို့၏ အဘိုးသည် ၂၆-၁၀-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၆း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၀-၂၀၁၇(သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ တက္ကသိုလ်ရိပ်မွန် အိမ်ရာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စိန်စိန်(မော်လမြိုင်ကျွန်းမြို့)

**အသက်(၈၄)နှစ်**

မော်လမြိုင်ကျွန်းမြို့နယ်နေ (ဦးတောအုပ်-ဒေါ်ချစ်ညွန့်)တို့၏ သမီး၊ ကျုံမငေးမြို့နေ (ဦးထွန်းခင်-ဒေါ်ခင်လှိုင်)၊ ရန်ကုန်မြို့နေ (ဦးရှိန်းတင်-ဒေါ်ခင်ကြည်)၊ (ဦးလှကြိုင်)-ဒေါ်စန်းမိုတို့၏ ညီမ၊ (ဦးကိုကိုညွန့်)-ဒေါ်မြင့်မြင့်၊ (ဦးအောင်မြင့်-ဒေါ်ခင်အေးကြည်)၊ မုံရွာမြို့နေ (ဦးနေဝင်း)-ဒေါ်ဆွေဆွေ၊ (ဦးသိန်းလှ)-ဒေါ်တင်အေး၊ (ဦးအောင်တင်-ဒေါ်မြမြနွယ်)၊ ဦးတင်မောင်စိုး-ဒေါ်ခင်စိန်၊ ဦးလှကြည်-(ဒေါ်တင်အောင်)၊ ဦးလှခိုင်-(ဒေါ်လှရွှေ)၊ ဦးကြည်ဝင်း-ဒေါ်ဝေဝေ၊ ဦးခင်ဇော်-ဒေါ်ရွှေရွှေဥတို့၏အစ်မသည် ၂၆-၁၀-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၃း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၇ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အပိုင်း(၁၆/၃) ဝေဿန္တရာလမ်း၊ အမှတ်(၁၁၃၄/က) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးမိုက်ကယ်(လ်)နေမျိုး (၆၂)နှစ်

**UNICEF**

ရန်ကုန်မြို့၊ သုဝဏ္ဏ(၂၄)ရပ်ကွက်၊ ပုလဲလမ်း(အရှေ့)၊ အမှတ်(၁၀၁/၄) နေ ဦးသွင်ထွန်း-(ဒေါ်ခင်ကြည်)တို့၏ သားကြီး၊ (ဦးဖိုးခင်-ဒေါ်မြင့်မြင့်စိန်) တို့၏ သားသမက်၊ (ဦးသိန်းလတ်)-ဒေါ်ညွန့်ညွန့်ခင်တို့၏ မောင်၊ (ဦးငြိမ်းချမ်း)၊ ဒေါ်သီတာသွင်၊ ဦးကြည်ထွေး-ဒေါ်သီတာ တို့၏ အစ်ကိုကြီး၊ ဒေါ်လှလှအေး၏ ချစ်ခင်ပွန်း၊ ဦးဉာဏ်မျိုးထွန်း-ဒေါ်မျိုးမြတ်မြတ်စု၊ မမျိုးသဥ္ဇာမောင်(MSI)၊ မမျိုးရီမာမောင် (အောင်ရတနာဆေးရုံ)တို့၏မွေးသဖခင်၊ မနှင်းပွင့်ဟေမာန်ဦး၏ အဘိုးသည် ၂၆-၁၀-၂၀၁၇(ကြာသပတေးနေ့) နံနက် ၆း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၈-၁၀-၂၀၁၇ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဆုတောင်းဝတ်ပြု ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်စိန်(ခ)Emerald

**စက်မှုစီမံကိန်းဦးစီးဌာန (ငြိမ်း)၊ စက်မှု-၁၊ B.A(Law)**

**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ အုန်းပင်လမ်း၊ အမှတ်(၄၂/A)နေ (ဦးကြည်ညွန့်-ဒေါ်ခင်မာလေး)တို့၏သမီး၊ ဦးသန့်ဇင်၏ဇနီး၊ မသန့်နန္ဒာအောင်၏မွေးသမိခင်၊ ဦးမြင့်ဦး-ဒေါ်စုစုလှိုင်(JENO)၊ ဦးဝင်းကြည်-ဒေါ်မြင့်မြင့်ဝင်း၊ ဦးဖိုးချို၊ ဦးညီညီ-ဒေါ်ခင်သူဇာ၊ ဦးသန်းငွေအောင်၊ ဦးသန်းအေး-ဒေါ်အေးအေးခိုင်တို့၏အစ်မ၊ ဒေါ်မြင့်မြင့်စိန်(Emerald) သည် ၂၇-၁၀-၂၀၁၇ (သောကြာနေ့) ညနေ ၃း၁၀နာရီတွင် ပါရမီအထွေထွေရောဂါကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁၀-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်စန်းငွေ(ခ)ဒေါ်မီးမီး

**အသက်(၅၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အမှတ်(အ/၉)၊ အရှေ့မင်းကုန်းလမ်း၊ အောင်မင်္ဂလာရပ်ကွက်နေ (ဦးဖုန်းမြင့်-ဒေါ်ခင်မြင့်)တို့၏ သမီးလတ်၊ [ဦးခင်ငွေ (AE မြောက်ဦးမြို့)]၏ဇနီး၊ ကိုကျော်လင်းဝင်း (Miraco Shipping Co., Ltd)၊ ကိုတေဇာဝင်း-မသဲစုမွန်၊ မောင်ထက်စည်သူအောင်တို့၏ ကျေးဇူးရှင်မွေးသမိခင်သည် ၂၇-၁၀-၂၀၁၇ ရက် နံနက် ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၀-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၁၁-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးဇော်မင်းအောင် အသက်(၅၀)

**ဦးစီးအရာရှိ(လွှတ်တူးနှင့် မိုင်းဌာနခွဲ)**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်အထက်(၁၂) လမ်း၊ အမှတ်(၃၇၅)နေ (ဦးညီမောင်-ဒေါ်စောကြည်)တို့၏သား၊ ဦးဂျွန်လှ-(ဒေါ်ခင်မျိုးမမလွင်လှ)တို့၏သားသမက်၊ ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)မဟာသရေစည်သူ ဦးအောင်ထွေး-ဒေါ်ခင်နှင်းဝေတို့၏တူ၊ ဦးအောင်မြင့်-(ဗိုလ်ကြီးဒေါ်မြသွယ်)၊ ဦးဝင်းမြင့်-ဒေါ်နှင်းနှင်းအေး၊ (ဦးသန့်ဇော်ထွန်း-ဒေါ်တင်တင်အေး)တို့၏မောင်၊ ဦးရဲနောင်-ဒေါ်ခင်ချစ်မူတို့၏အစ်ကို၊ ဒေါ်ဝင့်ဝါလွင်လှ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သော်လွင်ဦး-မအိအိချို၊ မောင်ဖြိုးလင်းမောင်၊ မောင်သန့်ဇော်ဝင်း၊ မောင်ဝေယံအောင်၊ မရည်မွန်သန့်တို့၏ကျေးဇူးရှင်မွေးသဖခင်၊ မနှင်းသီရိသော်၏အဘိုး၊ တူ/တူမ ၁၀ယောက်တို့၏ဦးလေး ဦးဇော်မင်းအောင်(ဦးစီးအရာရှိ)သည် ၂၆-၁၀-၂၀၁၇ (ကြာသပတေးနေ့) ည ၁၀း၃၀နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၁၇(တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှိုင်မြင့်

**Nabati Enerlife Myanmar Co., Ltd**

**အသက်(၄၁)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားလမ်းနေ (ဦးအေးကို)-ဒေါ်မြင့်မြင့်တို့၏သားကြီး၊ ဦးဖေသိန်း-(ဒေါ်ခင်မျိုးကြူ)၊ ဒေါ်လှလှနွယ်တို့၏ သားသမက်၊ ဦးညီဖြိုး၏အစ်ကို၊ ဦးမျိုးသိန်းဦး-ဒေါ်နှင်းနှင်းအေး၊ (ဦးမျိုးသိန်းလေး)၊ ဦးမျိုးသိန်းထွေး၊ ဦးမျိုးသိန်းထွန်း-ဒေါ်နန်းမိုးမိုး၊ ဒေါ်မျိုးသန္တာတို့၏ ညီ/မောင်၊ တူ/တူမ လေးယောက်တို့၏ဦးလေး၊ ဒေါ်တာရာနွယ်အောင်(Mega)၏ ချစ်လှစွာသောခင်ပွန်း၊ မယွန်းဝတီဦး (Grade-6၊ အထက-၁၊ ဒဂုံ)၏ မွေးသဖခင်ကျေးဇူးရှင်သည် ၂၇-၁၀-၂၀၁၇ (သောကြာနေ့) နံနက် ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၀-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် တောင်ကြီးမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ မေတ္တာရှင်နာရေးကူညီမှုအသင်းရုံးမှ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းများတွင် တိရစ္ဆာန်များမှ လူသို့ကူးစက်နိုင်သည့် ရောဂါများနှင့် အခြားကူးစက်ရောဂါတို့ကို စစ်ဆေးရှာဖွေခြင်း၊ ကုသမှုအတွက် အကြံပြုခြင်းများ ဆောင်ရွက်ပေးလျက်ရှိ
ပြည်သူ့လွှတ်တော် စာမျက်နှာ » ၅

၁၉၄၈ ခုနှစ် ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေးအက်ဥပဒေမှ ပြဋ္ဌာန်းချက်များသည် ခေတ်ကာလနှင့် လျော်ညီမှုမရှိသည့်အတွက် ကျင့်သုံးရန်အားနည်းခြင်းနှင့် အလုပ်သမားရေးရာဆိုင်ရာဥပဒေများ ပြဋ္ဌာန်းပြီးဖြစ်သည့်အတွက် ရုပ်သိမ်းရန်လွှတ်တော်သို့တင်သွင်း
အမျိုးသားလွှတ်တော် စာမျက်နှာ » ၅

# လူငယ်တွေ ဘဝနဲ့ပတ်သက်တဲ့ ပညာပေးစာအုပ်တွေ ဖတ်ဖို့လိုတယ်၊ လမ်းကောင်း လမ်းဆိုး ရွေးတတ်ရမယ်

## ဆရာကြီး ဦးကျော်ဝင်း(ညိုဝင်း) တစ်သက်တာစာပေဆုရှင်

မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သော စာရေးဆရာကြီးများ၏ ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီက ၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်များနှင့် အမျိုးသားစာပေဆုရရှိသူများအနက် စာရေးဆရာအချို့၏ ဆုရရှိခဲ့ခြင်းအပေါ် ၎င်းတို့၏ ရင်တွင်းပီတိစကားများကို တွေ့ဆုံမေးမြန်းဖော်ပြလိုက်ပါသည်။

**ဆရာကြီး ဦးကျော်ဝင်း(ညိုဝင်း)**

"စာရေးနှစ် ၅၀ ကျော်မှာ ဒီဆုကိုရတယ်။ တစ်သက်လုံး စာရေးလာပြီးတော့ ရခဲ့တဲ့တခြားဆုတွေလည်း ရှိတယ်။ ၁၉၅၂ ခုနှစ်က စာရေးဆရာအသင်းကပေးတဲ့ ကဗျာရွှေတံဆိပ်ဆုရတယ်။ ၁၉၆၇ ခုနှစ်က အမျိုးသားစာပေ ပထမဆုရတယ်။ ၁၉၉၉ ခုနှစ်က တပ်မတော်နေ့ စာပေပြိုင်ပွဲမှာ ကဗျာရှည် ပထမဆုရတယ်။ အခု ဒီဆုရတာပဲ။ စာရေးသက်တစ်ခုမှာ စာပေနဲ့ပတ်သက်တဲ့ စာပေဆု ငါးခုရခဲ့တယ်။ တစ်သက်လုံးမှာ စီးပွားရေးအလုပ်လည်း ဘာအလုပ်မှမလုပ်ခဲ့ဘူး။ စာပေနဲ့ပဲ အသက်မွေးဝမ်းကျောင်း ပြုခဲ့တယ်။ စာရေးခြင်းအလုပ်ကို အဓိကထားလုပ်ခဲ့တယ်။ ဆုရတယ်ဆိုတာလည်း သိပ်တော့မဆန်းတော့ပါဘူး။

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ○



ဓာတ်ပုံ-ဦးကြည်ဝင်း(လောကအမြင်)

# လွှတ်တော်အဆောက်အအုံအား ဒရုန်းဖြင့် ဓာတ်ပုံရိုက်ကူးရန် စီစဉ်သူများအား သက်ဆိုင်ရာမှ ခေါ်ယူမေးမြန်း

**နေပြည်တော် အောက်တိုဘာ ၂၇**

မြန်မာနိုင်ငံ၏ အရေးကြီးနေရာတစ်ခုဖြစ်သည့် လွှတ်တော်အဆောက်အအုံများအား ခွင့်ပြုချက်မရှိဘဲ ဒရုန်းဖြင့်ရိုက်ကူးရန် တူရကီနိုင်ငံအခြေစိုက် စင်ကာပူရုံးခွဲ TRT သတင်းဌာနက ဆောင်ရွက်ခဲ့သည့်အတွက် သက်ဆိုင်ရာက ခေါ်ယူမေးမြန်းလျက်ရှိကြောင်း သိရသည်။

တူရကီနိုင်ငံအခြေစိုက် စင်ကာပူရုံးခွဲ TRT သတင်းဌာနမှ စင်ကာပူနိုင်ငံသား LAU HON MENG၊ မလေးရှားနိုင်ငံသူ MOK CHOY LIN၊ စကားပြန် မောင်အောင်နိုင်စိုး (ခ)ရာကွတ်နှင့် ယာဉ်မောင်း ဦးလှတင်

**စာမျက်နှာ ၉ ကော်လံ ၅ သို့** ❖



# MNL ဘောလုံးပွဲစဉ်များ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် အောက်တိုဘာ ၂၇**

MNL Max Cement (2017) League ပြိုင်ပွဲ၏ နောက်ဆုံးပွဲစဉ်များအဖြစ် အောက်တိုဘာ ၂၉ ရက် ညနေ ၃ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီ ယူနိုက်တက်အသင်း၊ ရန်ကုန်မြို့၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ချင်းယူနိုက်တက်အသင်းတို့သည် တစ်ပြိုင်တည်း ယှဉ်ပြိုင်ကစားကြမည်ဟု သိရသည်။

တောင်ကြီးမြို့၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို MRTV နှင့် MRTV Digital Sport Channel တို့မှ ယင်းနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်မှ စတင်၍ တိုက်ရိုက်ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**





လွိုင်ကော်မြို့ကို အပေါ်စီးမှ မြင်တွေ့ရစဉ်။  ဓာတ်ပုံ - ကိုထက်

# ကယားလူမျိုးသမိုင်း

■ ရာမည

**မနုဿဗေဒပညာရှင်များ၏အဆိုအရ ကမ္ဘာပေါ်တွင် လူဖြူ လူဝါနှင့် လူမည်းဟူ၍ လူမျိုးကြီးသုံးမျိုးရှိသည်။ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအားလုံးတို့သည် မွန်ဂိုလွိုက်လူမျိုးနွယ်(Mongoloid Stock)မှ ပေါက်ဖွားလာသော အာရှတိုက်အလယ်ပိုင်းရှိ မွန်ဂိုကုန်းပြင်မြင့်တွင် နေထိုင်ကြသည့် မွန်ဂိုမျိုးနွယ်မှ ဆင်းသက်လာကြသည်ဖြစ်၍ သွေးသားတော်စပ်မှုရှိသော သွေးရင်းသားရင်းများပင်ဖြစ်သည်။ ရေမြေခြားနားခြင်း၊ မြေပြန့်နှင့် တောင်ပေါ်လမ်းခရီးခက်ခဲခြင်း၊ ပထဝီအနေအထားအရ တစ်ဦးနှင့်တစ်ဦး အဆက်အသွယ်ပြတ်တောက်ကာ ရောက်ရှိရာအရပ်ဒေသ၌ ကိုယ့်အစုအဖွဲ့နှင့်သာ နေထိုင်ခြင်း၊ ပတ်ဝန်းကျင်မတူညီမှုဖြစ်စဉ်များကြောင့် အပြောအဆို၊ အနေအထိုင်၊ ဝတ်စားဆင်ယင်မှု၊ အမူအရာ၊ ဓလေ့ထုံးစံများ ကွဲပြားခြားနားနေကြခြင်းဖြစ်သည်။**



ဝါကြိတ်နေသည့် ကယားတိုင်းရင်းသူတစ်ဦး။  ဓာတ်ပုံ - ကိုထက်

ထိုမွန်ဂိုအမျိုးအနွယ်တို့မှာ ၎င်းတို့၏ မူရင်းနေရပ်ဒေသ၌ လူဦးရေတိုးပွားလာခြင်း၊ မိုးလေဝသမမှန်ခြင်းတို့ကြောင့် ရေကြည်ရာမြက်နုရာရှာကြရင်းဖြင့် တဖြည်းဖြည်း ရွှေ့ပြောင်းနေထိုင်ကြရာမှ မြန်မာနိုင်ငံအတွင်းသို့ ရွှေ့ပြောင်းအခြေချနေထိုင်လာကြသည်ဟု သမိုင်းမှတ်တမ်းများအရ သိရသည်။

ကယားပြည်နယ်တွင် နေထိုင်ကြသော ကယားလူမျိုးစုများမှာ ကယား၊ ယင်းဘော်၊ ယင်းတလဲ၊ မနုမနော၊ ပရဲ့၊ ဂေခို၊ ဂေဘားနှင့် ကယန်းတို့ဖြစ်ကြသည်။ အဆိုပါတိုင်းရင်းသားများသည် ကယားပြည်နယ်အတွင်းရှိ နေရာအနှံ့အပြား၌ နေထိုင်ကြသည်။ ကယန်းနှင့် ယင်းဘော်တို့မှာ ဒီးမော့ဆိုမြို့နယ်တွင် အများဆုံးနေထိုင်ကြပြီး မနုမနောနှင့် ပရဲ့တို့မှာ ဖရူဆိုမြို့တွင်အများဆုံးနေထိုင်ကြသည်။ ယင်းတလဲတို့မှာ ဘော်လခဲမြို့နှင့် ဖားဆောင်းမြို့နယ်တို့တွင် အများဆုံးနေထိုင်ကြပြီး ဂေခို၊ ဂေဘားများမှာ လွိုင်ကော်မြို့နယ်အနီးရှိ ဒီးမော့ဆိုမြို့နယ်တွင်နေထိုင်ကြသည်။ ဇယိမ်းခေါ် ခေါင်းတိုလူမျိုးများမှာ မိုးဗြဲနယ်တွင် အများဆုံးနေထိုင်ကြသည်။

ယင်းသို့သော လူမျိုးစုများအခြေချနေထိုင်ရာဒေသသည် ကယားပြည်နယ်ဟူ၍

အထူးကဏ္ဍ [ဂ] သို့ »»



စပါးရိတ်သိမ်းနေကြသည့် ကယားတိုင်းရင်းသူများ။  ဓာတ်ပုံ - ကိုထက်

# ပြည်ထောင်စုတိုင်းရင်းသားတို့၏ ရိုးရာအမွေအနှစ်ပြပွဲ ဖွင့်လှစ်ပြသ



ပြည်ထောင်စုတိုင်းရင်းသားစာပေနှင့် ရိုးရာအမွေအနှစ်ပြခန်းသို့ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာကြစဉ်။ မြို့နယ်(ပြန်/ဆက်)



ရှမ်းရိုးရာအကဖြင့် ကပြဖျော်ဖြေစဉ်။
ဓာတ်ပုံ - ရဲမြန်မာ(ညောင်လေးပင်)

**ညောင်လေးပင် အောက်တိုဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ကရင်စာပေနှင့် ယဉ်ကျေးမှု ကော်မတီတို့ကြီးမှူး၍ ပူးပေါင်းဖွင့်လှစ်ပြသသော တိုင်းရင်းသားတို့၏ စာပေနှင့် ရိုးရာ အမွေအနှစ်ပြပွဲဖွင့်လှစ်ခြင်းကို အောက်တိုဘာ ၂၅ ရက် နံနက် ၉ နာရီက ညောင်လေးပင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး Community Centre ခန်းမ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်ဆေး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်း ဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးစိုးပိုင်၊ KNU ကရင်အမျိုးသားအစည်းအရုံး၊ ဆောထီး မြို့နယ်ဆက်ဆံရေးမှူး ဖဒိုစောပွယ်ဘွဲကျော် တို့က ပြခန်းပြပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တိုင်းရင်းသားများက ကရင်ရိုးရာ အက၊ ရှမ်းရိုးရာအကများဖြင့် ကပြဖျော်ဖြေ ကြသည်။ ဆက်လက်၍ ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်ဆေးက အဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်း ဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးပိုင်က တိုင်းရင်းသားတို့၏ စာပေနှင့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်ပြပွဲကျင်းပရခြင်း၏ ရည်ရွယ် ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကရင်တိုင်းရင်းသားများက ကရင်ရာဇဝင် သီချင်းကို ကရင်ဗျပ်စောင်းဖြင့် တီးခတ်ဖျော်ဖြေ တင်ဆက်၍ မြို့နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဥက္ကဋ္ဌ စောအော်ကော်က ကျေးဇူးတင်စကားပြောကြားပြီး တက်ရောက် လာကြသော ဧည့်သည်တော်များက ခင်းကျင်း ပြသထားသော ကရင်တိုင်းရင်းသား၊ ရှမ်း တိုင်းရင်းသားနှင့် အခြားတိုင်းရင်းသားများ၏ ရိုးရာအသုံးအဆောင်များ၊ တူရိယာများ၊ ရိုးရာ ဝတ်စုံများကို ပြခန်းအတွင်း လှည့်လည်ကြည့်ရှု ကြသည်။

အခမ်းအနားသို့ ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး၊ ပြန်/ဆက်ဦးစီးဌာန တိုင်းဒေသကြီး၊ ခရိုင်ဦးစီးမှူးများ၊ မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူ များ၊ ညောင်လေးပင်၊ ဖဒို၊ မြို့ချောင်းနှင့် ရွှေကျင်မြို့နယ်များမှ ကရင်တိုင်းရင်းသား များနှင့် ရှမ်းတိုင်းရင်းသားများ တက်ရောက် ကြပြီး ယင်းပြခန်းကို အောက်တိုဘာ ၂၅ ရက်မှ ၂၇ ရက်အထိ အများပြည်သူများ ကြည့်ရှု နိုင်ရန် ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **ရဲမြန်မာ(ညောင်လေးပင်)**

# စားသုံးရန်သင့်လျော်သည့် မွန်ရိုးရာစားသောက်ဖွယ်ရာများ



မွန်ရိုးရာစားစရာများထဲမှာ ငါးပိ၊ ငါးမရန်းပြားချဉ်ဟင်း၊ ငါးပိတို့စရာ၊ ဟင်းသီးဟင်းရွက် အစုံအလင်များနှင့် မဲဇလီ၊ ကင်ပွန်းချဉ်၊ ဦးသျှစ်ရွက်နှင့် ပတဲကောဟင်းများနှင့်အတူ ငါးခြောက်၊ ငါးစိုအကင်အပါအဝင် ငါးစိမ်းကော များသည် ဘာသာရေးပွဲ၊ အလှူမင်္ဂလာပွဲများတွင် မပါမဖြစ် ထည့်သွင်း စားသောက်လေ့ရှိကြောင်း သိရသည်။

“ရှေးယခင် မွန်လူမျိုးတို့မှာ မိရိုးဖလာ ဥယျာဉ်ခြံလယ်ယာလုပ်ငန်းတွေ ကိုသာ အဓိကအားထားလုပ်ကိုင်ကြရတဲ့အခါ ချောင်းကလေးက လတ်ဆတ်တဲ့ ငါး၊ ပုစွန်ငယ်လေးကင်ကာ ငါးပိတို့စရာလေးတွေနဲ့အတူ ဟင်းပူ၊ ထမင်းပူနဲ့ မိသားစု မျက်နှာစုံညီ မြိန်ရေယှက်ရေစားသောက်ပြီး အသက်ရှည်စွာနေထိုင်ကြပါတယ်” ဟု မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်စိုးက ပြောသည်။

အဓိကတော့ မွန်ရိုးရာဟင်းဖွယ်တွေမှာ ရှေးလူကြီးတွေက သဘာဝအတိုင်း ချက်ပြုတ်စားသောက်ကြပါတယ်။ အချိုမှုန့်၊ အသားမှုန့်၊ ဆိုးဆေးပါတာတွေ မစားသုံးကြပါဘူး။ နန္နွင်း၊ မဲဇလီ၊ ပတဲကော၊ ဆိတ်ဖူး၊ ဇရစ် စတာတွေကိုသာ စားသုံးလို့ ကျန်းမာရေးအတွက်ပါ အထောက်အကူပြုပြီး သက်တမ်းစေ့ နေထိုင်နိုင်ပါတယ်”ဟု မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်စိုး က ဆက်လက်ပြောသည်။

“မွန်ရိုးရာစားသောက်ဖွယ်တွေကို စားမိသူတိုင်းအမှတ်တရလေးတွေဖြစ်စေ ပြီး ပတဲကောနဲ့ ဦးသျှစ်ရွက်များထည့်၍ အနံ့အသက်မွှေးကြိုင်စေကာ ဟင်း ကလည်း ပူနေပြန်သဖြင့် စားမိသူတိုင်းကို ပို၍ပြီးနှစ်သစ်စွဲလမ်းစေပါတယ်။ ငါးခေါင်း၊ ငါးမရန်းပြားနဲ့ ငရုတ်သီးထောင်းပြီး ဟင်းပူပူနဲ့ချက်ထားတဲ့ ဟင်းလေးကိုပါ စားသုံးမိသူတိုင်း ခံတွင်းတွေ့စေမယ့်အပြင် လူကိုပါ လန်းဆန်း စေတဲ့ ချဉ်ငန်စပ်ဟင်းပူလေးဖြစ်တာမို့ အားရကျေနပ်မိစေပါတယ်”ဟု စားမိသူ တိုင်းက ဆိုသည်။

ယနေ့ခေတ် မွန်ရိုးရာဟင်းစားသောက်ဖွယ်ရာတွေမှာ သဘာဝအတိုင်း ထက်ကျော်လွန်ကာ ဓာတုဆိုးဆေးအတုအပများ ပါဝင်သုံးဆောင်စားသုံးလာ သည့်အတွက် နာတာရှည်ရောဂါ သွေးတိုး၊ ဆီးချို၊ နှလုံး၊ ကျောက်ကပ်ရောဂါများ ခံစားလာသကဲ့သို့ ယခင်ရှေးမွန်ရိုးရာဟင်း အစစ်အမှန်ကိုသာ မိသားစုနှင့် စုံညီစားသောက်ခြင်းဖြင့် ဘဝကိုပျော်ပျော်ပါးပါးဖြင့် ဆက်လက်ရှင်သန်ရန် လိုအပ်သည်။

**ထွဋ်ထွဋ်(ရေး)**

**ဖိတ်ခေါ်ပါသည်**

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]

အထူးကဏ္ဍ [က] မှ »»

ဖြစ်တည်လာခဲ့ခြင်းပင်ဖြစ်သည်။ ကယားဟူသည်မှာ လွတ်လပ်သည့်ခေတ်တွင် ကရင်နီဟူသောအမည်မှ ပြောင်းလဲဖြစ်တည်လာသော နာမည်ပင်ဖြစ်သည်။ ကယားပြည်နယ်သည် ကန္တာရဝတီနယ်၊ ဘော်လခဲနယ်နှင့် ကြယ်ဖိုးကြီးနယ်တို့စုပေါင်းရာ ပြည်နယ်တစ်ခုဖြစ်ခဲ့သည်။ ကရင်၊ ရှမ်း၊ မြန်မာအစုနှင့် အခြားလူမျိုးစုမူကွဲများဟူ၍ အစုကြီးလေးစု နေထိုင်ကြပြီး ယင်းမှတစ်ဆင့် မူကွဲများ အသီးသီးပေါက်ဖွားပျံ့နှံ့လာရာ ယခုအခါ ကယား၊ ပဒေါင်၊ ခေါင်းတို(ဇယိမ်း)၊ ကရင်ဖြူ၊ ကရင်နက်၊ ဘွဲ့၊ ဘရက်၊ ယင်းဘော်၊ တလိုင်း၊ ကဲကိုး၊ ကဲပါး၊ ကရင်ကျား၊ မနုမနော၊ တောင်သူ၊ အင်းသား၊ မြန်မာ၊ ယွန်း စသည်ဖြင့် လူမျိုးစုမူကွဲပေါင်း ၁၇ မျိုးခန့် တွေ့ရှိနိုင်မည်ဖြစ်သည်။

ယင်းလူမျိုးစုမူကွဲ ၁၇ မျိုးအနက် ကယား (ကရင်နီ)လူမျိုးစုမှာ ကယားပြည်နယ်တွင် လူဦးရေအများဆုံးမူကွဲမျိုးစုများ ဖြစ်ခဲ့သည်။ ကန္တာရဝတီနှင့် လွိုင်ကော်မြို့တို့အနီးတစ်ဝိုက်နှင့် ကြယ်ဖိုးကြီးနယ် ညောင်ဇင်အနီးတစ်ဝိုက်တွင် အတော်များများတွေ့ရှိခဲ့ရသည်။

ကယားတိုင်းရင်းသားများသည် များသောအားဖြင့် ဖြူသောအသားအရေကိုပိုင်ဆိုင်ပြီး စိတ်ထားဖြူစင်မှုရှိသည်ကို တွေ့ကြရမည်ဖြစ်သည်။ အရပ်အမောင်းမှာ မြန်မာနိုင်ငံအတွင်းရှိ အခြားသောသူများနှင့် မတိမ်းမယိမ်းဟုဆိုနိုင်သည်။ ကိုယ်ပိုင်ဘာသာစကားများရှိသော်လည်း လူမျိုးစုတစ်ခုနှင့်တစ်ခု အနည်းငယ်ကွဲလွဲမှုရှိသည်။

## မျိုးနွယ်စုများ

ကယားတိုင်းရင်းသားများဟု ဆိုရာ၌ ကယားအနွယ်ဝင်များဖြစ်ကြသော ကယား၊ ကယန်း(ပဒေါင်)၊ ကယန်းကငန် (ယင်းဘော်)၊ ကယန်းကဲဒြေ့(ဂေခို)၊ ကယန်းလထ(ဇယိမ်း၊ ခေါင်းတို)၊ ကယော(ပရဲ့)၊ ကယားမိုနု (ကော်ယော်)၊ ယင်းတလဲနှင့် ဂေဘားတို့ ပါဝင်ကြသည်။



ဆန်ဖွပ်နေကြသည့် ကယားတိုင်းရင်းသူများ။ ဓာတ်ပုံ - ကိုထက်

## လူမျိုးအမည်

တိုင်းရင်းသားကယားလူမျိုးတို့သည် ၎င်းတို့၏ လူမျိုးအမည်ကို ကယား၊ ကယော၊ ကယန်း စသည်ဖြင့် ခေါ်ဆိုလေ့ရှိကြသည်။ ၎င်းတို့အချင်းချင်းတွေ့ဆုံကြရာတွင် ကယားလူမျိုး၊ ကယန်းလူမျိုးဟူ၍မခေါ်ဆိုကြဘဲ နေထိုင်ရာအရပ်ကိုအစွဲပြု၍ ခေါ်ဆိုလေ့ရှိကြသည်။ ဥပမာအားဖြင့်ဆိုရလျှင် အရှေ့ဘက်အရပ်တွင်နေထိုင်သော ကယားလူမျိုးကို မိထေဟုခေါ်ဆိုကြသည်။ မိထေဆိုသည်မှာ နေထွက်ရာအရပ်ဟု အဓိပ္ပာယ်ရသည်။ အနောက်ဘက်တွင်နေထိုင်သူကို မိုနုဟုခေါ်ဆိုကြပြီး မိုနုဆိုသည်မှာ နေဝင်ရာအရပ်ဟု အဓိပ္ပာယ်ရသည်။ တောင်ဘက်တွင် နေထိုင်သူကို လော်ကျဟုခေါ်ဆိုကြပြီး လော်ကျမှာ မြစ်ခြေအရပ်ဟု အဓိပ္ပာယ်ရသည်။ မြောက်ဘက်တွင် နေထိုင်သူများကို လော်ခီးဟုခေါ်ဆိုကြပြီး အဓိပ္ပာယ်မှာ မြစ်ညာအရပ်ဖြစ်သည်ဟု ဆိုသည်။

## ကယားလူမျိုးများစိတ်ဖြာလာခြင်း

တိုင်းရင်းသားကယားလူမျိုးများသည် ကနဦးမူလက လူမျိုးစုတစ်စုတည်းသားဖြစ်ကြပြီး အချင်းချင်းထိတွေ့မှု၊ ပေါင်းသင်းဆက်ဆံမှုနည်းပါးလာသည့်နောက် နှစ်ပေါင်းကြာလာသောအခါ ပြောဆိုသည့်ဘာသာစကား၊ လေယူလေသိမ်း၊ အသံအနိမ့်အမြင့်နှင့် ဝတ်စားဆင်ယင်မှုတို့တွင် အနည်းငယ်ကွဲပြားမှုများရှိလာခဲ့သည်။ သို့သော် လိုက်နာကျင့်သုံးကြသည့် ဓလေ့ထုံးစံများမှာမူ ကွဲပြားခြားနားမှုသိပ်မရှိပေ။

ကယား(ကရင်နီ)တို့တွင် လူမျိုးစုငယ်များခွဲခြားခဲ့ခြင်းမရှိပေ။ နေထိုင်ရာအရပ်ဒေသကိုသာ အစွဲပြု၍ လူမျိုးအမည်ကို ခေါ်ဆိုလေ့ရှိကြသည်။ သို့သော် ကယန်းလူမျိုးစုမှာမူ ၎င်းတို့၏လူမျိုးစုကို အစုငယ်များအဖြစ် ခွဲခြားသတ်မှတ်ခဲ့ကြကြောင်း သိရသည်။

***ဆက်လက်ဖော်ပြပါမည်။***



ကချင်ပြည်နယ်မြောက်ဖျားပိုင်းက ဖီမောဘွမ်အနောက်ဘက်တောင်တန်းနှင့် တိုင်းရင်းသားရွာလေးသို့သွားသည့် တောင်ပေါ်လမ်း။ ဓာတ်ပုံ - အင်တာနက်

အထူးကဏ္ဍ [ဃ] မှ »»

ခုနစ်မိုင်ခန့်အကွာရှိ တဆာကူးတွင် နားရသည်။ ထို့နောက် တောင်တက်ခရီးဆက်ပြန်ရာ အမြင့်ပေ ၆၀၀၀ ရှိ တောင်တန်းကို လေးမိုင်ခရီးဆက်ပြီးနောက် အဆင်း ငါးမိုင်ဆင်းသော် တောင်ခြေတွင် ရပ်နံ့တီ၊ ရှင်ရှန်တီနှင့် ဝမ့်ဂူတီဟုခေါ်သည့် ချောင်းသုံးချောင်း ပေါင်းဆုံရာအရပ်မှ ဂေါက်လက်ထူး တောစခန်းသို့ ရောက်သည်။ ယင်းနေရာသည် ချောင်းဆုံဖြစ်သဖြင့် ငါးပေါများသည်။ သွေးစုပ်မျော့နှင့် ကျွတ်ပေါသည်။ လူနေရွာမရှိသည့် ထိုနေရာတွင် တစ်ထောက်နားရသည်။ ထို့နောက် ချောင်းဆုံပေါ်ရှိ ကြိမ်ပုခက်လွှဲကြိုးတံတားပေါ်မှ ကျော်ဖြတ်ပြီးနောက် နောက်တစ်တောင်တက်ရပြန်သည်။ အမြင့်ပေ ၄၀၀၀ ရှိ တောင်တန်းပေါ်တွင် ရှစ်မိုင်ခရီးသွားရသည်။ လမ်းခရီးရှိ ရှင်ရှန်းခူး တောစခန်းတွင် ညအိပ်နားရသည်။ ညလေမှာ အလွန်ပြင်းထန်ပြီး ရာသီဥတုအေးလွန်းသောကြောင့် မီးဖိုပြီး စောင်ခြုံအိပ်ရသည်။ ထို့နောက် အမြင့်ပေ ၆၇၀၀ ရှိသော ပိုက်ပြည့်ရာဇီတောင်ကြီးကို ဖြတ်ကျော်ပြီးနောက် ဧရာဝတီမြစ်အဖျားပိုင်း နမ့်တမိုင်မြစ်ဝှမ်းသို့ဆင်းရသည်။ နမ့်တမိုင်မြစ်ကို ကြိုးတံတားဖြင့် ကျော်ဖြတ်ပြီးနောက် ပန်နန်းဒင်ခေါ် ရဝမ်တို့အရပ်သို့ ရောက်သည်။ ယခု ပန်နန်းဒင်မြို့ဖြစ်သည်။ ခရီးပန်းလွန်းသောကြောင့် ပန်နန်းဒင်တွင် ရပ်နားစားသောက်၊ ရိက္ခာပြန်လည်စုဆောင်းကြရသည်။

ပန်နန်းဒင်မှ ရှေ့ခရီးမှာ နမ့်တမိုင်မြစ်ကမ်းဘေး တစ်လျှောက်ဖြစ်၍ တောင်တက်၊ တောင်ဆင်း မရှိတော့ချေ။ ဂဝိုင်ရွာအထိ ခြောက်ပေကျယ်လမ်း မိုင် ၃၀ ခရီးဆိုသော်လည်း လမ်းကြမ်းသည်။ တောင်ပြို၊ လမ်းပျက်၊ မြစ်လမ်းကြောင်းပြောင်းသဖြင့် လမ်းခရီးတွင် သုံးဘူတာအိပ်ရသည်။ ဂဝိုင်ရွာမှ ထွက်သောအခါ မြစ်၏လက်ယာဘက်ကမ်း တောင်ကမ်းပါးမှာ မတ်စောက်သဖြင့် သွားလာရန်မဖြစ်နိုင်သောကြောင့် နမ့်တမိုင်မြစ်တစ်ဖက်ကမ်းသို့ကူး၍ ခရီးဆက်ရသည်။ မြစ်ကမ်းဘေးသောင်ပြင်ပေါ်တွင် ဆောက်ထားသော ခဲလာဝမ်ဒမ်းတောစခန်း၌ တစ်ထောက်နားရသည်။ နောက်တစ်နေ့ ခရီးဆက်သောအခါ ဧရာဝတီမြစ်ဖျားပိုင်းမှ ခက်မအသွယ်သွယ်ဖြာထွက်ပေါင်းဆုံနေရာ တဇွန်ဒမ်သို့ရောက်သည်။ ထိုရွာမှ နှစ်ရက်၊ သုံးရက်ကြာ တောလမ်းခရီးဆက်သွားလျှင် ထရုံလူမျိုးများနေထိုင်ခဲ့ရာအရပ်သို့ ရောက်သည်။ ယင်းသည် အတိတ်အချိန်ကဖြစ်သည်။ ယနေ့အခါတွင် ထိုအရပ်ထိုဒေသတွင် ထရုံလူမျိုးများ မရှိကြတော့ချေ။

## ထရုံလူမျိုးသမိုင်းကြောင်း

ထိုလူပုလေးများ၏ မူလပေါက်ဖွားရာ ထရုံမြစ်ဝှမ်းကိုအစွဲပြု၍ ထရုံလူမျိုးဟု ခေါ်တွင်ခြင်းဖြစ်သည်။ ၎င်းလူမျိုးအများစုမှာ တရုတ်ပြည်နယ်နိမိတ်အတွင်းရှိ ထရုံမြစ်ဝှမ်းအထက်ပိုင်းတွင် နေထိုင်ကြပြီးနောက် အချို့မြန်မာပြည်နယ်နိမိတ်အတွင်း ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ မြန်မာပြည်မြောက်ဖျားရှိ မေခမြစ်ဖျားဖြစ်သော အဒွန်းဝမ်မြစ်ဝှမ်းဒေသ ထရုံကရောင်၊ ဘဇေဒမ်းနှင့် သာလာထူးရွာသုံးရွာတွင် လွတ်လပ်ရေးရပြီး ၁၉၅၅-၅၆ ခုနှစ်အတွင်း ယိမ်းနွဲ့ပါးအဖွဲ့၏ ကွင်းဆင်းတွေ့ရှိမှုအရ ထရုံလူမျိုး အမျိုးသမီး ၃၂ ဦးနှင့် အမျိုးသား ၂၆ ဦး စုစုပေါင်း ၅၈ ဦးရှိခဲ့သည်။ ထို့နောက် လူဦးရေ တစ်စတစ်စလျော့နည်းလာပြီး ၁၉၉၇ ခုနှစ်တွင် လူဦးရေ ရှစ်ယောက်သာရှိတော့သည်။ မကြာသေးမီနှစ်အနည်းငယ်က ထရုံလူမျိုး နှစ်ဦးသာကျန်တော့သည်ဟု ဆိုကြသည်။ ထိုစဉ်က အသက် ၄၃ နှစ်အရွယ်ရှိသည့် ထရုံလူမျိုး ကိုဒေါဝိနှင့် မောင်နှမ ရှစ်ယောက်ကို တွေ့ခဲ့သည်ဟု မျက်မြင်ကိုယ်တွေ့ကြုံခဲ့သူတို့က ပြောသည်။ ၂၀၁၃ ခုနှစ်က ပူတာအိုခရိုင်အတွင်း တောင်တက်ခရီးစဉ်အတွက် လိုက်ပါကူညီဆောင်ရွက်ပေးသော ကိုဒေါဝိကို ထူးဖောင်ဒေးရှင်းက ရန်ကုန်မြို့သို့ခေါ်ယူ၍ အပန်းဖြေအနားယူစေပြီး ၎င်းဒေသတွင် လိုအပ်သည်တို့ကို စီစဉ်ပေးခဲ့သည်။ ကိုဒေါဝိ၏ညီမမှာ မြို့ကြီးသို့မလိုက်လိုသဖြင့် ပူတာအိုတွင် ကျန်ခဲ့သည်။ ကိုဒေါဝိမှာ ထရုံလူမျိုးစစ်စစ် လူပျိုကြီးဖြစ်ပြီး ထိုစဉ်က အသက် (၆၀) ရှိသည်။ အသက် (၆၄) နှစ်ရှိ အစ်မတစ်ဦးနှင့် အသက် (၅၈) နှစ်ရှိ ညီမတစ်ဦးလည်းရှိသေးသည်။ ယနေ့ကာလတွင် ကိုဒေါဝိတို့မောင်နှမ အသက်ရှည်ကျန်းမာပါစေဟု ဆုတောင်းရမည်ဖြစ်သည်။

သို့သော် ထရုံလူမျိုးတို့ နေထိုင်ခဲ့သော မြန်မာပြည်မြောက်ဖျားမှ တောင်ပေါ်ဒေသနှင့် မြန်မာပြည်ထဲမှ ထရုံလူမျိုးများမှာ ကွယ်ပျောက်သွားပြီဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံရှိ လူမျိုးတစ်မျိုးဖြစ်သော တစ်မူထူးခြားပြီး တိမ်မြုပ်ကွယ်ပျောက်လုဖြစ်နေသည့် ထရုံလူမျိုးတို့၏အကြောင်းနှင့် တိမ်မြုပ်ကွယ်ပျောက်ရခြင်းအကြောင်းတို့ကို လူမျိုးတစ်ခု၏ သမိုင်းအနေဖြင့် မှတ်တမ်းတင်ထားသင့်ပေသည်။ ***ဆက်လက်ဖော်ပြပါမည်။***



ယခုအခါ သုံးဦးသာကျန်တော့သော ထရုံမျိုးနွယ်မောင်နှမများကို ၂၀၁၃ ခုနှစ်က တွေ့ရစဉ်။ အသက် (၆၄) နှစ်ရှိ အစ်မအကြီးဆုံး(ဘယ်အစွန်)၊ အသက်(၅၈)နှစ်ရှိ ညီမအငယ်ဆုံး (အလယ်)၊ အသက် (၆၀) နှစ်ရှိပြီဖြစ်သည့် ထရုံအမျိုးသား(ယာအစွန်)။
ဓာတ်ပုံ - ထူးဖောင်ဒေးရှင်း

# မြန်မာပြည်မြောက်ဖျားမှ ထရုံလူမျိုး

■ မောင်မောင်ကျော်

မြန်မာနိုင်ငံအတွင်းရှိသည့် တိုင်းရင်းသားများနှင့်ပတ်သက်၍ ထူးထူးခြားခြား ပြောဆိုလေ့ရှိသည်မှာ အထက်မှာ ထရုံ၊ အောက်မှာ ဆလုံဟု ပြောလေ့ရှိပါသည်။ ထိုလူမျိုးစု နှစ်မျိုးအနက် ရေပြင်တွင်ကျင်လည်ကြသည့် ဆလုံတို့၏ဘဝမှာ အထူးအဆန်းဖြစ်သလို တောင်ထိပ်တွင် ကျင်လည်ကြသည့် ထရုံတို့၏ဘဝမှာလည်း အံ့သြဖွယ်ဖြစ်သည်။ မြန်မာပြည်ရှိ တိုင်းရင်းသားများအကြောင်းကိုလေ့လာပြီး ၎င်းတို့၏ဘဝအကြောင်းကို ဗဟုသုတအဖြစ် သိရှိထားသင့်ပါသည်။

မြန်မာပြည်မြောက်ဘက်အစွန်း ခါကာဘိုရာဇီတောင်ကြော၏ မြောက်ဘက်အနည်းငယ်မျှဝေးသောနေရာတွင် လူနေအိမ်အချို့ရှိသည်။ နမ့်တမိုင်ချောင်းရိုးတစ်လျှောက် ပန်နန်းဒင်၊ ငဝါ၊ ဂဝိုင်း၊ တဇွန်ဒမ်း၊ တဟွန်ဒမ်း၊ ဂူဘား၊ မဒိန်း၊ မန်ဒုံ၊ အလီအောင်၊ ဂူရှင်နှင့် မခုန်ကန်ကျေးရွာတို့ရှိသည်။

ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်၏ တောင်ဘက် နယ်နိမိတ်ပေါ်ရှိ တဇွန်ဒမ်းရွာမှ အရှေ့အရပ် အဒွန်လောင်ချောင်းအတိုင်း ဥယျာဉ်နယ်နိမိတ်အတွင်းပိုင်းသို့ ဝင်ရောက်သွားလျှင် တဆူထု၊ ခရောင်းနှင့် တဟွန်ဒမ်းရွာတို့သို့ ရောက်သည်။ ထိုအရပ် အဒွန်လောင်ချောင်း၏ အရှေ့ဘက်ကမ်းတွင် ရဝမ်လူမျိုးအများစုနှင့် (ယခင်ကာလ) ထရုံတိုင်းရင်းသားအနည်းငယ်နေထိုင်ကြသည်။ ထိုကျေးရွာလေးများသည် နှင်းဖုံးသည့်ကျေးရွာလေးများဖြစ်သည်။ တဟွန်ဒမ်းရွာသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၆၃၀၀ တွင်ရှိပြီး မြန်မာပြည်၏ မြောက်ဘက်အစွန်ဆုံး (ယခင်ကာလ)အိမ်ခြေအနည်းဆုံးရှိသော တိဘက်-မြန်မာလူမျိုးများ နေထိုင်သော ကျေးရွာလေးဖြစ်သည်။ ထိုရွာလေးတွင်မြန်မာပြည်မှ ဂျစ်ပစီလူပုလေးများဟုခေါ်တွင်သော ထရုံတိုင်းရင်းသားများ နေထိုင်ခဲ့ကြသည်။

**ထရုံဒေသတောင်ပေါ်ခရီး**

ဤခရီးကို ၁၉၅၆ ခုနှစ်ကာလက နိုင်ငံတော်က တာဝန်ပေးစေလွှတ်ခဲ့သည့် ယိမ်းနွဲ့ပါးအဖွဲ့ ရောက်ခဲ့သေးသည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဝေလံခေါင်သီလှသောကြောင့် ယနေ့ကာလတွင်လည်း ဤခရီးနှင်နှင်ပင်။ မြန်မာနိုင်ငံမြောက်ဖျားစွန်းဒေသ၊ ဧရာဝတီမြစ်၏မြစ်ဖျားခံရာ အလွန်ဝေးလံပြီး ချောင်ကျလှသော ထိုနေရာတွင် တစ်ချိန်က ထရုံလူမျိုးများနေထိုင်ခဲ့သည်။ ထိုဒေသသို့ သွားရန်အတွက် ကုန်းလမ်းခရီးဖြင့် မြစ်ကြီးနားသို့ ဦးစွာသွားရသည်။ လေကြောင်းခရီးဖြင့်သွားမည်ဆိုလျှင် ပူတာအိုသို့ တိုက်ရိုက်သွားနိုင်သော်လည်း လေယာဉ်စရိတ်မှာ ကျပ်တစ်သိန်းကျော်ကျသည်။ မြစ်ကြီးနား-ပူတာအိုလမ်းရှိသော်လည်း မိုးရာသီတွင် သွားလာ၍မလွယ်ကူချေ။ မြစ်ကြီးနားမှ ဆွမ်ပရာဘွမ်ကိုဖြတ်၍ ပူတာအိုသို့ နွေရာသီကာလသာ သွားရောက်နိုင်သော ၂၁၈ မိုင်ရှည်လျားသည့် လမ်းဟောင်းရှိသည်။

ပူတာအိုမှ ရှေ့ခရီးကား ခြေကျင်၊ မြင်း၊ လားတို့ဖြင့်သာသွားနိုင်ပြီး အချို့နေရာတွင် ဆိုင်ကယ်ဖြင့်လည်း သွားနိုင်သည်။ တောင်ပေါ်ခရီးလမ်းကိုသွားရာတွင် အချို့ ခြောက်ပေအကျယ် လားလမ်းမှာ အကောင်းဆုံးဖြစ်ပြီး လူတစ်ကိုယ်စာ ခြေကျင်ခရီးသာများသည်။ တောင်ပေါ်ခရီးတွင် တောင်တက်၊ တောင်ဆင်းများ မများ၊ တောင်မတ်စောက်ခြင်း ရှိ မရှိ၊ အကွေ့အကောက် များ မများကြည့်၍ တောင်ပေါ်လမ်း ၁၀ မိုင်၊ ၁၅ မိုင် ခရီးပေါက်လျှင် တစ်ထောက်နားရသည်။ တည်းခိုရန် တောစခန်းများရှိသည်။ ယင်းခရီးတစ်ထောက်၊ တစ်ညနားခရီးကို တစ်ဘူတာဟု ဒေသခံများက ပြောလေ့ရှိသည်။ ဥပမာအားဖြင့် ပူတာအိုမှ နောင်မွန်သို့ရောက်ရန် သုံးဘူတာ ညအိပ်နားရသည်။ ပူတာအိုမှ ခန္တီးလောင်လွင်ပြင်ကြီးကိုဖြတ်ကျော်၍ မလိခမြစ်ကမ်းခြေရှိ နမ့်ခန်းရွာသို့ တစ်ဘူတာ၊ ၎င်းမှ အရှေ့တောင်တက်လမ်းအစ အမြင့်ပေ ၂၅၀၀ ရှိ နမ့်တီးလီဆူးရွာ၊ ၎င်းမှ မလိခမြစ်နှင့် နမ့်တီဆံမြစ်၏ ရေဝေတောင်တန်းကို အမြင့် ၆၇၁၆ ပေ ကျော်ဖြတ်ကာ မဆာဘူးတောစခန်း၊ ၎င်းမှ နမ့်ကလင်ချောင်းအတိုင်း တောနက်အတွင်းသို့တိုးဝင်ရပြီး မြေပြန့်ရောက်သောအခါ နမ့်တီဆံခေါ် ရှမ်းကချောင်း၊ ထိုချောင်းကို ဝါးဖောင်တံတားဖြင့် ဖြတ်ကျော်သောအခါ နောင်မွန်ကြီးသို့ ရောက်လေသည်။ ယခု နောင်မွန်မြို့နယ်ဖြစ်သည်။

နောင်မွန်မြေပြန့်မှ ရှေ့ဆက်သောအခါ တောင်တက်ရပြန်သည်။ ထိုနေ့ည နောင်မွန်မှ



ပူတာအိုမြို့ရှိ လမ်းညွှန်ဆိုင်းဘုတ်ကို တွေ့ရစဉ်။ ဓာတ်ပုံ - MOE MIN THEIN(PUTAO)



ကိုဒေါဝိကို ရန်ကုန်မြို့တွင် အပန်းဖြေအနားယူစေပြီး လိုအပ်သည်တို့ကို စီစဉ်ပေးခဲ့သည်။
ဓာတ်ပုံ - ထူးဖောင်ဒေးရှင်း

အထူးကဏ္ဍ [၇] သို့ »»

